မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၈)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် စာသင်တိုက်ပင်မကျောင်းဆောင်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် နဖူးစီးစာတန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် တက္ကသိုလ်စာသင်တိုက် ပင်မကျောင်းဆောင်ကြီးဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီးရှိ ဓမ္မဒူတဆေကိန္ဒဗုဒ္ဓတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် တက္ကသိုလ်စာသင်တိုက် ပင်မကျောင်းဆောင်ကြီးဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဓမ္မဒူတဒေါက်တာ အရှင်ဆေကိန္ဒ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်မြင့်တို့က ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် အဓိပတိလမ်းမကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် စာသင်တိုက်ပင်မကျောင်းဆောင်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် နဖူးစီးစာတန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

မန္တလေးကုန်စည်ဒိုင်၌ ပဲဝယ်ယူရန် ကြည့်ရှုနေသည့် ကုန်သည်များကို တွေ့ရစဉ်။

မြန်မာ့ထွက်ကုန်သီးနှံ ပဲကြီးနှင့် ပဲယင်းများ တရုတ်ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် ရုတ်တရက် ဈေးမြင့်တက်

မန္တလေး ဖေဖော်ဝါရီ ၂၄

မြန်မာ့ထွက်ကုန်သီးနှံ ပဲကြီးနှင့် ပဲယင်းများမှာ တရုတ်နိုင်ငံ၏ ဝယ်လိုအားအပြင် ပြည်တွင်းလှောင်သမားများမှ အပြိုင်ဝယ်ယူမှုများကြောင့် မန္တလေးဈေးကွက်တွင် ရုတ်တရက်ဈေးမြင့်တက်လာကြောင်း မန္တလေးပဲမျိုးစုံဈေးကွက်မှ သိရသည်။

အဆိုပါပဲများအနက် ပဲကြီးမှာ ပေါ်ဦးပေါ်ဖျားကာလ ဖေဖော်ဝါရီ ပထမပတ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းရှိခဲ့ရာမှ ယခုလှိုင်လှိုင်ပေါ်ချိန် ဖေဖော်ဝါရီ ၂၄ ရက်တွင် ငွေကျပ် ၉၃၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲယင်းမှာ ငွေကျပ် ၆၂၀၀၀ နှုန်းရှိခဲ့ရာမှ ငွေကျပ် ၇၅၀၀၀ အထိ လည်းကောင်း မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ပဲကြီးက ပြည်တွင်းမှာ အဓိကစားသုံးကြတဲ့ သီးနှံဖြစ်တဲ့အပြင် ပြည်ပကိုလည်း တင်ပို့နေရတယ်။ ပဲယင်းကိုတော့ ပြည်တွင်းမှာ စားသုံးမှုနည်းပြီး ပြည်ပမှာတော့ မုန့်လုပ်ငန်းတွေမှာ အသုံးပြုတယ်။ တရုတ်နိုင်ငံက ပဲကြီးကို ဟိုးအရင်နှစ်တွေက ဝယ်ယူလေ့မရှိပေမယ့် နောက်ပိုင်းအကြိုက်တွေ့လာပြီး ၂၀၁၃ ခုနှစ်ကတည်းက ဝယ်ယူလာတယ်။ *စာမျက်နှာ ၃ ကော်လံ ၄* ✻

ပြည်သူ့အတွက် ပြည်သူ့သူရဲကောင်းများ . . .

နိုင်ငံအကျိုးရှိရေးအလို့ငှာ၊ နိုင်ငံသူနိုင်ငံသားများ၏အကျိုးငှာ ဝေဖန်ထောက်ပြ နေရာဌာနအသီးသီးက ပြောဆိုနေကြသူများနှင့် နည်းလမ်းမျိုးစုံသုံးကာ အကြံဉာဏ်မျိုးစုံ ရေးသားဝေငှနေကြသူများစွာကို တွေ့ရှိနေရသည်မှာ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် တစ်စုံတစ်ရာ အကျိုးဖြစ်မည်ဟု မျှော်လင့်စရာဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွင် အများအပြားတွေ့မြင်ရပါသည်။ အခြားသော ကျန်းမာရေး၊ ပညာရေး၊ တိုင်းရင်းသားရေးရာ၊ စာပေနှင့် အနုပညာ အစရှိသည့် ကဏ္ဍအသီးသီးတို့တွင်လည်း မနည်းပါးလှသော အကြံဉာဏ်ပေးနေကြသည်ကို တွေ့ရှိရ၊ ဖတ်ရှုရ၊ ကြားနာရပါသည်။

နိုင်ငံ့အရေးအတွက် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလနိုင်ငံရေးသမားများသာမက၊ နိုင်ငံသူ နိုင်ငံသားများထဲကလည်း စိတ်ပါဝင်စားကြ၊ နည်းလမ်းများ ရှာဖွေအကြံဉာဏ်ပေးကြဆိုသည်မှာ အပေါင်းလက္ခဏာဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံသားများ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားကြသည့်သဘောဟု မြင်ပါသည်။ ယနေ့မြန်မာနိုင်ငံသည် နိုင်ငံတိုးတက်ရေးအတွက် ကုန်းရုန်းလုပ်ကိုင်နိုင်ကြရချိန် ဖြစ်သည့်အတွက် တာဝန်သိသိ တာဝန်ရှိရှိဖြင့် ဝေဖန်ကြ၊ အကြံပေးကြသူများ၊ နိုင်ငံနှင့်ပြည်သူအပေါ် စေတနာအစစ်အမှန်ထားသူများ လိုအပ်နေသည့်အချိန်ဟုလည်း မြင်ပါသည်။

နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ ပြောနိုင်စွမ်းရှိသူများ၊ အမှန်တကယ် သိရှိနားလည်သူများမှာ ပြောခွင့်မရခဲ့ကြ၊ ပိတ်ပင်ခြင်းခံခဲ့ကြရ၊ ဖိနှိပ်ချိုးနှိမ်ခဲ့ကြရသည့် အားလျော်စွာ နိုင်ငံအတွက် အကျိုးရှိမယ့် ဝေဖန်အကြံပြုချက်များ မရခဲ့ပါ။ ယနေ့ကာလတွင် ဝန်ကြီးချုပ်တစ်ဦးကိုဖြစ်စေ၊ နိုင်ငံတော် စီမံကိန်းကြီးတစ်ခုကိုဖြစ်စေ ပွင့်ပွင့်လင်းလင်း ပြောဆိုဝေဖန် အကြံပြုနိုင်သည့် ပြည်သူ့အသံကို လွှင့်ထုတ်နိုင်သည့် အနေအထားသို့ စတင်ရောက်ရှိနေပြီဟု မြင်ပါသည်။

သည်လိုအခွင့်အလမ်းများ ပေါ်ထွက်လာချိန်တွင် ပြည်သူလူထုအစိတ်အပိုင်းများအတွင်းမှ နိုင်ငံ့အရေးအတွက် ပြောဆိုနိုင်စွမ်းရှိသူများ၊ စေတနာမှန်ထားသူများကို လိုအပ်လျက်ရှိနေပါပြီ။

နိုင်ငံ့အရေး စိတ်ဝင်စားသည်ဆိုခြင်းမှာ အများပြည်သူအရေးကို စိတ်ဝင်စားခြင်း ဖြစ်ပါသည်။ အများပြည်သူအရေးကို စိတ်ဝင်စားခြင်းတွင် မိမိ၏ ကိုယ်ကျိုးစီးပွားထက် အများအကျိုးကို ပိုမိုစိတ်ဝင်စားခြင်းဟူသည် သူတော်ကောင်းစိတ်နှင့် စေတနာရှိခြင်းဟု ဆိုချင်ပါသည်။ ကိုယ်ကျိုးမပါသော အများအကျိုးကို ဦးစားပေးသော စိတ်စေတနာမှန်သည် အကောင်းစိတ်ကို ဦးတည်ရပါသည်။ မိမိ၏ တစ်ကိုယ်ကောင်းအကျိုးပေါ်တည်မှီသည့် လောဘ၊ ဒေါသ၊ မောဟ တို့ကလည်းကောင်း၊ ဣဿာ၊ မစ္ဆရိယ အစရှိသော စိတ်၏ အညစ်အကြေး တို့ကလည်းကောင်း ကင်းလွတ်နေခြင်းဖြင့် သူတော်ကောင်းစိတ်ဖြစ်သည်ဟု ဆိုလိုခြင်းပါ။

သူတော်ကောင်းတို့၏ စိတ်ဟုဆိုသည်မှာ မှန်ကန်မြင့်မြတ်သော စိတ်နေစိတ်ထားသာမက ဖြူစင်သည့် ကိုယ်ကျင့်တရားကို စောင့်ထိန်းမွေးမြူရင်း နိုင်ငံ့အကျိုး၊ ပြည်သူတို့၏အကျိုးကို မျှော်ရည်ကာ ဝေဖန်ပြောဆို အကြံဉာဏ်များပေးခြင်းတည်းဟူသော စိတ်ဓာတ်ကို ဆိုလိုပါသည်။

တစ်နည်းဆိုရသော် မိမိ၏ အခွင့်အရေးကို မျှော်လင့်ချက်မထားဘဲ အများအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပရဟိတစိတ်စေတနာ စစ်စစ်မှန်မှန်ဖြင့် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်ပါသည်။ သည်လို စိတ်ထားမှန်သူများသည် ပြဿနာများကို တည်ငြိမ်အေးဆေးစွာ ရှုမြင်ပြီး မေတ္တာလွှမ်းခြုံသည့်စိတ်၊ နာကျင်ထိခိုက်ခံစားနေရရှာသည့် ပြည်သူတို့အပေါ် လွှမ်းခြုံသည့် ကရုဏာစိတ်၊ အောင်မြင်အောင် စွမ်းဆောင်နိုင်မှုများ၊ စွမ်းဆောင်နေသူများအပေါ် လွှမ်းခြုံသည့် မုဒိတာစိတ်၊ သင့်တင့်လျောက်ပတ် နှလုံးသွင်းနိုင်သည့် မှန်ကန်စွာ သဘောထားနိုင်သည့် ဥပေက္ခာစိတ် စသည့် ဗြဟ္မစိုရ်တရား လွှမ်းမိုးနေသော နှလုံးသားရှိနေရပါသည်။

ထိုသို့သော ပကတိဖြူစင်စိတ်ဖြင့် မိမိ၏နိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးကို မျှော်မှန်းသူများ၊ အများပြည်သူတို့၏ အကျိုးကို ကူညီဆောင်ရွက်လိုသူများ၊ အများထံက မိမိအတွက် တစ်စုံတစ်ရာ ရယူလိုခြင်းမရှိသူများဖြစ်သည့်အတွက် ထိုသူများသည်သာ ပြည်သူလူထုက အားကိုးအားထားပြုရသည့် သူတော်ကောင်းများ တစ်နည်းဆိုရသော် ပြည်သူ့သူရဲကောင်းများဖြစ်ကြသည် မဟုတ်ပါလော။

ဤသို့သော နိုင်ငံနှင့် ပြည်သူ့အကျိုးကို လိုလားသည့် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေး စိတ်ဝင်စားသူများ စသည့်ပြည်သူလူထုကြားက ပြည်သူ့သူရဲကောင်းစစ်စစ်များ၏ အင်အားကို ပြည်သူလူထုက အစဉ်အမြဲ ကြိုဆိုမျှော်လင့်နေကြပါကြောင်း။ ။

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

သောက်သုံးရေ ရှားပါးပြတ်လပ်ပါက တင်ပြတောင်းခံနိုင်

စလင်း ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင် တည်ရှိသော မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာများ လာမည့်နွေရာသီကာလတွင် သောက်သုံးရေများ ရှားပါးပြတ်လပ်ပါက ကျေးလက်ဦးစီးဌာနတွင် တင်ပြတောင်းခံနိုင်ကြောင်း သိရသည်။

စလင်းမြို့နယ်တွင် ကျေးရွာပေါင်း ၄၁၇ ရွာ၊ အိမ်ခြေ ၅၁၂၈၆ အိမ်၊ လူဦးရေ ၂၃၄၁၄၅ ဦးနေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်းရှိ ကျေးရွာများ နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုပေါ်ပေါက်လာပါက အမြန်ရေပေးဝေနိုင်ရေးအတွက် ရေ ငါးဂါလန်ဆံ့ ရေဘူး ၁၀၀ ခန့် ဝယ်ယူထားရှိပြီး မလုံလောက်ပါက ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် ပေးဝေသွားမည်ဟု စလင်းမြို့နယ် ကျေးလက်ဦးစီးဌာန မှ သိရသည်။ **ငြိမ်းသူ(စလင်း)**

ဒုတိယဝန်ကြီး ဦးစိုးအောင်အား ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အီးယူသံအမတ်ကြီးတို့အဖွဲ့က လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်အား ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig၊ ပြည်ပဆက်ဆံရေးဆိုင်ရာ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mrs. Paola Pampaloni နှင့် မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး Mr. Kristian Schmid ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဥရောပကော်မရှင် ကုန်သွယ်ရေးဆိုင်ရာ ဒုညွှန်ချုပ်နှင့်အီးယူသံအမတ်ကြီးတို့ တွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ထိုင်းနိုင်ငံဒုက္ခသည် စခန်းများမှ မိမိဆန္ဒအလျောက်နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ တစ်နိုင်ငံလုံးရှိ IDP စခန်းများအား စနစ်တကျ ပိတ်သိမ်းနိုင်ရေး အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၉) စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၉) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

သာသနာရေးဆိုင်ရာများ လျှောက်ထား

အစည်းအဝေးတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပညာနန္ဒက အဖွင့်သမ္ဘောဒနီယ ဩဝါဒကထာ မြွက်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အစည်းအဝေးဆုံးဖြတ်ချက်များ တင်ပြ

ထို့နောက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သော တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၈) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက တင်ပြသည်။

အထွေထွေကိစ္စရပ်များ ဆွေးနွေး

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၉)အစည်းအဝေးမှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/ မန္တလေး) တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ သာသနာ့တက္ကသိုလ်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ပြင်ဆင်ဖြည့်စွက်ချက်) ကို အတည်ပြုခြင်း အထွေထွေကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

အစည်းအဝေးသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/ မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် - မန္တလေး အမြန်လမ်း (ရန်ကုန် - နေပြည်တော်အပိုင်း) ကတ္တရာကွန်ကရစ်ခင်းနေမှုနှင့် ဆွာချောင်းတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့နံနက်ပိုင်းတွင်ရန်ကုန် - မန္တလေး အမြန်လမ်း(ရန်ကုန် - နေပြည်တော် အပိုင်း)ပြုပြင်ထိန်းသိမ်းထားရှိမှု၊ မိုင်တိုင် အမှတ်(၁၈၀/၀)နှင့်(၁၈၀/၃)အကြား တွင်စက်ယန္တရားများဖြင့် ကတ္တရာ ကွန် ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အရည်အသွေးထိန်းသိမ်းရေး

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး (မြို့ပြ)က ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် အရည်အသွေးထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားပြီး မိုင်တိုင်အမှတ်(၁၇၆/၅) ရှိ AC Plant မှ ကတ္တရာကွန်ကရစ် ထုတ်လုပ်နေမှုနှင့် လုပ်ငန်းခွင်သို့သယ်ယူပို့ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွာချောင်းတံတား ပြုပြင်တည်ဆောက်

ထို့နောက် မိုင်တိုင်အမှတ် (၁၆၅/၁)နှင့် (၁၆၅/၃)ကြား အရှည်ပေ ၈၁၀ ရှိဆွာချောင်းတံတားလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်ကြားရေးမှူး(မြို့ပြ) က ဆွာချောင်းတံတား ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး တံတားကမ်းကပ်ခုံ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တံတားအောက်ရေတိုက်စား၍ Settlement ဖြစ်သွားသော Pier အမှတ် 5 မှ 6 နှင့် 7 တို့အား Bored Pile တူး၍ အားဖြည့်ခြင်း၊ နိမ့်ဆင်းသွားသော ကြမ်းခင်းနှင့် ရက်မများအား ပြန်လည်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တံတားကြီးများ ရေရှည်တည်တံ့ရေး

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးအား ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှအပိုင်းလိုက် ကတ္တရာကွန်ကရစ်ခင်းခြင်း၊ Guard Rail များ တပ်ဆင်ခြင်း၊ လမ်းလယ်ကျွန်း Raised Median ဖြစ်ပေါ်နေသော နေရာများအား Depressed Median သို့ ပြောင်း၍ ရေမြောင်းတည်ဆောက်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တံတားအထူးအဖွဲ့များက အပိုင်းလိုက်တာဝန်ယူပြီး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ရေတိုက်စားပျက်စီးမှုအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရန်ကုန်မြို့ရှိ ဘဏ်များအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁)၊ ဘဏ်ခွဲ (၂)၊ဘဏ်ခွဲ (၃) တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား သက်ဆိုင်ရာ ဘဏ်များတွင် တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၃ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာများအား ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်၌ တွေ့ဆုံ၍ ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နှစ်အဆက်ဆက် ကျန်ရှိသော ကြွေးကျန်များကို စီမံချက်ဖြင့် ကောက်ခံရေးကိစ္စ၊ ဂျပန်နှစ်ဆင့်ချေးငွေနှင့် ပြည်တွင်းမြန်မာ့စီးပွားရေးဘဏ်နှစ်ဆင့် ချေးငွေထုတ်ချေးလျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❋ ရှေ့ဖုံးမှ

လက်ရှိပဲဈေးကွက်မှာတော့ တရုတ်နိုင်ငံဝယ်လိုအားကြောင့် ဈေးက တစ်သောင်းကျော်လောက်အထိ မြင့်တက်နေတယ်" ဟု ၎င်းက ပြောသည်။ လက်ရှိတွင် မြန်မာ့ထွက်ကုန်ပဲကြီးနှင့် ပဲယင်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေရပြီး အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကာ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မှစ၍ ပဲကြီးကို အသင့်စား ပဲလှော်အဖြစ် ထုတ်လုပ်ပြီး ကုန်ချောအဖြစ် စင်ကာပူသို့ တင်ပို့မှုများရှိကြောင်း သိရသည်။

"လက်ရှိမှာ ပဲကြီးကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအတွက် ပဲကြီး အထူးစံပြစိုက်ကွင်းတွေ လုပ်ပေးနေတယ်လို့ သိရတဲ့အတွက် ဝမ်းသာစရာပါ။ ပဲကြီးရော ပဲယင်းရော နိုင်ငံခြား ဝင်ငွေရှာပေးနေတဲ့ သီးနှံတွေဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ ဒီထက် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးသင့်တယ်" ဟု ၎င်းက ဆက်လက်အကြံပြု ပြောဆိုသည်။ ပဲကြီးနှင့် ပဲယင်းကို ဆောင်းသီးနှံအဖြစ် မန္တလေး၊ စစ်ကိုင်းနှင့် မကွေး တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး နှစ်စဉ်ဇန်နဝါရီလမှ စတင်ထွက်ရှိကြောင်းနှင့် လက်ရှိမန္တလေး ဈေးကွက်တွင် ပြည်ပဝယ်လိုအားအပြင် လှော်သမားတို့၏ ဝယ်ယူသိုလှောင်မှုတို့ကြောင့် အရောင်းအဝယ် သွက်လက်နေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

❒ ရှေ့ဖုံးမှ

ယင်းနောက် ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် တက္ကသိုလ် စာသင်တိုက် ပင်မကျောင်းဆောင်ကြီးဖွင့်ပွဲ အခမ်းအနားအောင်မြင်ခြင်းအထိမ်း အမှတ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၏ ဩဝါဒကထာအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ညောင်သုံးပင်သာမဏေကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇောသာရာဘိဝံသက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ မဟာ နာယက ဓမ္မသေနာပတိ ပန္နရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတဝိဇ္ဇောတာရုံ ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ ဩဝါဒကထာမြွက်ကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် စာသင်တိုက်ပင်မကျောင်းဆောင်သစ်ကြီး လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ပန္နရသမရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇောတာရုံ ဆရာတော်ကြီးထံသို့ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး စည်ပင်တိုးတက်ပြန့်ပွားစေရန်အတွက် ဓမ္မဒူတ ဆေကိန္ဒတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် စာသင်တိုက်ကြီး၏ လမ်းသစ်ခင်းမှု မှတ်တမ်းများကို သဟတ္ထိကမြောက် ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ဓမ္မဒူတဆေကိန္ဒ တက္ကသိုလ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီး များနှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများသည် ရွှေကျင်နိကာယဥပ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှုခံယူနေသည့် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ကြည့်ရှုအားပေးစကားပြောကြား

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရန်ကုန်မြို့ရှိ တပ်မတော် ဆေးရုံ ခုတင် ၁၀၀၀ တွင် အဆုတ်ရောင်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူလျက်ရှိ သည့် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်း ထီ အားတွေ့ဆုံပြီး ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် တပ်မတော်ဆေးကုသမှုပါရဂူများ၏ ကြပ်မတ် စစ်ဆေးကုသပေးမှုများကြောင့် ဦးအောင်ခမ်းထီ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန် ချက်အရ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နိုင်ငံဖြတ်ကျော်ကားမောင်းပြိုင်ပွဲပြီးဆုံးခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းလျား လိတ်ဟိုတယ်၌ ကျင်းပသည့် အိန္ဒိယနိုင်ငံ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့်မွေးနေ့အထိမ်းအမှတ် နိုင်ငံ ဖြတ်ကျော် ကားမောင်းပြိုင်ပွဲ ပြီးဆုံးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr.Shiri Saurabh Kumar နှင့် တာဝန်ရှိသူ များသည် ညနေ ၅ နာရီခွဲတွင် ဟိုတယ်ဝင်းအတွင်း ဝင်ရောက် လာသည့် ပြိုင်ပွဲဝင်ကားများကို ကြိုဆိုကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြိုင်ပွဲပြီးဆုံးခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ခရီး သွားလုပ်ငန်းတိုးတက်မှုရရှိစေရန်အတွက် နယ်စပ်ဝင်ပေါက် များမှပြည်ပဧည့်သည်များ ဝင်ရောက်နိုင်ရေးဆောင်ရွက်လျက် ရှိရာ တမူး- မိုရေးနှစ်နိုင်ငံဝင်ပေါက်မှ ဝင်ရာက်မည့် အိန္ဒိယ ခရီးသွားဧည့်သည်များအတွက် ဆိုက်ရောက်ဗီဇာကို ခွင့်ပြုပေး ထားပြီးဖြစ်သဖြင့် ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက် လည်ပတ်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံဖြတ် ကျော် ကားမောင်းပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ခရီးသွားလုပ်ငန်း တိုးတက်မှုကို များစွာအထောက်အကူဖြစ်သဖြင့် အနာဂတ်တွင်

ယခုကဲ့သို့ ပြိုင်ပွဲများ၊ အခမ်းအနားများကို ပိုမိုအကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ၏ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖြေဖျော်ကြသည်။

သတင်းစဉ်

ရေအားလျှပ်စစ်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကူမင်းမြို့တွင် ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဒုတိယအကြိမ်မြောက် တရုတ်- မြန်မာ စီးပွားရေးစင်္ကြံဖိုရမ် အစီအစဉ်အရ ရေအားလျှပ်စစ်ထုတ်လုပ်မှု နည်းပညာ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တရုတ် စွမ်းအင်အင်ဂျင်နီယာ အင်စတီကျု (CREEI) က ဖေဖော်ဝါရီ ၂၁ ရက်က တရုတ်နိုင်ငံ ကူမင်းမြို့ Inter Continental Hotel တွင် ကြီးမှူးကျင်းပ သည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် Global Hydropower Development Trends and Deepening China-Myanmar Power Cooperation ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဖိုရမ် အစီအစဉ်အရ ရေအားလျှပ်စစ်ထုတ်လုပ်မှု နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

အဆိုပါအစည်းအဝေးသို့ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်- မြန်မာစီးပွား ရေးစင်္ကြံဖိုရမ် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

ရေလှောင်တမံများ လုံခြုံစွာတည်ဆောက်

ထို့ပြင် ရေအားလျှပ်စစ်နည်းပညာ ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ရေအားလျှပ်စစ် နည်းပညာဖွံ့ဖြိုး တိုးတက်မှုအခြေအနေ၊ ဆည်များ၊ ရေလှောင်တမံများ လုံခြုံစွာတည် ဆောက်ထားရှိမှုအခြေအနေ၊ မြန်မာနိုင်ငံ အတွင်းရှိ ငလျင်ပြတ်ရွေ့ကြောဒေသများ ဆန်းစစ်လေ့လာမှု အခြေအနေနှင့် ရေအားလျှပ်စစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေ အနေများကို ကျွမ်းကျင်ပညာရှင်များက အသီးသီး ဆွေးနွေးခဲ့ကြသည်။

လျှပ်စစ်စွမ်းအားတိုးတက်

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ ၏ စုစုပေါင်းလျှပ်စစ်ထုတ်လုပ်နိုင်မှုသည် ၅၆၄၂ မီဂါဝပ်ရှိပြီး ၅၇ ဒသမ ၇ ရာခိုင်နှုန်း သည် ရေအားလျှပ်စစ်မှ ရရှိသည်။ မကြာ သေးမီနှစ်များအတွင်းမှစပြီး မြန်မာနိုင်ငံ ၏ လျှပ်စစ်စွမ်းအားနှင့် စီးပွားရေးအခြေ အနေသည် တဖြည်းဖြည်းတိုးတက်မှု ရှိလာခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိစေရန်နှင့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး လျှပ်စစ်မီးရရှိရမည်ဆိုသည့် ရည်မှန်း ချက်ကို ပြည့်မီစေရန် လျှပ်စစ်စွမ်းအား ကဏ္ဍသည် မရှိမဖြစ်လိုအပ်သည်။

ရေအားလျှပ်စစ် ၃၂၅၅ မီဂါဝပ်ခန့်ရှိ

မြန်မာနိုင်ငံသည် စွမ်းအင်ထုတ်လုပ် မှုအတွက် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ အထူးသဖြင့် ရေအား လျှပ်စစ်ထုတ်လုပ်မှုအတွက် သယံဇာတ များ ပေါကြွယ်ဝပြီး ကမ္ဘာ့ဘဏ် စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ရေအား လျှပ်စစ်ထုတ်လုပ်နိုင်မှုသည် ၃၂၅၅ မီဂါဝပ်ခန့်ရှိကာ ယင်းပမာဏသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ခုနစ် ရာခိုင်နှုန်းကို အကျိုးပြုလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝမှု ရှိခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်သည် ဟု ကျွမ်းကျင်ပညာရှင်များက ထည့်သွင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ Logistic Division မှ Special Secretary, Shri N. Sivasailam နှင့် အဖွဲ့ကို တွေ့ဆုံပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ကုန်စည်၊ ဝန်ဆောင်မှုနှင့် လူပုဂ္ဂိုလ် ဖြတ်သန်းသွားလာရေးအတွက် အုပ်ချုပ်မှုကိစ္စရပ်များ လျင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။ (ဝဲပုံ)

ထို့ပြင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှဥက္ကဋ္ဌ ဦးထွန်းလွင် တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Ministry of Consumer Affairs, Food and Public Distribution မှ Senior Economic Advisor, Shri Rohit Kumar Parmar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့အပါအဝင် ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ပဲတင်သွင်းမှု မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့ပေးစေလိုသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်း၍ မြန်မာနိုင်ငံမှ ပဲမျိုးစုံတိုးမြှင့်တင်ပို့နိုင်ရေးနှင့် နောင်လာမည့်နှစ်များတွင်လည်း မြန်မာနိုင်ငံမှ ပဲများ အိန္ဒိယနိုင်ငံသို့ ဆက်လက်တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အာဆီယံဌာနခွဲမှ Joint Secretary, Shri Rajneesh နှင့် အဖွဲ့ကို တွေ့ဆုံကာ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဆရာ ဆရာမများ အရည်အသွေးမြင့်မားမှသာလျှင် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦးက မြိတ်တက္ကသိုလ်၏ ဖွဲ့စည်းပုံ၊ သင်ကြားသင်ယူနေမှု အခြေအနေများနှင့် ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းစဉ်များရှင်းလင်းတင်ပြ

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ ပါမောက္ခချုပ်များကော်မတီ အလုပ်အမှုဆောင်အဖွဲ့ဝင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုး တို့က ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ ကမ္ဘာ့တက္ကသိုလ်အဆင့် သတ်မှတ်ချက်များ၊ တက္ကသိုလ်ပဋိညာဉ် ရေးဆွဲဆောင်ရွက်မှုများ၊ အရည်အသွေးအာမခံမှု၊ သုတေသန၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပါမောက္ခချုပ်များကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် ပညာရေးဝန်ကြီး ဦးဟိုပင်က ဆရာနှင့် ကျောင်းသားနွေးထွေးစွာ ပူးပေါင်းလက်တွဲ၍ အရည်အသွေးရှိသော ပညာရေးစနစ်ဖော်ဆောင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက်ဆလုံတိုင်းရင်းသားကျောင်းသားကျောင်းသူများ တက္ကသိုလ်ပညာသင်ယူခွင့်ရရှိနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊

အရည်အသွေးမြင့်မားရေး

အဆင့်မြင့် ပညာကဏ္ဍတွင် တက္ကသိုလ်များ အရည်အသွေးမြင့်မားရေးအတွက် ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားအောင် အမြဲမပြတ်ကြိုးစားဆောင်ရွက်ကြရန် လိုပါကြောင်း၊ မိမိတို့၏ အင်္ဂလိပ်စာ၊ အိုင်စီတီကျွမ်းကျင်မှုနှင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးတို့ကို မြှင့်တင်ဆောင်ရွက်ပြီး ဒေသအတွက် အကျိုးရှိထိရောက်သော အသုံးချသုတေသန လုပ်ငန်းများကို ဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် ဒေသတွင်း လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေး၊ ရေလုပ်ငန်း၊ ခရီးသွား၊ သတ္တုတွင်း၊ ဈေးကွက်စီးပွားရေး၊ ဘဏ္ဍာလုပ်ငန်း၊ ရော်ဘာ၊ အိုင်တီနည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒီရေတော အစရှိသည့် လုပ်ငန်းများအတွက် အကျိုးရှိစေမည့် အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်စေလိုပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားမှသာလျှင် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြိတ်တက္ကသိုလ်အနေဖြင့် ကမ္ဘာ့အဆင့်တက္ကသိုလ်များ သတ်မှတ်ချက်တွင် ယခင်ကထက် ပိုမိုမြင့်မားလာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ မိမိတို့၏ တက္ကသိုလ် အရည်အသွေးပိုမိုမြင့်မားရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဌာနတွင်း စီမံခန့်ခွဲမှုများဖြစ်သည့် အတန်းခွဲဝေမှု၊ သင်ကြားသင်ယူမှု၊ စာမေးပွဲဆိုင်ရာများ၊ ကျမ်းကြီးကြပ်မှုနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်စသည်များတို့ကို ဘက်လိုက်မှုမရှိဘဲနှင့် ဆရာမွေးတပည့်မွေးမလုပ်ဘဲ ကောင်းမွန်သန့်ရှင်းသော စိတ်စေတနာအပြည့်ဖြင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး မြိတ်တက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အပတ်စဉ်တွေ့ဆုံညှိနှိုင်း

မဂ္ဂဇင်းကြေး၊ ပြက္ခဒိန်ကြေး၊ စားသောက်ဆိုင်ခန်းခများ၊ ဘွဲ့နှင်းသဘင်ကြေး၊ ဓာတ်ပုံတင်ဒါကြေး၊ ကျောင်းသုံးရည်ညွှန်း စာအုပ်စာတမ်းကြေးများ၊ လက်တွေ့/နည်းပြစာအုပ်ကြေးစသည့် ငွေကြေးများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ စာရင်းစစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပါမောက္ခ/ဌာနမှူးများက ဌာနရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံ၍ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို ပါမောက္ခချုပ်ထံ တင်ပြပြီး ပါမောက္ခချုပ်က အခက်အခဲရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံညှိနှိုင်းဖြေရှင်းရန်၊ ဆက်လက်ပြီး ပါမောက္ခချုပ်ကလည်း မဖြေရှင်းနိုင်သည့် အခက်အခဲ၊ စိန်ခေါ်မှုများကို ပါမောက္ခချုပ်များ ကော်မတီနှင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန် လိုအပ်ပါကြောင်း။

တီထွင်ဖန်တီးနိုင်စွမ်းရှိရေး

အခက်အခဲ၊ မပြည့်စုံမှု၊ ပြဿနာစသည့် စိန်ခေါ်မှုများသည် လူတိုင်း၊ နေရာတိုင်းတွင်ရှိပြီး ထိုပြဿနာ စိန်ခေါ်မှုများကို အကောင်းဆုံးဖြေရှင်းနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား မတူကွဲပြားမှုများကို အပြန်အလှန် နားလည်ရေး၊ လေးစားတန်ဖိုးထား၍ ကူညီဖြည့်ဆည်းဆောင်ရွက်တတ်ရေး၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရေး၊ စာကြည့်တိုက် အသုံးပြု၍ စာများများဖတ်ကာ သင်ယူတတ်ရေး၊ အားကစား၊ ဂီတ၊ အနုပညာစွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရေး၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး ဆောင်ရွက်တတ်ရေးအတွက် သင်ကြားသင်ယူ၊ လေ့ကျင့်ပေးရန် လိုပါကြောင်း၊ တက္ကသိုလ်များ အရည်အသွေး ပိုမိုမြင့်မားလာရေး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုမွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်း၍ ကျောင်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် စာသင်ဆောင်၊ Lab ပစ္စည်းများ၊ စာကြည့်တိုက်၊ အားကစားရုံ၊ အားကစားကွင်း၊ ထမင်းစားဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ဆိုင်ကယ်ရပ်နားရန်နေရာ၊ ကျောင်းကြို/ပို့ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဆွေးနွေးဖြေကြားသည်။

ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နည်းပညာတက္ကသိုလ်(မြိတ်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်)နှင့် ကွန်ပျူတာတက္ကသိုလ်(မြိတ်) သို့သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ လက်ရှိဆောင်ရွက်နေသည့် သင်ကြားသင်ယူမှုအခြေအနေများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု အခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ရမည့် ကျူးကျော်မြေယာ ပြဿနာများ၊ လျှပ်စစ်မီးလိုအပ်ချက်၊ အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ပညာရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွန်ပျူတာ တက္ကသိုလ်(ထားဝယ်)၊ ထားဝယ်ပညာရေးကောလိပ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ထားဝယ်)နှင့် ထားဝယ်တက္ကသိုလ်များသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် နည်းပညာတက္ကသိုလ်(ထားဝယ်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ကော့သောင်း)နှင့် ကော့သောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ လည်းကောင်း သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံကာ ပညာရေးလုပ်ငန်းစဉ်များ၊ အခက်အခဲ၊ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူငယ်နှင့် ခေါင်းဆောင်ခြင်းဘာသာရပ်

စိုးသူ

ခေါင်းဆောင်မှုလို့ ပြောလိုက်ရင် အားလုံးက ကိုယ်နဲ့ မဆိုင်ဘူးလို့ ယေဘုယျ မှတ်ယူတတ်ကြပါတယ်။ တကယ်တော့ ခေါင်းဆောင်မှုဆိုတာ လူသားတိုင်းနဲ့ ဆိုင်ပါတယ်။ အဓိက အကြောင်းရင်းကတော့ လူတိုင်းဟာ မိမိဘဝအတွက် ကိုယ့်ကိုယ်တိုင် ခေါင်းဆောင်နိုင်ဖို့ လိုအပ်နေလို့ပါ။ တကယ့်လက်တွေ့မှာလည်း ကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်နိုင်မှုက အခက်ခဲဆုံးပါပဲ။ လူငယ်တိုင်း ခေါင်းဆောင်မှုနဲ့ ပတ်သက်ရင် အတွေ့အကြုံ အနည်းနဲ့အများ ရှိခဲ့ဖူးပါတယ်။ ငယ်ငယ်က ဘောလုံးကန်တဲ့အခါ၊ ထုပ်ဆီးတိုးတဲ့အခါ၊ တခြားကစားနည်းတွေ ကစားတဲ့အခါတွေမှာ ခေါင်းဆောင်တာဝန်တွေပေးခဲ့ဖူးသလို တာဝန်တွေလည်း ယူခဲ့ဖူးပါတယ်။ ဒီလိုအသေးအဖွဲ့ကိစ္စလေးကအစ ကြီးကျယ်သော အလုပ်တာဝန်တွေအဆုံး ခေါင်းဆောင်ကောင်းရှိဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်ကောင်းရှိမှသာ အောင်မြင်နိုင်မယ် မဟုတ်လား။

ယနေ့ လူငယ် နောင်ဝယ်လူကြီးဆိုတဲ့ စကားဟာ အများကြီး လေးနက်ပါတယ်။ အသက်ကြီးလာလို့ လူကြီးဖြစ်တာထက် အစစအရာရာ ကြီးကျယ်မြင့်မြတ်လာမှ တကယ်တန်ဖိုးကြီးလာမှာပါ။ ခေတ်ကို ဦးဆောင်မယ့်လူငယ်တွေဟာ သူများတွေထက် ခေါင်းတစ်လုံးပိုမြင့်နေမှ၊ အသိဉာဏ်တွေ ဗဟုသုတတွေ ပိုရှိနေမှသာ အများသူတကာထက် သာတဲ့ဘဝတွေကို တည်ဆောက်နိုင်မှာပါ။ အလားတူပဲ ဘယ်အဖွဲ့အစည်း ဘယ်နိုင်ငံပဲကြည့်ကြည့် ခေါင်းဆောင်ကောင်းမှ နောက်ကလိုက်ရတဲ့သူတွေရဲ့ဘဝတွေဟာ စိုပြည်နိုင်ပါလိမ့်မယ်။ ဟိုးတစ်ချိန်တစ်ခါဆီက ဆင်းရဲတဲ့ တံငါလုပ်စားခဲ့တဲ့နိုင်ငံလေးဟာ အခုအချိန် ကမ္ဘာ့အလယ်မှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်ပေါင်းစုံက ရင့်ကျက်တဲ့ကျားတစ်ကောင် ဖြစ်နေခဲ့ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ လီကွမ်ယုဆိုတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ကြောင့် ဒီကနေ့ အားလုံးက အတုယူအားကျရတဲ့ စင်ကာပူနိုင်ငံ ဖြစ်နေခဲ့တာပေါ့။

အဝေးကြီးမကြည့်ပါနဲ့။ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးဆိုတဲ့ခေါင်းဆောင်ကောင်း မရှိတဲ့အိမ်နဲ့ ရှိတဲ့အိမ် ဘယ်အိမ်တိုးတက်မလဲ။ ဗေဒင်မမေးပါနဲ့။ အိမ်ထောင်ဦးစီးက မူးနေမယ်။ မိသားစုအပေါ်မှာ အစစအဆင်ပြေအောင် မစီမံနိုင်ရင် အဲဒီအိမ်က သားပျို၊ သမီးပျိုလေးကို သူများက တန်ဖိုးထားမှု လျော့သွားတော့မှာပေါ့။ အိမ်ထောင်ဦးစီးကောင်းရှိရင် စီးပွားရေးအဆင်ပြေမယ်။ လူမှုရေးကောင်းလာမယ်။ ဒါဆို အိမ်မှာ မိတ်ဆွေကောင်းတွေ၊ ခြွေမှုရံတဲ့ ဆွေမျိုးတွေ အများကြီးရှိလာမယ်။ ဒီလိုသာဆို ဘယ်သူက စော်ကားရဲ၊ ရန်ရှာရဲမှာလဲ။ ဒါကြောင့် ခေါင်းဆောင်ကောင်းဆိုတာ နေရာတိုင်းမှာရှိနေဖို့ လိုအပ်ပါတယ်။

ခေါင်းဆောင်ကောင်းတွေမှာ ရှိရမယ့် အခြေခံလိုအပ်ချက်လေးတွေ

-ခေါင်းဆောင်ဆိုတာ စွန့်စားဖို့ဝန်မလေးသူ။

-လူတွေဆင်ခြေပေးနေချိန်မှာ ပြောင်းလဲခြင်းကို လက်ခံရဲသူ။

-ခေါင်းဆောင်ဆိုတာ ကိုယ်ချင်းစာစိတ်ရှိပြီး ခွင့်လွှတ်နိုင်သူ။

-ခေါင်းဆောင်ဆိုတာ လူတွေနဲ့ အသည်းနှလုံးချင်း စကားပြောနိုင်သူ။

-ခေါင်းဆောင်ဆိုတာ လူတွေကို လမ်းပြနိုင်သူ၊ လမ်းကြောင်းမှန်ပေါ်ရောက်အောင် တိုက်တွန်းနိုင်သူ။

-ခေါင်းဆောင်ဆိုတာ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသူ။

စသဖြင့်အချက်ပေါင်းများစွာရှိပါတယ်။

(ဆရာကျော်ကျော်လှိုင် ရွှေလိုတန်ဖိုးရှိသော ခေါင်းဆောင်မှု စာအုပ်မှ)

အကြားအမြင်များတဲ့ ခေါင်းဆောင်

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အကြားအမြင်၊ ဗဟုသုတလည်း ပြည့်စုံဖို့ လိုအပ်ပါတယ်။ လက်ရှိ မိမိပတ်ဝန်းကျင်မှာ ဘယ်အကြောင်းအရာတွေက လူတွေစိတ်ဝင်စားနေသလဲ။ ဘယ်လိုကိစ္စတွေက လူငယ်တွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့တယ်။ နောက်ပြီး မိမိတို့နိုင်ငံမှာ လူငယ်တွေက ဘယ်လို နေရာမှာအားသန်ပြီး နိုင်ငံတကာမှာ အချိန်ဘယ်လို အသုံးချနေ တယ်ဆိုတာ သိထားသင့် နားလည်ထားသင့်ပါတယ်။ မြန်မာနိုင်ငံမှာ လူငယ်တွေဟာ တယ်လီဖုန်းတစ်လုံးကို အပန်းဖြေဖို့အတွက် အသုံးများနေပါတယ်။ ဖေ့စ်ဘုတ်မှာ စကားပြောမယ်၊ ပို့စ်တွေတင်မယ်။ မိမိဘယ်ရောက်နေကြောင်းတွေ အသိပေးမယ်။ ဂိမ်းတွေဆော့မယ်။ ဒီလိုမျိုးကိစ္စတွေကို အချိန်ပေးတာက ၈၀ ရာခိုင်နှုန်းအထက်မှာ ရှိပါတယ်။ နိုင်ငံတကာမှာတော့ သူတို့ဘဝ တိုးတက်ရာတိုးတက်ကြောင်း ဘာသာရပ်တွေကို လူမှုကွန်ရက်အသုံးပြုပြီး ပညာရှာနေကြပါတယ်။ မြန်မာနိုင်ငံမှာ ခေတ်အရှေ့က မြန်ဆန်တော့ ရေစီးကြောင်းဒဏ်ကိုတော့ ခံရတာ ပြင်းထန်နေမှာပါ။ ဒါကို လူငယ်ခေါင်းဆောင်တွေက ဘယ်လိုလမ်းပြ ခေါ်ဆောင်မလဲဆိုတာ အရေးကြီးပါတယ်။

မိမိလမ်းပြပေးရမယ့် လူငယ်တွေ ဘယ်လိုမျိုးကိစ္စတွေမှာ အချိန်အလေအလွင့်ဖြစ်နေသလဲ၊ သူတို့ရဲ့ ပိုက်ဆံကို ဘယ်လို အသုံးချနေသလဲဆိုတာ သိထားရမယ်။ အကျိုးမရှိတဲ့နေရာ၊ အလကားဖြစ်စေမယ့် နေရာတွေမှာသုံးနေရင်တော့ အကြောင်းအကျိုး အကောင်းအဆိုး ပြောပြပြီး လမ်းတည့်ပေးဖို့လိုအပ်တယ်။ မိမိရဲ့ လူငယ်တွေကို လမ်းပြပေးနေတာဟာ ကုသိုလ်ကောင်းမှုလုပ်ခြင်းတစ်မျိုးပါ။ ဒါကို လူတိုင်းနားလည်ထားရင် လမ်းပြပေးမယ့် ခေါင်းဆောင်ကောင်းတွေ တိုးပွားလာမှာ မလွဲပါဘူး။

အတွေးအခေါ်ကောင်းတဲ့ ခေါင်းဆောင်

တချို့သော ခေါင်းဆောင်တွေဟာ သူတို့ သွားစေချင်တဲ့ လမ်းကြောင်းကို မသိလိုက် မသိဘာသာကို ဆွဲခေါ်သွားနိုင်တဲ့ အရည်အချင်းရှိပါတယ်။ မကောင်းတဲ့ အမူအကျင့်တစ်ခုကို ကောင်းတဲ့ အလေ့အထတစ်ခုနဲ့ အစားထိုးပေးတဲ့နည်းတစ်မျိုးပေါ့။ ဘယ်လိုကိစ္စမျိုးမဆို ပထမတော့ လုပ်ရတာ အဆင်မပြေဘူး။ ခက်နေမယ်။ ဥပမာ၊ ။ ဂိမ်းဆော့နေတာကိုနားပြီး စာအုပ်ဖတ်တာမျိုးကို လုပ်ခိုင်းတာ။ အရင်ဆုံးတော့ ဂိမ်းဆော့ရတာ စိတ်လှုပ်ရှားမယ်၊ ပျော်စရာကောင်းတယ်လို့ ခံစားရတယ်။ တကယ်တော့ ဘဝအတွက် အကျိုးမရှိဘူး။ အပြစ်တွေသာများတာပါ။ စာအုပ်ဖတ်တဲ့ကိစ္စကျတော့ ပထမတော့ ပျင်းမယ်။ ဒါပေမယ့် ဆက်ဖတ်ပါ။ တဖြည်းဖြည်း စိတ်ဝင်စားလာမယ်။ ပျော်လာမယ်။ ကောင်းတဲ့အလုပ်တစ်ခုဟာ အစပိုင်းခက်ခဲပေမယ့် နောက်ပိုင်း အလေ့အထများလာတဲ့အခါ အလေ့အကျင့်ဖြစ်လာတယ်။ နောက်အလေ့အကျင့်များလာရင် မလုပ်ရမနေနိုင်ဖြစ်လာမယ်။ ဒါဆို ဒီကိစ္စအပေါ်မှာ ကျွမ်းကျင်လာမယ်။ နောက်ပြီး အကျိုးရှိတာတွေ အမြဲလုပ်ဖြစ်လာပြီး ဘဝဟာလည်း တစ်နည်းတစ်ဖုံ ပြောင်းလဲတိုးတက်လာမှာ မလွဲပါဘူး။ ဒါကြောင့် တကယ့်ဘဝထဲ ကျင်လည်လာတဲ့အခါ ခေါင်းဆောင်ကောင်း အရေးကြီးတယ်။ လူငယ်တွေအနေနဲ့ ကိုယ့်ဘဝကိုတည်ဆောက်ပါ။ နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားပါ။ နောက်လိုက်ကောင်းဖြစ်မှ နောင်တစ်ချိန်မှာ ခေါင်းဆောင်ကောင်းဖြစ်လာမှာပါ။

> **“ဟိုးတစ်ချိန် တစ်ခါဆီက ဆင်းရဲတဲ့ တံငါလုပ်စားခဲ့တဲ့နိုင်ငံလေးဟာ အခုအချိန် ကမ္ဘာ့အလယ်မှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်ပေါင်းစုံက ရင့်ကျက်တဲ့ကျားတစ်ကောင် ဖြစ်နေခဲ့ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ လီကွမ်ယုဆိုတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ကြောင့် ဒီကနေ့ အားလုံးက အတုယူအားကျရတဲ့ စင်ကာပူနိုင်ငံ ဖြစ်နေခဲ့တာပေါ့”**

ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်

အနာဂတ်ကိုဦးဆောင်မယ့်လူငယ်တွေအနေနဲ့ အမြင်ကျယ်ဖို့ လိုအပ်ပါတယ်။ယနေ့ တိုင်းပြည်ရဲ့ရေစီးကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတကာလူငယ်တွေ ဘာတွေကို အားသာပြီး ဘယ်နေရာတွေမှာ အားစိုက်နေကြသလဲ စသဖြင့် သိထားဖို့လိုအပ်ပါတယ်။ လူငယ်တွေဟာ တွေးရင်နိုင်ငံတကာအတွေးမျိုးတွေးပြီး လုပ်ရင်တော့ ပြည်တွင်းနဲ့ ကိုက်ညီဖို့လိုအပ်ပါတယ်။

ဥပမာ။ ။လူငယ်ခေါင်းဆောင်တွေအနေနဲ့ ပြည်တွင်း စာကြည့်တိုက်တွေ၊ နိုင်ငံတကာ စာကြည့်တိုက်တွေအကြောင်း သိထားဖို့လိုအပ်ပါတယ်။ နိုင်ငံတကာမှာ စာအုပ်စာပေဟာ လူမှုပတ်ဝန်းကျင်ကို ဘယ်လိုအကျိုးပြုတယ်။ နိုင်ငံတကာမှာ စာကြည့်တဲ့ပညာဆိုတာ ဘယ်လိုမျိုးစပြီး သိထားသင့်လေ့လာထားသင့်တယ်။ ဒါပေမယ့် မိမိပတ်ဝန်းကျင်မှာ အကောင်အထည်ဖော်တော့မယ်ဆိုရင် နေရာဒေသအလိုက် အားနည်းချက် အားသာချက်ကိုသိထားပြီး အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ လူငယ်တွေ လက်လှမ်းမီအောင် စာအုပ်စာပေကို ဘယ်လိုမျိုးထားမလဲ၊ ဖတ်နိုင်အောင် ဘယ်လိုကူညီမလဲက နေရာအလိုက် စဉ်းစားပြီးလုပ်ရပ့်မယ် စသဖြင့် လူငယ်တွေကို မိမိစနိုင်တဲ့ အဝန်းအဝိုင်းလေးထဲက စခိုင်းတဲ့ သဘောမျိုးလေးပါ။

စွန့်စားခြင်းနှင့် အသီးအပွင့်

တချို့သော ကိစ္စတွေဟာ သမားရိုးကျလုပ်နေရင် သာမန်အသီးအပွင့်လောက်ပဲ ခံစားခွင့်ရှိပါတယ်၊ ဘာလို့လဲဆိုတော့ အားလုံးကလည်း ဒီအတိုင်းလိုက်လုပ်လေ့ရှိကြလို့ပါ။ တောအုပ်ကို ဖြတ်သွားရမယ့် လမ်းနှစ်ခုရှိတယ် ဆိုပါတော့။ လမ်းတစ်ခုဟာ ဖြောင့်ဖြူးနေမယ်။ အန္တရာယ်လည်းမရှိဘူး။ လူတိုင်းလည်း သွားနေကြတာ ၉၀ ရာခိုင်နှုန်းလောက်ရှိတယ် ဆိုတော့ကာ အဲဒီလမ်းသွားရင်တော့ ကိုယ့်ရှေ့က လူအများကြီးသွားထားတာဖြစ်တဲ့အတွက် လမ်းသာမယ်။ အန္တရာယ်ကင်းမယ်။ ဒါပေမယ့် အခွင့်အလမ်းလည်း ရှေ့ကလူတွေယူထားလို့ ကုန်သလောက်ရှိနေပြီ။

နောက်တစ်လမ်းက အန္တရာယ်ရှိနိုင်မယ်။ ကိုယ့်ရှေ့ကသွားတဲ့လူက မရှိသလောက်နည်းမယ်။ တချို့ကိစ္စတွေကို ကိုယ်တွေးထင်မထားတဲ့ အခက်အခဲတွေ ကြုံနိုင်မယ်။ ဒါပေမယ့် အခွင့်အလမ်းလည်း ရှိနေတယ်။ ဒါဆိုရင်တော့ လူငယ်တွေအနေနဲ့ စဉ်းစားပါ။ ကိုယ့်မှာ စွန့်စားဖို့ အင်အားလုံလောက်ရင် ကြိုးစားခွင့်ရှိတယ်။ ဒါက မိမိအပေါ်မှာမူတည်တယ်။ စွန့်စားတဲ့လူတိုင်းအတွက် ဆုံးရှုံးနိုင်သလို အခွင့်အလမ်းလို့ခေါ်တဲ့ အသီးအပွင့်တွေလည်းရှိပါတယ်။ လိုသလို အသုံးချပါ။

ရှေ့တန်းရောက်နေတဲ့ လုပ်ငန်းတွေ

ယနေ့ အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ရှေ့တန်းရောက်နေတဲ့ လူငယ်တွေဟာ တစ်ချိန်က သူလိုကိုယ်လို လူငယ်တွေက စခဲ့ကြတာဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့။ လက်ရှိအခြေအနေမှာ အောင်မြင်နေပြီး ဖေ့စ်ဘုတ်တည်ထောင်ခဲ့တဲ့ မက်ဇူကာဘတ်ဟာဆိုရင်လည်း တစ်ချိန်က တက္ကသိုလ်ဒုတိယနှစ်မှာ ကျောင်းအထုတ်ခံခဲ့ရတာပါ။ ဒါပေမယ့် သူဟာ ဇွဲမလျှော့ဘဲ ဆက်ကြိုးစားခဲ့လို့သာ ဒီနေ့ ဒီလိုအချိန်မှာ ကမ္ဘာသိ အောင်မြင်နေတဲ့ လူငယ်လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေတာပါ။

ရှေ့ရောက်နေတဲ့ လုပ်ငန်းတွေမှာလည်း အတိတ်တုန်းက အမှားတွေရှိခဲ့ဖူးတာပါပဲ။ အဲဒီအမှားကို သင်ခန်းစာယူပြီး အကောင်းဆုံးလုပ်ခဲ့ကြလို့သာ အောင်မြင်နေကြတာပါ။

လက်ကိုင်ဖုန်းတွေ ခေတ်စားခါစကဆိုရင် နိုကီရာ ကုမ္ပဏီဟာ ကမ္ဘာမှာ အအောင်မြင်ဆုံး တယ်လီဖုန်း ကုမ္ပဏီတစ်ခုပါ။ ဒါပေမယ့် ဒီနေ့တော့ သူ့အောင်မြင်မှုတွေဟာ ရွှေထီးဆောင်းတဲ့အကြောင်းပြောပြရုံလောက်သာ ကျန်ခဲ့ပါတော့တယ်။ နိုကီရာ ကုမ္ပဏီရဲ့ စီးအီးအိုက ဘာပြောသလဲဆိုတော့

We didn't do anything wrong but somehow we fall. (CEO Nokia)

“ငါတို့ အမှားမလုပ်ခဲ့ဘူး။ ဒါပေမယ့် ငါတို့ ကျရှုံးခဲ့တယ်။”

တစ်ခါတစ်ရံ အမှားမလုပ်ရုံနဲ့လည်း မအောင်မြင်နိုင်ဘူးဆိုတာ သိထားသင့် နားလည်ထားသင့်ပါတယ်။

အရင်က အိုင်ဖုန်းကုမ္ပဏီက စမတ်ဖုန်းစထွင်တော့ လူတိုင်းက မရင်းနှီးသေးတော့ စစချင်း ဈေးကွက်မှာ အဆင်မပြေခဲ့ပါဘူး။ လူတွေက နည်းပညာနဲ့ မနီးစပ်လေတော့ အချိန်ပေးရတာပေါ့။ ယနေ့ အချိန်မှာတော့ လူတိုင်းရဲ့အိပ်မက်ဖုန်းဖြစ်နေပါပြီ။ သူတို့လည်း အခြေအနေအချိန်အခါကိုလိုက်ပြီး ပြောင်းလဲကာ ကြိုးစားခဲ့တဲ့ အသီးအပွင့်တွေပဲ မဟုတ်လား။

မိမိကိုယ်တိုင် ဘယ်အခန်းက ကပြမလဲ

ယနေ့ လူငယ်တွေအနေနဲ့ မိမိဘယ်အခန်းက ပါဝင်ကပြမလဲ အရေးကြီးလာပါပြီ။ ခေါင်းဆောင်မဖြစ်ခင် ဘာအရင်ဖြစ်ဖို့လိုသလဲဆိုရင် နောက်လိုက်ကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိက နောက်လိုက်ကောင်းတောင်ဖြစ်အောင် မလုပ်ဖူးဘဲနဲ့ ခေါင်းဆောင်ကောင်း ဘယ်လိုဖြစ်နိုင်မှာလဲ။ မိမိက တောင်အမြင့်ပေါ်က အလှဆုံးရှုခင်းတစ်ခု မဖြစ်နိုင်သေးရင် တောင်အောက်မှာ ရှိတဲ့ချုံတွေထဲမှာတော့ အလှဆုံးဖြစ်အောင် ကြိုးစားပါ။ ဘာလို့လဲဆိုတော့ ဒါမှ ကိုယ်က သူများထက် ထူးခြားနေမှာမဟုတ်လား။ ခေါင်းဆောင်မဖြစ်သေးလို့ နောက်လိုက်ဖြစ်တဲ့အခါမှာလည်း အကောင်းဆုံး နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားနေခြင်းသည်ပင်လျှင် အကောင်းဆုံး ခေါင်းဆောင်ဖြစ်ဖို့ အကြောင်းတရားတစ်ခု မဟုတ်ဘူးလား။ မိမိကျရာ အခန်းကနေ ပီပြင်စွာ သရုပ်ဆောင်နိုင်ရမယ်လေ။ လူဆိုတာ ကိုယ့်ဘဝမှာတော့ ကိုယ်က ဇာတ်လိုက်တစ်ယောက် ဖြစ်နေလို့ပါ။

ခေါင်းဆောင်ကောင်းဟာ နောက်လိုက်တွေအတွက် ဘယ်လောက်အရေးပါသလဲ

ဟိုးအရင် ကြားဖူးခဲ့တဲ့ ဇာတ်လမ်းလေးပါ။ ပညာရှိ ဦးဆောင်တဲ့ လှည်းသားငါးရာနဲ့ အခြားလူမိုက်ဦးဆောင်တဲ့ လှည်းကုန်သည် ငါးရာစီရှိတယ်။ တစ်နေ့တော့ လူမိုက်ဦးဆောင်တဲ့ လှည်းကုန်သည်ငါးရာဟာ သဲကန္တာရကို ဖြတ်ပြီး တခြားတစ်မြို့တစ်ရွာ အရောင်းအဝယ်လုပ်ဖို့ သွားတယ်။ လမ်းမှာ စားဖို့ သောက်ဖို့ ရိက္ခာအစုံအလင်နဲ့ ထွက်လာခဲ့တယ်။ ကန္တာရ အလယ်လောက်ရောက်တော့ လူယောင်ဆောင်ထားတဲ့ ဘီလူးမတစ်သိုက်က ကြာရိုးကြာစွယ်တွေကိုင်၊ ရေတွေ ရွှဲနေတဲ့ အသွင်တွေကိုပြတော့ သူတို့မှာပါလာတဲ့ ရေတွေကို သွန်ပစ်လိုက်တယ်။ စဉ်းစားဆင်ခြင်နိုင်တဲ့ ဦးနှောက်မရှိတဲ့ ခေါင်းဆောင်ရဲ့ နောက်လိုက်တွေ အညာခံလိုက်ရတယ်။ နောက်တော့ အစာရေစာပြတ်လပ်နေတဲ့ လှည်းကုန်သည်အဖွဲ့ဟာ အလွယ်တကူပဲ ဘီလူးတွေရဲ့စားခြင်းကို ခံခဲ့ရတယ်။ အလားတူပဲ။ ပညာရှိဦးဆောင်တဲ့ အဖွဲ့ကိုလည်း ဖြားယောင်းပြန်တယ်။ ဒါပေမယ့် ပညာရှိခေါင်းဆောင်က စဉ်းစားမိတယ်။ ဒီလို သဲကန္တာရမှာ ရေရှိတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒါတွေဟာ ယုတ္တိမရှိမှန်းသိတော့ သူ့လူတွေကို သူမသိဘဲ ဘာမှမလုပ်ဖို့ မှာထားတယ်။ ခေါင်းဆောင်လုပ်တဲ့သူက မအိပ်ဘဲ အမြဲစောင့်ရှောက်နေခဲ့တယ်။ ဒီလိုနဲ့ ခရီးဆုံးအထိ အစာရေစာ မပြတ်လပ်ပဲ ချောချောမွေ့မွေ့ ရောက်ခဲ့တယ်။ ဘီလူးတွေရန်ကလွတ်ပြီး ကုန်ရောင်းကုန်ဝယ်ကိစ္စ အဆင်ပြေခဲ့တယ်။ ဒါဘာကွာသလဲဆိုတော့ ခေါင်းဆောင်ကောင်းရှိခြင်း၊ မရှိခြင်းအပေါ်မှာ နောက်လိုက်တွေရဲ့ဘဝဟာ အများကြီး ကွာခြားသွားခဲ့တာပါ။ ဒါကြောင့် ဒီကနေ့ပြောနေကြတဲ့ စကားတစ်ခု ရှိခဲ့တာပါ။ အကောင်းဆုံး သူဌေးဆီမှာ အလုပ်လုပ်ရတာထက် အကောင်းဆုံးခေါင်းဆောင်အောက်မှာ လုပ်ရတာက ပိုကောင်းတယ်တဲ့။

ခေါင်းဆောင်ကောင်းနဲ့ စေတနာ

မိမိလုပ်ခဲ့တဲ့ အလုပ်တိုင်းဟာ စေတနာကလာတယ်ဆိုတာ လူတိုင်း သတိထားမိချင်မှ ထားမိမယ်။ တကယ်တမ်းတော့ ဖြစ်စဉ်က ဒီအတိုင်းပါပဲ။ အဲဒီတော့ ဘယ်အလုပ်ကလေးပဲ လုပ်နေလုပ်နေ စေတနာလေးထားလုပ်ခြင်းအားဖြင့် အသီးအပွင့် ခံစားရနိုင်ပါတယ်။ စေတနာဆိုတဲ့ နေရာမှာလည်း ကောင်းတဲ့စေတနာ၊ မကောင်းတဲ့စေတနာဆိုပြီး အမျိုးအစားကွဲပြားပါတယ်။ မကောင်းတဲ့ စေတနာ အရင်းခံနဲ့လုပ်ရင်တော့ သေချာတယ် မကောင်းတဲ့ အကျိုးပေးမှာပဲ။ အချိန်မတန်သေးရင်သာ ရှိမယ်။ အချိန်တန်ရင်တော့ အကျိုးပေးမှာမလွဲဘူး။

အဲဒီတော့ လူငယ်ခေါင်းဆောင်တွေအနေနဲ့ ဘယ်ကိစ္စမှာမဆို ကောင်းတဲ့ စေတနာလေးထားပြီး အလုပ်လုပ်ခြင်းဟာလည်း ကုလိုလ်လုပ်နေသလိုပါပဲ။ ကောင်းတဲ့စေတနာ အကျိုးပေးရင် စိုက်ကြည့်တာနဲ့ အလိုက်သိစရာတွေ ဖြစ်နေမှာပါ။

စေတနာအတိုင်း ကံတရားတို့သည် အကျိုးပေးကြကုန်၏။ ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဗဟိုကော်မတီ၏ ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဗဟိုကော်မတီ၏ ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ပြုလုပ်သည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ ဇော်မြင့်မောင်၊ ဗဟိုအလုပ်အမှုဆောင်၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်တို့က နှစ်ရက်ကြာ ကျင်းပခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဗဟိုကော်မတီ၏ ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်းပြည်ပမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဗဟိုကော်မတီ၏ ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဗဟိုကော်မတီဝင် စုစုပေါင်း ၁၄၃ ဦး ရှိသည့်အနက်မှ ၉၀ ရာခိုင်နှုန်းဖြစ်သည့် ဗဟိုကော်မတီဝင် ၁၃၀ တက်ရောက်ခဲ့ပြီး အရန်ဗဟိုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် လွှတ်တော်ဥက္ကဋ္ဌများလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုကော်မတီ အသီးသီးတို့က အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဗဟိုကော်မတီဝင်များက စာတမ်းများ ဖတ်ကြားတင်သွင်းခြင်းများကို ပြုလုပ်ခဲ့ကြပြီး ဆုံးဖြတ်ချက် ခြောက်ချက်နှင့် ရှေ့လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

စီမံကိန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မာန်အောင်မြို့အား ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးသွားမည်

စစ်တွေ ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့အား ဆိုလာစနစ်ဖြင့် မေလကုန်မှစတင်၍ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

"မေလကုန်ပိုင်းမှာ မာန်အောင်မြို့ကို ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်မယ်။ ဆိုလာ-ဒီဇယ် (Hybrid System)နဲ့ ဓာတ်အားဖြန့်ဖြူးပေးသွားမှာပါ။ နေရောင်ခြည်ရတဲ့အချိန်မှာ ဆိုလာနဲ့ ဘက်ထရီကိုအားဖြည့်မယ်။ နေရောင်ခြည်မရဘူး။ ဘက်ထရီအားကုန်တဲ့အချိန်ဆိုရင် ဒီဇယ်စက်နဲ့ကူမယ်။ မာန်အောင်ကျွန်းတစ်ကျွန်းလုံးကို ၂၄ နာရီ ဓာတ်အားရရှိဖို့ အပိုင်းသုံးပိုင်းခွဲပြီး ဓာတ်အားပေးဖို့ စီစဉ်ထားတယ်။ မဟာဓာတ်အားလိုင်းစနစ်နဲ့ပေးဖို့က ပင်လယ်ဖြတ်ကျော်လိုင်းဆွဲရမှာဖြစ်ပြီး အခက်အခဲရှိတဲ့အတွက် ဆိုလာ Hybrid System လျှပ်စစ်မီးပေးမှာဖြစ်ပါတယ်" ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မာန်အောင်မြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် အပိုင်းသုံးပိုင်းခွဲ၍ စီမံဆောင်ရွက်လျက်ရှိပြီး အပိုင်း(၁)အနေဖြင့် ယခုနှစ် မေလကုန်မှစတင်ကာ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စု ၁၈၂၃ စုအား ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အိမ်ထောင်စုများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မာန်အောင်မြို့သည် သီးခြားဖြစ်နေသော ကျွန်းမြို့တစ်မြို့ဖြစ်ပြီး ပင်လယ်ပြင်အားဖြတ်သန်းသွားလာရသဖြင့် မဟာဓာတ်အားလိုင်းမှ ဓာတ်အားလိုင်းသွယ်တန်း၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်မှာ ငွေကြေးကုန်ကျမှုများမည်ဖြစ်သောကြောင့် အခြားမြို့များနည်းတူ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် POSCO Daewoo Corporation တို့ပူးပေါင်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီး မာန်အောင်မြို့နယ် ခအုံးမော်ကျေးရွာအနီးရှိ စက်ရုံတည်ဆောက်မည့်မြေနေရာ၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပန္နက်တင်ပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဝေးကွာသောဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောက်ဖြူခရိုင် မာန်အောင်မြို့၌ လက်ရှိတွင် လျှပ်စစ်ဓာတ်အားကို ဒီဇယ်သုံးမီးစက်ကြီးမှတစ်ဆင့် ဖြန့်ဖြူးနေခြင်းဖြစ်ပြီး နံနက် ၅ နာရီမှ ၆ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၆ နာရီမှ ည ၁၀ နာရီခွဲအထိ တစ်ကြိမ် လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိသည်။

ယခုနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး စက်ရုံမှတစ်ဆင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟန်လင်းထက်

တောင်နဝင်း ရေလှောင်တမံအား မိုးရာသီမတိုင်မီ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဒေသခံပြည်သူများသို့ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တောင်နဝင်းရေလှောင်တမံ လတ်တလောဖြစ်ပေါ်နေမှုအား ဌာနမှ တာဝန်ရှိသူများက မိုးရာသီမတိုင်မီ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပေါက်ခေါင်းမြို့နယ် ပြည်သူများအား အသေးစိတ်ရှင်းလင်းတင်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက ပေါက်ခေါင်းမြို့နယ်ရှိ လေးမျက်နှာဇာတ်ရုံ၌ ပြုလုပ်သည်။

ရှင်းလင်းဖြေကြား

တောင်နဝင်း ရေလှောင်တမံနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်မှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ရေလှောင်တမံ ကြံ့ခိုင်ရေးအတွက် အောက်ခံအုတ်မြစ်သရွတ် မှုတ်သွင်းခြင်းကို မတ်လအလယ်တွင် လည်းကောင်း၊ မြေသားပိုးခြင်းလုပ်ငန်းကို မတ်လကုန်ပိုင်းတွင် လည်းကောင်း၊ အက်ကြောင်းများ ဖြစ်ပေါ်သည့် အပေါ်ယံမြေဖယ်ရှားမှုကို အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဧပြီလအတွင်းပြီးစီးအောင် စက်ယန္တရား အင်အားအလုံအလောက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူလူထုများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဌာနမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

တောင်နဝင်းရေလှောင်တမံထိပ်ပြင် အက်ကွဲကြောင်းတချို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး တောင်နဝင်းရေလှောင်တမံကြီးကို နိုင်ငံခြားပညာရှင်များ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှပညာရှင်များ၊ ဌာနမှ ကျွမ်းကျင်ပညာရှင်များ လာရောက်လေ့လာခဲ့ပြီး စုစည်းရရှိထားသည့် အချက်အလက်များအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)မှ ပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ တမံကိုယ်ထည်နှင့် အောက်ခံအုတ်မြစ်အခြေအနေများကို ဘူမိ ရူပဗေဒဆိုင်ရာ ပုံရိပ်ဖမ်းခြင်း နည်းပညာဖြင့် လည်းကောင်း၊ စမ်းသပ်လွန်တွင်းများ တူးဖော်၍ မြေသိပ်သည်းဆ စစ်ဆေးသောနည်းလမ်းဖြင့် လည်းကောင်း၊ စမ်းသပ်မြေတွင်းများတူးဖော်၍ လည်းကောင်း စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြုပြင်မှုများ ဆောင်ရွက်သွားမည်

တောင်နဝင်း ရေလှောင်တမံနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များမှာ တမံ၏အောက်ခံအုတ်မြစ် အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ် မှုတ်သွင်းခြင်းလုပ်ငန်းများကို လွန်တူးစက် ၁၆ စီးနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တစ်ဆက်တည်း တမံထိပ်ပြင်အား တစ်မီတာအနက် တူးဖော်ကာ ထပ်မံတွေ့ရှိသည့် အခြေအနေကို အက်ကြောင်းမြေပုံရေးဆွဲခြင်း၊ အက်ကြောင်းအတွင်းသို့ ဘိလပ်မြေ၊ မြေဖယောင်း၊ အလွန်သေးငယ်သော စီလီကွန်နန်းမှုန်များနှင့် နာနိုနည်းပညာသုံးဓာတုဗေဒပစ္စည်းများ လိုအပ်သလိုရောစပ်၍ ထည့်သွင်းခြင်း၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုအပေါ်မူတည်၍ အနက် သုံးမီတာမှ ငါးမီတာအထိ မြေသားဖယ်ရှားခြင်း၊ ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် အက်ကြောင်းမြေပုံရေးဆွဲခြင်း လုပ်ငန်းတို့ကို တစ်မီတာချင်းအလိုက် အဆင့်ဆင့် ဆောင်ရွက်သွားခြင်း၊ အများဆုံးအနက် ငါးမီတာအထိ ဆောင်ရွက်ပြီးသည့်နောက် အက်ကြောင်းဖြစ်ပေါ်မှု ရှိ၊ မရှိ စစ်ဆေးတွေ့ရှိချက်အရ အက်ကြောင်းတွေ့ရှိပါက အက်ကြောင်းများအတွင်း ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် လိုအပ်သည့် ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းစဉ်များပြီးစီးပါက မြေသားဖယ်ရှားထားပြီးဖြစ်သည့် တမံထိပ်ပြင်ပိုင်းအား တမံမြေဖို့ခြင်းလုပ်ငန်းစဉ်များအတိုင်း စနစ်တကျပြန်လည်မြေဖို့ဆောင်ရွက်ခြင်းတို့ကို စီမံအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အက်ကြောင်းများဖြစ်ပေါ်သည့် အပေါ်ယံမြေလွှာများ ဖယ်ရှားရာတွင်လည်း ပုံမှန်အားဖြင့် လက်ရှိအခြေအနေမျိုးတွင် စက်ယန္တရားများတမံပေါ်သို့ တက်ရောက်ဆောင်ရွက်မှုမရှိသော်လည်း လုပ်ငန်းများအချိန်မီပြီးစီးပြီး လုံခြုံစိတ်ချနိုင်ရန်အတွက် တမံပေါ်သို့ စက်ယန္တရားအသေးများဖြင့် တစ်ဆင့်ချင်း ဖယ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်ပညာရှင်များ၊ ပေါက်ခေါင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

တင်မောင်လွင်
ဓာတ်ပုံ-ဆည်မြောင်း

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တံတားစီမံကိန်းလိုအပ်ချက်တွေအပြင် ဆိပ်ခံတံတားငယ်တွေကို မြန်မာကျပ်ငွေနဲ့ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ဖို့ ရည်မှန်းထားပါတယ်။ မြန်မာအင်ဂျင်နီယာတွေအနေနဲ့လည်း သံမဏိသံပေါင်တံတားတွေကို ကိုယ်တိုင်ပုံစံထုတ်လုပ်နိုင်တဲ့အဆင့်ထိ ရောက်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်

မန်နေဂျင်းဒါရိုက်တာ Mr.Yasuo Shoji (J & M Steel Solutions Co., Ltd.)

● တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ - ဇော်မင်းလတ်

မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်အရ J&M Steel Solutions Co., Ltd. သံမဏိစက်ရုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ စက်ရုံအပိုင်း (က)ကို ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧကပေါ်၌ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင်ဖွင့်လှစ်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

တန်ချိန်ရှစ်သောင်း ထုတ်လုပ်နိုင်ခဲ့

စက်ရုံစတင်တည်ထောင်ချိန်က တစ်နှစ်လျှင် တန်ချိန်တစ်သောင်း ထုတ်လုပ်နိုင်ခဲ့ပြီး ယနေ့အချိန်ထိ သံမဏိသံပေါင် စုစုပေါင်းတန်ချိန်ရှစ်သောင်းထုတ်လုပ်နိုင်ခဲ့သည်။ ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ ဆက်လက်တင်ပို့နိုင်ရန် တစ်နှစ်တန်ချိန်သုံးသောင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်ပေါများလှသည်နှင့်အမျှ မြစ်ဝကျွန်းပေါ် အထက်အညာအကြေဒေသ တစ်နံတစ်လျားသို့ ပေါင်းကူးဆက်သွယ်ပေးနိုင်ရန် မြစ်ကူးချောင်းကူးတံတားကြီးများက လိုအပ်လျက်ရှိနေသေးရာ ထိုလိုအပ်ချက်များကို အထိုက်အလျောက် ဖြည့်ဆည်းပေးနေသည့် J & M သံမဏိစက်ရုံ၏ ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်က တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးကျော်ကောင်းချို

Mr.Yasuo Shoji

ကိုတံဘီ

မအေးမြမွန်

ဦးကျော်ကောင်းချို
ဒုတိယညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

J & M သံမဏိစက်ရုံကထုတ်လုပ်တဲ့ သံမဏိသံပေါင်တွေနဲ့ အခု တည်ဆောက်ပြီးတဲ့ တံတားတွေတော်တော်များများက ပြီးစီးသွားပါပြီ။ Plate Girder အမျိုးအစား သံမဏိသံပေါင်တံတား အစင်း ၇၀ ကျော်ပါပြီ။ Steel Truss Type Bridge ဆိုတဲ့ သံမဏိသံပေါင်တံတား ၁၅ စင်း ကျော်သွားပါပြီ။ Box Gider Type Bridge ဆိုတဲ့ သံမဏိသံပေါင်တံတားဆိုရင် ၁၃ စင်း၊ အခုဆိုရင် ထုတ်လုပ်ပြီးတဲ့ သံမဏိသံပေါင်တံတားပေါင်းက အစင်း ၁၀၀ ဝန်းကျင်ရှိသွားပါပြီ။ အဲဒီထဲကမှ ထူးခြားတဲ့ တံတားကြီးတွေပြောပါဆိုရင် မွန်ပြည်နယ်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း (ချောင်းဆုံ)တံတား၊ ထီးချိုင့်တံတား၊ ချင်းတွင်းတံတား(ခန္တီး)၊ ချင်းတွင်းတံတား(ဟုမ္မလင်း)တို့ တည်ဆောက်ပြီးစီးပါပြီ။ အခု တည်ဆောက်ပြီးတဲ့ တံတားတွေ တော်တော်များများက ပြီးစီးသွားပါပြီ။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်တဲ့တံတားတွေအပြင် ပြင်ပအနေနဲ့ ရန်ကုန်မြို့မှာရှိတဲ့ ကုက္ကိုင်းခုံးကျော်တံတားက J&M Steel Solutions Co., Ltd က ထုတ်တဲ့ သံမဏိသံပေါင်တွေနဲ့ တည်ဆောက်ခဲ့တာပါ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရှေ့ဆက်တည်ဆောက်မယ့် တံတားတွေလည်းရှိပါတယ်။

ပြည်ပကိုလည်း တင်ပို့နိုင်

မကြာမီဖွင့်လှစ်တော့မယ့် မြောင်းမြတံတားအပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဆဲတံတားများဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စော်ကဲတံတား၊ ကျွန်းပြသာဒ်တံတား၊ ပင်လယ်လေးတံတား၊ ပုသိမ်တံတားနဲ့ မွန်ပြည်နယ်ရှိ အတ္တရံတံတား၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတားနဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်တံတား အမှတ်(၃) တံတားတွေမှာ J & M Steel Solutions Co., Ltd. ၏ J & M သံမဏိစက်ရုံထုတ် သံမဏိသံပေါင်တွေကို အသုံးပြုတည်ဆောက်လျက်ရှိပါတယ်။ ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

ပြည်ပပို့ကုန်တွေအနေနဲ့ လာအိုနိုင်ငံကို ၂၀၁၄ ခုနှစ်က တန်နှစ်ရာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၁၇-၂၀၁၈ မှာ တန် တစ်သောင်းနဲ့ သီရိလင်္ကာနိုင်ငံကို ၂၀၁၆ ခုနှစ်မှာ တန်သုံးရာ တင်ပို့နိုင်ခဲ့ပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ တန် ရှစ်ထောင် ထပ်မံပေးပို့လျက်ရှိပါတယ်။ ဆက်လက်ပြီး အိန္ဒိယနိုင်ငံကိုလည်း သံမဏိသံပေါင်များ ဆက်လက်တင်ပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

အဆင့်မီထုတ်လုပ်တည်ဆောက်

ဒီစက်ရုံတည်ရှိတဲ့အတွက် အဓိက အကျိုးကျေးဇူးအနေနဲ့ အရင်ကဆိုရင် နိုင်ငံအတွက် လိုအပ်နေတဲ့ သံမဏိသံပေါင်တွေ၊ အထူးသဖြင့် တံတားကြီးတွေဆောက်ဖို့ သံမဏိသံပေါင်တံတားတွေကို နိုင်ငံခြားငွေနဲ့ မှာယူတင်သွင်းရတယ်။ အချိန်ပေးရတယ်။ အခုဆိုရင် ပြည်တွင်းမှာပဲ မြန်မာကျပ်ငွေနဲ့ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်တယ်။ အနည်းဆုံးက သယ်ယူပို့ဆောင်စရိတ် သက်သာသွားတယ်။ လိုအပ်တဲ့ပစ္စည်းကို လိုအပ်တဲ့အချိန်မှာ အလွယ်တကူရရှိနိုင်ပါတယ်။ (ဥပမာ) မြောင်းမြတံတားလိုမျိုး အရေးပေါ်ဖြစ်သွားတဲ့ အခြေအနေမျိုးဆိုရင် မူလက ဆောက်နေတာ ပုံစံတစ်မျိုး၊ အရေးပေါ်ဖြစ်သွားတဲ့အခါ ပုံစံပြန်ပြောင်းရတယ်။ ဒီစက်ရုံရှိနေတဲ့အတွက် ဒီစက်ရုံက ကျွမ်းကျင်ပညာရှင်၊ ဒီဇိုင်းပညာရှင်များနဲ့တိုင်ပင်ပြီး ပုံစံပြန်ပြောင်းပြီး တစ်နှစ်အတွင်းမှာ ပေးရမယ်ဆိုတဲ့ သတ်မှတ်ချက်ဖြစ်လာတာကြောင့် တံတားကို ရှစ်လအတွင်း ပြီးစီးအောင် မူလပုံစံကနေ ပုံစံပြန်ပြောင်းပြီး အဆင့်မီထုတ်လုပ်တည်ဆောက်နိုင်ခဲ့ပါတယ်။

မကြာမီ မြောင်းမြတံတား ဖွင့်လှစ်တော့မှာပါ။ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ပစ္စည်းကို အလွယ်တကူရရှိတာက အကျိုးကျေးဇူးတစ်ခုပါ။ နောက်တစ်ခုက မြန်မာနိုင်ငံအတွက် သံမဏိသံပေါင်ပစ္စည်းတွေနဲ့ ပတ်သက်၍ ဆက်လက်ပြီး ဆောက်လုပ်ရေးသုံးလုပ်ငန်းပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့အတွက် ကျွမ်းကျင်နည်းပညာတွေရရှိပါတယ်။ နောက်တစ်ခုက ကုမ္ပဏီရဲ့အမြတ်ငွေနဲ့ ဝင်ငွေခွန်တွေကို နိုင်ငံတော်ကို ပေးသွင်းနိုင်တယ်။ ကုမ္ပဏီရဲ့နှစ်စဉ်အသားတင် အမြတ်ငွေကိုလည်း နိုင်ငံတော်ကို ပေးသွင်းနိုင်တယ်။

အလုပ်အကိုင်အခွင့်အလမ်းများ

စက်ရုံမှာ မြန်မာအင်ဂျင်နီယာ ၁၀၀ ခန့်၊ စက်ရုံဝန်ထမ်း ၅၀၀ ခန့်၊ စုစုပေါင်း မြန်မာလုပ်သားအင်အား ၆၀၀ ခန့် အလုပ်အကိုင်ရရှိပါတယ်။ တချို့ အင်ဂျင်နီယာကျွမ်းကျင်ဝန်ထမ်းတွေကို သေချာလေ့ကျင့်သင်ကြားပေးပြီး J & M Steel Solutions Co., Ltd ရဲ့ အစီအစဉ်နဲ့ ဂျပန်နိုင်ငံကို ပညာသင်စေလွှတ်ပြီး လေ့လာသင်ယူစေတယ်။ အင်ဂျင်နီယာ အငယ်၊ အလယ်၊ အလတ်တွေတင်သာမက ကျွမ်းကျင်လုပ်သားဝန်ထမ်းမြန်မာလူမျိုးများအတွက် အလုပ်အကိုင်အခွင့်အလမ်းအများကြီးရရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံမှာပါတဲ့ မြစ်ကူးတံတား၊ တံတားကြီးငယ်မျိုးစုံကို တာဝန်ယူဆောင်ရွက်နေတဲ့အခါမှာ အခုလိုမျိုး ဂျပန်နိုင်ငံရဲ့ ခေတ်မီနည်းပညာ၊ အဆင့်မြင့်နည်းပညာတွေကို ယခုလို စက်ရုံတွေ လာရောက်

စာမျက်နှာ ၉ သို့

❒ ဒီစက်ရုံတည်ရှိတဲ့အတွက် အဓိက အကျိုးကျေးဇူးအနေနဲ့ အရင်ကဆိုရင် နိုင်ငံအတွက် လိုအပ်နေတဲ့ သံမဏိသံပေါင်တွေ၊ အထူးသဖြင့် တံတားကြီးတွေဆောက်ဖို့ သံမဏိသံပေါင်တံတားတွေကို နိုင်ငံခြားငွေနဲ့ မှာယူတင်သွင်းရတယ်။ အချိန်ပေးရတယ်။ အခုဆိုရင် ပြည်တွင်းမှာပဲ မြန်မာကျပ်ငွေနဲ့ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်တယ်

J & M သံမဏိစက်ရုံမှ ဝန်ထမ်းများ လုပ်ငန်းခွင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၈ မှ

J & M သံမဏိစက်ရုံမှ ထုတ်လုပ်သည့် သံမဏိသံပေါင်များကို တွေ့ရစဉ်။

တည်ထောင်ခြင်းဖြင့် အတတ်ပညာ၊ နည်းပညာတွေ စတဲ့ အခွင့်အလမ်းတွေရရှိတယ်။ ဒါ့အပြင် သူတို့ရဲ့လုပ်ငန်းအပေါ်မှာထားရှိတဲ့ ရည်ရွယ်ချက် နည်းစနစ်တွေ၊ လုပ်ငန်းကို တိကျသေချာစွာ ဆောင်ရွက်မှုတွေကို မြင်တွေ့ရတဲ့အတွက် လေးစားအားကျတယ်။ သူတို့ရဲ့ နည်းပညာတွေ၊ သူတို့ရဲ့ စိတ်ထားတွေ စသဖြင့် အတုယူစရာတွေ အများကြီးရှိပါတယ်။ ဒါ့အပြင် မျိုးဆက်သစ် အင်ဂျင်နီယာတွေအတွက် လေ့လာသင်ယူခွင့် အခွင့်အလမ်းတွေရရှိတာကြောင့် ယခုလိုမျိုး စက်ရုံတွေကို လိုအပ်ရင်လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ပြီး နိုင်ငံရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို တစ်တပ်တစ်အား ဆောင်ရွက်နိုင်မယ်လို့ ထင်ပါတယ်။

တန်ချိန်သုံးသောင်း ထုတ်လုပ်သွားဖို့ ရည်မှန်း

တစ်နှစ်ကို ပျှမ်းမျှ တန်ချိန်သုံးသောင်း ထုတ်လုပ်သွားဖို့ ရည်မှန်းချက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြန်မာဘက်ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေနဲ့ မြေငှားခရရှိပါတယ်။ ဒီမြေငှားခကို ပြန်ပြီးရင်းနှီးမြှုပ်နှံမှုမှာ ပြန်ထည့်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေနဲ့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်းရှိသွားပါပြီ။

Mr.Yasuo Shoji မန်နေဂျင်းဒါရိုက်တာ
(J & M Steel Solutions Co., Ltd.)

JFE Engineering Corporation နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ရန် ကုမ္ပဏီတစ်ခုတည်ထောင်ဖို့ မေတ္တာရပ်ခံစာကို လက်ခံရရှိခဲ့ပါတယ်။ JFE Engineering Corporation က ပူးပေါင်းဆောင်ရွက်ဖို့ ကုမ္ပဏီမထောင်ခင်ကတည်းက မြန်မာပြည်မှာ နည်းပညာဆိုင်ရာ သင်တန်းတွေကို တောက်လျှောက်လုပ်ခဲ့တာပေါ့။ ၁၉၉၀ ကတည်းက ရန်ကုန်ရုံးခွဲထားရှိပြီး နည်းပညာဆိုင်ရာ သင်တန်းတွေ ပေးခဲ့ပါတယ်။

မြန်မာပြည်မှာစပြီး ရင်းနှီးမြှုပ်နှံဖို့ဆိုတာက ရှားပါးတဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ အခက်အခဲ အများကြီးမရှိပါဘူး။ ဥပဒေအရ Rule and Regulation အရ ဒါတွေကို ကျော်လွှားနိုင်ဖို့ အခက်အခဲအထူးအထွေတော့ မရှိပါဘူး။

အစဉ်တစိုက်ဆောင်ရွက်

ကုမ္ပဏီစပြီး စိတ်ကူးစိတ်သန်းကတည်းကိုက မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေကို တိုးတက်မြင့်မားအောင် နည်းပညာသင်တန်းတွေပေးမယ်။ နည်းပညာတွေ လွှဲပြောင်းပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ စံနှုန်းတွေအပြင် အမေရိကန်စံနှုန်းတွေကိုလည်း ပေးချင်တာကြောင့် မြန်မာပြည်မှာ နည်းပညာပြန့်ပွားနိုင်ဖို့အတွက် အစဉ်တစ်စိုက် ဆောင်ရွက်ခဲ့တယ်။ ကုမ္ပဏီကို ဆက်ပြီးတိုးချဲ့ဖို့ အစီအစဉ်တွေလည်းရှိပါတယ်၊ လက်ရှိအခြေအနေထိဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တံတားတွေအားလုံး အထူးသဖြင့် စီမံကိန်းတွေအပြင် အခြားလိုအပ်ချက်တွေ အကုန်လုံးဟာ J & M Steel Solutions အနေနဲ့ ထုတ်လုပ်နိုင်ခဲ့တယ်။ ထုတ်လုပ်နေဆဲလည်းဖြစ်တယ်။

အရင်က Simple Plate Girder ရိုးရိုးသံမဏိသံပေါင်တွေပဲ ထုတ်လုပ်ခဲ့တယ်။ ထပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မေတ္တာရပ်ခံချက်အရ၊ လိုအပ်ချက်အရ Truss Type Bridge တွေကိုထုတ်ခဲ့တယ်။ နောက်ဆုံး up to date အရ သံမဏိခုံးပုံသဏ္ဌာန် ရက်မတွေ၊ ပလက်ဝတံတားဆိုရင် ခုံးပုံသဏ္ဌာန်ဖြစ်တယ်။ ခုံးပုံသဏ္ဌာန်တံတားတွေ ထုတ်လုပ်နိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။

လက်ရှိအခြေအနေထိဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တံတားတွေအပြင် ODA ပရောဂျက်နဲ့ အခြားပရောဂျက်တွေပါ J&M Steel Solutions မှာ ထုတ်လုပ်နိုင်ခဲ့တယ်။ ထုတ်လည်းထုတ်လုပ်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် တံတားတော်တော်များများဟာ မြစ်ချောင်းကို ကျော်ဖြတ်တဲ့ တံတားတွေဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို မြစ်ကြောင်းကနေတစ်ဆင့် သယ်ယူပို့ဆောင်နိုင်ဖို့အတွက်နဲ့ ကုန်ကျစရိတ် လျှော့ချနိုင်ဖို့အတွက် ဆိပ်ခံတံတားတစ်ခုကို တိုးချဲ့ဆောက်လုပ်ချင်ပါတယ်။

နည်းပညာပူးပေါင်းဆောင်ရွက်

မြန်မာအင်ဂျင်နီယာတွေ၊ မြန်မာကျွမ်းကျင်လုပ်သားတွေ၊ ဝန်ထမ်းတွေအားလုံးက ထူးချွန်ပြောင်မြောက်ကြပါတယ်။ မူလ ရည်ရွယ်ချက်ဖြစ်တဲ့ ဂျပန်ရဲ့နည်းပညာတွေကို ဖြန့်ဝေပေးဖို့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ မျိုးဆက်သစ်အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်လုပ်သားတွေကို ဂျပန်နိုင်ငံကို ပညာသင်စေလွှတ်ပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ခဲ့စေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာသူတို့ရဲ့ ဆောင်ရွက်မှုတွေက ကျေနပ်ဖွယ်ရာတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာတွေသည် သူတို့ဘာသာ သူတို့ Steel Bridge တွေကို ကိုယ်တိုင် ပုံစံထုတ်လုပ်နိုင်တဲ့အဆင့်ကို ရောက်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

အဓိက ကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ပတ်ဝန်းကျင်အခြေအနေ၊ လက်ရှိနိုင်ငံရဲ့အနေအထားကို သေချာနားလည်ဖို့လိုတယ်။ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာလည်း အဓိက နားလည်ဖို့လိုတယ်။ ဒါတွေကို သိခဲ့ရင်တော့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ လွယ်ကူအဆင်ပြေချောမွေ့ပါတယ်။ တစ်ခုပဲ မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ကုမ္ပဏီက အခြားထုတ်ကုန်တွေကိုလည်း နိုင်ငံခြားကို တင်ပို့နေတဲ့ စက်ရုံဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ အခွန်အကောက်နဲ့ပတ်သက်တဲ့ ဥပဒေကို အလေးထားဆောင်ရွက်ပေးဖို့ ပြောချင်ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ယှဉ်ပြိုင်မှုကောင်းအောင် ဆောင်ရွက်ရတာကြောင့် အခွန်နဲ့ပတ်သက်တဲ့ဥပဒေတွေ နည်းဥပဒေတွေကို သေချာစွာ ဆောင်ရွက်သွားနိုင်ဖို့နဲ့ လိုအပ်နေတဲ့အပိုင်းတွေကို ပြုပြင်ဆောင်ရွက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်။

ကိုတံဘီ Factory Leader
Production Section
J & M Steel Solutions Co., Ltd.

၂၀၁၄ ခုနှစ်က ဒီကုမ္ပဏီကို စတင်ဝင်ရောက်ခဲ့ပါတယ်။ စက်ရုံစတင်လည်ပတ်ချိန်မှာတော့ ဂျပန်က ဆရာတွေနဲ့ နည်းပညာတွေ ပူးပေါင်းပြီး ဆောင်ရွက်ရတယ်။ ဒီလိုမဆောင်ရွက်ခင်မှာ ဂျပန်နိုင်ငံမှာ သုံးနှစ်ပညာသင်ခွင့်ရတယ်။ ပညာသင်ပြန်လာပြီးနောက်မှာ ဂျပန်နိုင်ငံမှာ သင်တန်းပေးထားတဲ့သူတွေကို စုစည်းပြီး ပြည်တွင်းက အလုပ်သမားကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သင်ယူသွားရတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီနေ့အချိန်ထိ သင်ယူနေရဆဲပဲ။ အခုဆိုရင် စက်ရုံမှာရှိနေတဲ့ လုပ်သားတွေက ကျွမ်းကျင်တဲ့အဆင့်တစ်ခုကို ရနေပါပြီ။ ကျွန်တော်က အရင်က သင်္ဘောကျင်းတွေမှာလည်း လုပ်ငန်းခွင်ဝင်ခဲ့တဲ့ အတွေ့အကြုံရှိတယ်။ ဂျပန်မှာလည်း သုံးနှစ်ပညာသင်ခွင့်ရတယ်။ အခု ကုမ္ပဏီမှာလည်း လုပ်သက်က ငါးနှစ်ခွဲ၊ ခြောက်နှစ်ရှိနေတဲ့အတွက်ကြောင့် ကောင်းမွန်တဲ့အချက်အလက်တွေကို သင်ယူလေ့လာခွင့်ရတယ်။ ဒီစက်ရုံမှာ သန့်ရှင်းရေးပိုင်း၊ ကျန်းမာရေးပိုင်း၊ လုံခြုံမှုအပိုင်းတွေကို အလေးထားဆောင်ရွက်တာကို တွေ့ရတယ်။ လုပ်သားတွေ လုပ်ငန်းခွင်ဝင်တဲ့အခါ လုံခြုံရေးအပိုင်းဆိုရင်လည်း စက်ရုံကသတ်မှတ်ထားတဲ့ ဦးထုပ်၊ မျက်မှန်၊ နားဆို့၊ ဖုန်ကာ၊ ဝတ်စုံ၊ ဘွတ်ဖိနပ်၊ လက်အိတ်စတာတွေကို သေသေချာချာ ကြပ်ကြပ်မတ်မတ် ဝတ်ဆင်ခိုင်းတယ်။ စည်းကမ်းပိုင်းဆိုရင်လည်း အချိန်ကိုတိကျသေချာရတယ်။

လုပ်ငန်းခွင်အန္တရာယ်ကို ရှောင်ရှားနိုင်

လုပ်ငန်းခွင်ရောက်ရင် အရင်ဆုံး သွေးပူလေ့ကျင့်ခန်းလုပ်ပြီး လုပ်ငန်းနဲ့ပတ်သက်တဲ့ အစည်းအဝေးကို စတင်ရတယ်။ ပြီးတဲ့နောက် မိမိနဲ့သက်ဆိုင်တဲ့ လုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်ရတယ်။ ဒီလိုတွေဆောင်ရွက်ထားတာကြောင့် လုပ်ငန်းခွင်မဝင်ခင်မှာ အကြောအချင်တွေပြေပြီး စိတ်လက်ပေါ့ပါးစေတယ်။ ဒီမှာရှိတဲ့ လုပ်သားတွေကို လုပ်ငန်းပိုင်းမှာ အကုန်လုံးကို လုပ်ခိုင်းတာမဟုတ်ဘူး။ သက်ဆိုင်ရာတာဝန်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးပြီး တာဝန်ယူဆောင်ရွက်ခိုင်းတယ်။ ဒီလိုတွေကြောင့် နေ့စဉ်လုပ်ငန်းခွင်မှာ အတွေ့အကြုံရင့်ပြီး အမှားနည်းပြီး လုပ်ငန်းခွင်အန္တရာယ်ကိုလည်း ရှောင်ရှားနိုင်တယ်။ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်နဲ့ ဆေးခန်းထားရှိပေးတယ်။ ဒါ့အပြင် လုပ်ငန်းခွင်ပြီးစီးတဲ့အခါ ရေချိုးဖို့၊ အဝတ်လဲဖို့ အခန်းတွေလည်း ထားရှိပေးတယ်။ စားသောက်ခန်း၊ နားနေခန်း၊ ဧည့်သည်တွေ့ဆုံခန်းတွေလည်း စနစ်တကျနဲ့ထားရှိပေးပါတယ်။

မအေးမြမွန် (လက်ထောက်မန်နေဂျာ)
Project Management Section
Engineer Department
J & M Steel Solutions Co., Ltd.

ကျွန်မက ဒီစက်ရုံမှာ အလုပ်ဝင်တာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ စအလုပ်ဝင်ပြီး Shop Drawing ပုံဆွဲဌာနမှာ တာဝန်ကျပါတယ်။ အလုပ်ဝင်ပြီး တစ်နှစ်ခွဲလောက်မှာ ဂျပန်နိုင်ငံကို ဒီဇိုင်းပညာနဲ့ပတ်သက်ပြီး ပညာသင်ကြားဖို့ တစ်နှစ် စေလွှတ်ခြင်းခံရပါတယ်။ ပညာသင်ပြန်ရောက်ပြီးနောက် Design & Project Management ဌာနမှာ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံသားတွေ လုပ်ငန်းဆောင်ရွက်တဲ့အခါ Document ထိန်းသိမ်းပုံ၊ အချိန်တိကျမှု၊ Costumer ပေါ်မှာ အလေးထား ဆက်ဆံမှုတွေကို တွေ့မြင်သင်ကြားခဲ့ရတယ်။

သေချာတာဝန်ပေး

သူတို့ရဲ့ ဆောင်ရွက်ပုံက အသေးစိတ်ကမှစ တိကျလွန်းတယ်။ ဒါတွေကိုလည်း အခုအချိန်ထိ သင်ယူနေရတုန်းပဲ။ ဒီကုမ္ပဏီက ဝန်ထမ်းတွေက မိသားစုလို လုပ်ကိုင်ဆောင်ရွက်ကြတယ်။ လူတစ်ဦးချင်းစီကို လုပ်ငန်းတာဝန် သေချာတာဝန်ပေးပြီး စီမံခန့်ခွဲထားတာကြောင့် လုပ်ရကိုင်ရတာ အဆင်ပြေပါတယ်။ အရင်က တံတားဒီဇိုင်းနဲ့ပတ်သက်ပြီး ဒီမှာမလုပ်ဘူး။ ဂျပန်နိုင်ငံ JFE Engineering Corporation ကို တာဝန်ပေးပြီး လုပ်ဆောင်စေတယ်။ ဒီမှာက စက်ရုံအတွက် လိုအပ်တဲ့ Shop Drawing ဆွဲပြီး J&M စက်ရုံမှာ ထုတ်လုပ်တယ်။ ဂျပန်နိုင်ငံက ပြန်လာပြီးနောက်မှာ ဒီဇိုင်းဌာနဖွဲ့စည်းပြီး မြန်မာအင်ဂျင်နီယာတွေကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်နေပါတယ်။ နောင် သုံး၊ လေးနှစ်အတွင်းမှာ J&M Steel Solutions Co., Ltd. က မြန်မာအင်ဂျင်နီယာတွေ ကိုယ်တိုင် ဒီဇိုင်းထုတ်လုပ်သွားနိုင်မယ်လို့ ယုံကြည်တယ်။ မြန်မာလူငယ်တွေကို ပြောချင်တာက အလုပ်လုပ်တဲ့အခါ ကိုယ့်အလုပ်လို သေသေချာချာ လုပ်ကိုင်ပြီး လုပ်ငန်းကို အပြည့်အဝ တာဝန်ယူချင်တဲ့စိတ်နဲ့လုပ်ဖို့ ပြောချင်ပါတယ်။

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ကာတွန်း၊ ပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့(MORS) သည် SAT Japan Road Services နှင့် ပူးပေါင်း၍ ပြည်သူများ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကာတွန်းပန်းချီနှင့် လက်ကမ်းစာစောင် (Pamphlet) ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ကာတွန်းနှင့် ပန်းချီပြိုင်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထက-၂ လသာ မြညီလာခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်လျှောက်လွှာများကို ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ MORS ရုံးခန်းတွင် လည်းကောင်း On Line မှ လည်းကောင်း လိုအပ်သည်များကိုဖြည့်စွက်ပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် အထက-၂ လသာ ကျောင်းသို့ မိမိအစီအစဉ်ဖြင့် မတ် ၂၀ ရက် နံနက် ၈ နာရီခွဲ အရောက်လာရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရေးဆွဲအသုံးပြုမည့် ခဲ၊ မင်၊ စုပ်တံနှင့် ဆေးမျိုးစုံတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

လက်ကမ်းစာစောင် အလွတ်တမ်းပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရေးဆွဲမည့် လက်ကမ်းစာစောင်ကို JPEG, TIFF, AI File အမျိုးအစားတစ်မျိုးမျိုးအား ၃၀၀၀ DPI Resolution ဖြင့် သိမ်းပြီး morsygn@gmail.com သို့လည်းကောင်း CD, DVD ဖြင့် လည်းကောင်း MORS ရုံးသို့ပေးပို့ရမည်ဖြစ်သည်။

ကာတွန်းပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲ ရည်ရွယ်ချက်များဖြစ်သည့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေး ဆောင်ရွက်ပေး၊ လူကူးမျဉ်းကျားတွင် ဖြတ်ကူးနေသူအား ယာဉ်မောင်းသူက ရပ်ပေးခြင်းဖြင့် ကူညီပါ၊ စနစ်တကျ ကားရပ်ပေးခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချကူညီပါ၊ မှတ်တိုင်တွင် တန်းစီစနစ်ဖြင့် ယာဉ်စီးခြင်းအား ကူညီပါ အစရှိသည်တို့ကို အကျုံးဝင်အောင် ရေးဆွဲရန်ဖြစ်သည်။ ဆုရရှိသူများကို ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပမည့် ဧပြီ ၁ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက MORS ရုံးဖုန်း- ၀၉-၇၉၈၄၅၂၅၁၁ သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

အောင်သူရ

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဖေဖော်ဝါရီ ၂၁-၂၂ ရက်တွင် ကျင်းပခဲ့သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေးနှင့် ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ နိုင်ငံတော်စီးပွား ရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ အမှုဆောင်ဒါရိုက်တာ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါခဲ့ကြသည်။

ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ် ကျင်းပစဉ်။

သွားရောက်လေ့လာ

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် တရုတ်-မြန်မာရထားလမ်း ကူမင်း-တလီ အစိတ်အပိုင်းကို သွားရောက်လေ့လာခဲ့ပြီး ယူနန် Europe-Asia နိုင်ထွက်ပစ္စည်းကုမ္ပဏီနှင့် Yunnan Liangxun လယ်ယာထွက်ကုန်ကုမ္ပဏီ (Dali လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်)သို့ သွားရောက်လေ့လာခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသန္တရပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၊ ရေအားလျှပ်စစ်နည်းပညာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ ဒုတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Ning Jizhe တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယူနန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအကြား၊ စိန့်ကျိန်မြို့နှင့် ရခိုင်ပြည်နယ်တို့အကြား ဒေသန္တရစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အဓိကအစီအစဉ်၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင် ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းများ အဆိုပြုရန်ကိစ္စများ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ ဆောင်ရွက်နေသည့်အစီအစဉ်နှင့် တရုတ်-မြန်မာမီးရထားလမ်းစီမံချက် ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဖိုရမ်သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ စီမံချက်များ အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့ပြီး ယူနန်ဆောက်လုပ်ရေး ရင်းနှီးမြှုပ်နှံရေးအုပ်စုသို့ သွားရောက်လေ့လာခဲ့သည်။

ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Banquet Hall of Inter Continental Hotel တွင် ကျင်းပခဲ့သည်။

ဖိုရမ်တွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဝမ်ရှန်ဖားက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကျင်းပ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းစည်ပင်သာယာရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယညွှန်ချုပ် ဇူးမင်က Pudong မြို့ သာယာလှပရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယအကြံပေး ရှန်းရှီလောင်းက တရုတ်-မြန်မာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့မီးရထားနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက တရုတ်-မြန်မာ (ရွှေလီ-မန္တလေး) ရထားလမ်းသစ်ဖောက်လုပ်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် နိုင်ငံခြားစီးပွားရေးလေ့လာမှုအင်စတီကျု ညွှန်ကြားရေးမှူးချုပ် ယီဖုကျင်က တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအင်စတီကျု အမှုဆောင်ဒါရိုက်တာ ဒေါက်တာမင်းရဲပိုင်ဟိန်းက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အဓိကအစီအစဉ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယူနန်တက္ကသိုလ် ဒုတိယဥက္ကဋ္ဌ လီချန်းယန်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အရေးပါမှု အခန်းကဏ္ဍကို လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ယူနန်ဘဏ်ခွဲ) ဒုတိယဥက္ကဋ္ဌ ဖန်ဂျင်းဂျန်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတွင် တရုတ်ဖွံ့ဖြိုးမှုဘဏ်၏ ပူးပေါင်းဆောင်ရွက်နိုင်မှု မိတ်ဆက်ခြင်းဖြင့် လည်းကောင်း၊ ရန်ကုန်မြို့သစ် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဝေက ရန်ကုန်မြို့သစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Ali Cross-border Ecommerce Research Centre ဒါရိုက်တာ ဝူယန်ချန်းက နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်စီးပွားရေးဘဏ် (ရန်ကုန်ဘဏ်ခွဲ) ဥက္ကဋ္ဌ ဟီဘီကျန်က ဘဏ္ဍာငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဓိကကျသော ကဏ္ဍတစ်ခု

နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေရန်ရည်ရွယ်ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို နှစ်နိုင်ငံအစိုးရအဖွဲ့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါစီးပွားရေးစင်္ကြံသည် Belt and Road Initiative စီမံကိန်း၏ အဓိကကျသော ကဏ္ဍတစ်ခုတွင် ပါဝင်သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က နှစ်နိုင်ငံ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးကျေးဇူးပြုမှုနှင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်မှုကို သဘောတူညီခဲ့ကြသည်။ ၂၀၁၈ ခုနှစ်ကစပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည် ဖော်ဆောင်မှုသည် အရှိန်အဟုန်မြှင့်တိုးတက်မှုရရှိလာခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ ဟီလီဖန်တို့သည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံအကြီးအကဲများကိုယ်စား လက်မှတ်ရေးထိုးခဲ့သည်။

များစွာအကျိုးကျေးဇူးဖြစ်ထွန်း

အဆိုပါ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးကို ပိုမိုလက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ ယူနန်စီရင်စု အစိုးရနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်ကို ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စီးပွားရေးစင်္ကြံဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအပါအဝင် စီးပွားရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအတွက် နှစ်နိုင်ငံ စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ် ပိုးလမ်းမစီမံကိန်း၊ ဘဏ္ဍာရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေခဲ့ကြောင်း သိရသည်။

အောင်ကျော်ကျော်၊ မြင့်မြင့်ချို

ရန်ကုန်စာအုပ်လမ်းတွင် စာကြည့်တိုက်ဥပဒေကြမ်း၊ စာပေ ပဟေဠိ၊ ဝတ္ထုမှသည် ရုပ်ရှင်ဟောပြောပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယနေ့ ရန်ကုန်စာအုပ်လမ်းတွင် စာကြည့်တိုက် ဥပဒေကြမ်းဆွေးနွေးပွဲ၊ ကိုအေးမင်းစိုး(အလင်းဆက်-IR)ရေးသည့် ကိုလိုနီခေတ်က ရုပ်ရှင်ဒါရိုက်တာ ဦးစန္ဒီ စာအုပ်မိတ်ဆက်ပွဲ၊ မေးကြည့်ဖြေကြည့်စာပေပဟေဠိ၊ ဒါရိုက်တာကြည်စိုးထွန်း၏ ဝတ္ထုမှသည်ရုပ်ရှင်ဟောပြောပွဲ အစီအစဉ်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းတွင် ဘုမ္မဗေဒယျလူထုဖွံ့ဖြိုးရေးအသင်းနှင့် Save the Library၊ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဦးသိန်းလွင်တို့က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်ဥပဒေအား ဦးဆောင်ဆွေးနွေးကြကာ တက်ရောက်လာကြသည့် စာကြည့်တိုက် ကျွမ်းကျင်ပညာရှင်များက စာကြည့်တိုက်ဥပဒေတွင် ပါဝင်သင့်သည့်အရာများကို ဆွေးနွေးကြပြီး ရလဒ်များကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆွေးနွေးသွားမည်ဟု သိရသည်။

ထို့ပြင် ကိုအေးမင်းစိုး(အလင်းဆက်-IR)သုတေသနပြုကာ ရေးသားထားသည့် ကိုလိုနီခေတ်က ရုပ်ရှင်ဒါရိုက်တာ ဦးစန္ဒီ စာအုပ်အကြောင်းကို မိတ်ဆက်ဟောပြောသည်။

မေးကြည့် ဖြေကြည့်စာပေ ပဟေဠိကဏ္ဍတွင် စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် စာရေးသူနှင့်ရေးသားသည့် စာအုပ်အမည်များကို အလှမယ် အယ်လီနာဝင်းက မေးမြန်းပြီး ဖြေဆိုနိုင်သည့် စာပေချစ်သူများအား လုံးချင်းဝတ္ထုစာအုပ်များကို ဆုလက်ဆောင်အဖြစ် ပေးအပ်သည်။

ဒါရိုက်တာကြည်စိုးထွန်း၏ ဝတ္ထုမှသည် ရုပ်ရှင်ဟောပြောပွဲတွင် ဝတ္ထုများသည် ရုပ်ရှင်အပေါ်သက်ရောက်မှုရှိမှု၊ စာပေနှင့်ရုပ်ရှင်ပညာဆက်စပ်မှု၊ လူငယ်ဒါရိုက်တာများ၏ အရည်အချင်းတွင် စာပေပညာပေါင်းစပ်ပါက ပိုမိုအောင်မြင်နိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး ပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်(စနေ-တနင်္ဂနွေ)စာအုပ်လမ်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့တွင် အပတ်စဉ် စာအုပ်ဆိုင်များဖွင့်လှစ်ကာ ကလေးစာပေ၊ လူကြီးစာပေအမျိုးမျိုးကို ရောင်းချလျက်ရှိပြီး စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ဖျော်ဖြေပွဲအစီအစဉ်များကို နေ့စဉ်သတင်းစာများနှင့် YangonBookStreet လူမှုကွန်ရက်မှ ကြေညာပေးလျက်ရှိသည်။

ရန်ကုန်စာအုပ်လမ်း၌ စာအုပ်စာပေများ ရောင်းချပေးနေမှုကို တွေ့ရစဉ်။

သန့်စင်ဝင်း-MNA၊ ဓာတ်ပုံ-ရဲထွဋ်

Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ရိုက်ကူးနေမှုကို ပြည်သူများလာရောက်ကြည့်ရှုလေ့လာကြစဉ်။ ဓာတ်ပုံ -တင်အေး(ပြန်/ဆက်)

Line Walker -2 ရုပ်ရှင်ဇာတ်ကား ပြည်သူအများအပြားလာရောက်ကြည့်ရှု၊ ကြည့်ရှုလေ့လာသူများအတွက် ဖျော်ဖြေမှုတစ်ခုအသွင်ဖြစ်လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့လယ်ကောင်ရှိ ဆူးလေဘုရားနှင့် မြို့တော်ခန်းမအနီး Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ဆက်လက်ရိုက်ကူးလျက်ရှိရာ ရုံးပိတ်ရက်စနေ၊ တနင်္ဂနွေတွင် ပြည်သူအများအပြားကို ဖျော်ဖြေမှုပေးနေသော ရုပ်ရှင်ရိုက်ကွင်း တစ်ခုသဖွယ် ဖြစ်လာသည်ကို တွေ့ရသည်။

Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ရိုက်ကူးရန်ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ယနေ့ရိုက်ကူးသည့် ဟောင်ကောင် အက်ရှင်ဇာတ်ကား Line Walker-2 တွင် ရဟတ်ယာဉ်ပျံသန်းသည့် ဇာတ်ဝင်ခန်းများ၊ သေနတ်ပစ်ခတ်မှုများနှင့် ဒုစရိုက်ဂိုဏ်းအား နှိမ်နင်းရာတွင် ကားချင်းတိုက်၍ ပစ်ခတ်မှုများ ပါဝင်နေ၍ ရုံးပိတ်ရက်တွင် ပြည်သူများအား ဖျော်ဖြေမှုပေးနေသည်နှင့် တူသည်ဟု တောင်ဒဂုံမှ လာရောက်ကြည့်ရှုသူ ကိုရဲလင်းက ပြောသည်။

လမ်းမတော် ၁၃ လမ်းတွင် နေထိုင်သည့် ကိုစိုးနိုင်ကလည်း "ဒါမျိုးတစ်ခါမှ မမြင်ဖူးလို့ လာကြည့်တာ။ မြန်မာနိုင်ငံမှာ ဒီလောက်ကြီးကြီးကျယ်ကျယ် ရိုက်ပြတာ မတွေ့ဖူးဘူး။ ဒီနေ့ လာကြည့်တဲ့လူဆို ထောင်ဂဏန်းလောက် ရှိတယ်။ ပစ်ခတ်တာတွေ တွေ့တယ်။ ရဟတ်ယာဉ်လည်း တွေ့တယ်" ဟု ပြောသည်။

Line Walker-2 ရုပ်ရှင်ကား ဇာတ်ဝင်ခန်းရိုက်ကူးရာတွင် လိုအပ်သည့် ရဟတ်ယာဉ်ကို Air Myanmar Aviation Services Co., Ltd က ငှားရမ်းပေးခြင်းဖြစ်ပြီး ရဟတ်ယာဉ်ပျံသန်းရန်မဖြစ်နိုင်သဖြင့် ကရိန်းဖြင့် မ ၍ ပျံသန်းမှု ပုံစံပြုလုပ် ရိုက်ကူးလျက်ရှိသည်။

" Line Walker-2 မှာ ရဟတ်ယာဉ် ထည့်သွင်းပြီး ရိုက်မယ်ဆိုတော့ ကျွန်တော်တို့ကို လာဆက်သွယ်တယ်။ သူတို့ကလည်း ဇာတ်လမ်းထဲမှာ ပါတာမို့ မရမက အကူအညီ တောင်းတယ်။ ဒီတော့ ကျွန်တော်တို့က စဉ်းစားတယ်။ ပထမကတော့ လေယာဉ်ကွင်းကနေ ဆူးလေနားကို မောင်းမယ်။ ပြီးရင် ရုပ်ရှင်ရိုက်မယ်ပေါ့။ ကန့်သတ်ချက်တွေကြောင့် ရဟတ်ယာဉ်က ပျံလို့မရဘူး။ ဒါကြောင့် ပန်ကာတွေ၊ ဘလိတ်ခ်တွေ အချောင်းလိုက်ဖြုတ်၊ ကရိန်းနဲ့မပြီး ဆူးလေကို ကွန်တိန်နာနဲ့ သယ်တယ်။ ဘာအခွင့်အရေးရလိုက်သလဲဆိုတော့ ရဟတ်ယာဉ်နဲ့ ပြည်သူကို ကယ်တယ်ဆိုတဲ့ အခန်းလေးပါတဲ့အတွက် ဘာပဲဖြစ်ဖြစ် စိတ်မချလည်း တတ်နိုင်သလောက် သတိထားပြီးတော့ ဝိုင်းကူညီကြရင်တော့ တိုင်းပြည်ရဲ့ အနေအထားမြင်ကွင်းတွေကို ကမ္ဘာက သိသွားမယ်။ ပြည်သူလူထုလည်း မြင်ရမယ်ဆိုပြီးတော့ လုပ်ဖြစ်တာ" ဟု Air Myanmar Aviation Services Co., Ltd ၏ MD ဦးရဲမြင့်က ပြောသည်။

ရန်ကုန်မြို့လယ်ကောင် ဆူးလေလမ်းမပေါ်၌ တတိယနေ့ရိုက်ကူးမှုအဖြစ် ရိုက်ကူးနေသည့် Line Walker -2 ရုပ်ရှင်ဇာတ်ကားကြောင့် လမ်းပိတ်ဆို့မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်မှုကြီးကြပ်ကွပ်ကဲရေးအာဏာပိုင်အဖွဲ့(YRTA)၊ YBS ယာဉ်လိုင်း အဖွဲ့အစည်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့ အစည်းများအားလုံးက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး အာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က "Line Walker-2 မရိုက်ခင်ကတည်းက သက်ဆိုင်ရာလူကြီးတွေနဲ့ ကျေလည်အောင် ညှိနှိုင်းပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးအပိုင်းမှာ အဆင်ပြေအောင် စဉ်းစားတဲ့အခါမှာ အခု ပိတ်ထားတဲ့ ဆူးလေဘုရားလမ်းကို ဝင်တဲ့ကားလိုင်းက ၁၀ လိုင်းရှိပါတယ်။ ဒီ ၁၀ လိုင်းကို ပြောင်းဖို့အတွက် စဉ်းစားတဲ့အခါ ဖေဖော်ဝါရီ ၂၂ ရက်ကစပြီး လိုင်းမှာရှိတဲ့ သူတွေကို တာဝန်ချတယ်။ YRTA ၊ စည်ပင်နဲ့ ယာဉ်ထိန်းရဲတို့ဘက်ကလည်း တာဝန်ချပေးထားတာ ရှိပါတယ်။ အခုလို လာရောက်ရိုက်ကူးမှုဟာ ရခဲတဲ့အခွင့်အရေးဖြစ်လို့ တကယ့်ကို အဆင်ပြေချောမွေ့အောင်လုပ်ထားပါတယ်" ဟု ပြောသည်။

ပြည်သူများ၏ အားလပ်ရက်ဖြစ်သည့် တနင်္ဂနွေတွင် Line Walker -2 ရုပ်ရှင်ကား ဇာတ်ဝင်ခန်းရိုက်ကူးမှုကို လာရောက်ကြည့်ရှုသူ ပိုမိုများပြားခဲ့ပြီး ထမင်းချိုင့်များဖြင့်ပင် လာရောက်ကြည့်ရှုသူများရှိခဲ့သည်။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး အတွင်းရေးမှူး ဦးသာကျော်က "ပြည်သူလူထုအနေနဲ့ လမ်းပိတ်ဆို့ခြင်းကြောင့် အခက်အခဲမရှိအောင် စီစဉ်ထားပါတယ်။ ယာဉ်လိုင်း အဖွဲ့အစည်း ခြောက်ခုမှ ဝန်ထမ်းတွေ၊ တာဝန်ခံတွေ ကိုယ်တိုင် မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနေပါတယ်။ အခု ရိုက်ကွင်းက ဖျော်ဖြေမှုလို ဖြစ်သွားတယ်။ တချို့ဆို ထမင်းချိုင့်နဲ့ကို လာတယ်။ ရဟတ်ယာဉ် ဘယ်အချိန်လာမလဲ၊ မင်းသား ဘယ်အချိန်လာမလဲဆိုတာ ကြည့်ချင်လို့ ထမင်းချိုင့်နဲ့ကို လာတာ။ ပြည်သူလူထုက မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ဇွဲရှိရှိနဲ့ ဖျော်ဖြေမှုတစ်ခုလို ကြည့်နေတော့ ပင်ပန်းပေမယ့် စိတ်ချမ်းသာပါတယ်"ဟု ပြောသည်။

" ပြည်သူလူထုအနေနဲ့ လမ်းပိတ်ဆို့ခြင်းကြောင့် အခက်အခဲမရှိအောင် စီစဉ်ထားပါတယ်။ ယာဉ်လိုင်း အဖွဲ့အစည်း ခြောက်ခုမှ ဝန်ထမ်းတွေ၊ တာဝန်ခံတွေ ကိုယ်တိုင် မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနေပါတယ်။ အခု ရိုက်ကွင်းက ဖျော်ဖြေမှုလို ဖြစ်သွားတယ်။ တချို့ဆို ထမင်းချိုင့်နဲ့ကို လာတယ်။ ရဟတ်ယာဉ် ဘယ်အချိန်လာမလဲ၊ မင်းသား ဘယ်အချိန် လာမလဲဆိုတာ ကြည့်ချင်လို့ ထမင်းချိုင့်နဲ့ကို လာတာ"

YBS (36) ယာဉ်မောင်း ဦးရဲထွေးက "ဇာတ်ကားရိုက်နေတဲ့ ကာလအတွင်း မနက်ပိုင်းနဲ့ ညနေပိုင်းမှာ လာကြည့်သူတွေ များတယ်။ မနက်က အခေါက်ကဆို ပိတ်ရက်ဖြစ်ပေမယ့် ရုပ်ရှင်ရိုက်တာကြည့်မလို့ဆိုပြီး စီးလာတဲ့သူတွေအများကြီးပဲ။ လာကြည့်သူတွေ များတယ်။ ဆူးလေ ဘယ်ဘက်ခြမ်း ပိတ်လို့ လမ်းလွှဲမောင်းပေးရပေမယ့် ကွာခြားမှုမရှိပါဘူး။ အရင်တိုင်းပါပဲ။ ကျွန်တော့်ယာဉ်လိုင်းက အောင်မင်္ဂလာ အဝေးပြေးနဲ့ ဆူးလေနဲ့ ပြေးဆွဲတဲ့ ယာဉ်လိုင်းပါ။ အဝေးပြေးက ထွက်လာတယ်ဆိုရင် အခုရိုက်ကွင်းရှိတဲ့ ဆူးလေ ဘယ်ဘက်အခြမ်းမှာ ဆင်းမယ့်သူတွေ အနီးစပ်ဆုံးဆင်းနိုင်အောင် မဟာဗန္ဓုလ ပန်းခြံလမ်းထိပ်မှာချပေးပါတယ်။ နောက် မြို့တော်ခန်းမကို ပတ်ပြီးတော့ ပြေးဆွဲပေးတယ်။ ခရီးသည်တွေ အားလုံး အဆင်ပြေကြပါတယ်။ အခက်အခဲမရှိပါဘူး"ဟု ပြောသည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ဆူးလေစေတီတော်မှ အနော်ရထာလမ်း ခုံးကျော်တံတားထိပ်အထိ ဘယ်ဘက်လမ်းတစ်ခြမ်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ခေတ္တပိတ်၍ ရိုက်ကူးနေခြင်းဖြစ်သော်လည်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းပေးလျက်ရှိသည်။

ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဆွေမွန်က "ရိုက်ကွင်းရိုက်ဖို့အတွက် ကားတွေ အဆင်မပြေတာတွေ၊ နေရာအခက်အခဲဖြစ်တာတွေအတွက် အခက်အခဲမဖြစ်အောင် ကြိုတင်ပြီးတော့ ကြေညာပေးတယ်။ ကြိုတင်ရှင်းလင်းပေးပါတယ်။ သက်ဆိုင်ရာ စည်ပင်၊ ယာဉ်ထိန်း၊ အုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းက သူတွေရှိတော့ လမ်းပိတ်ထားပေမယ့် ဌာနဆိုင်ရာတွေ အားလုံးပူးပေါင်းဆောင်ရွက်တယ်။ ကြီးကြီးမားမား ယာဉ်ကြောပိတ်ဆို့မှုကို မတွေ့ရဘူး။ ဒီနေ့ ရိုက်ကူးရေးကို လာကြည့်တဲ့သူ တော်တော်လေးများတယ်။ ရဟတ်ယာဉ်နဲ့ ရိုက်ကူးရေးတွေလည်း ပါမယ်ဆိုတာ ကြိုသိနေတော့ ရိုက်ကူးသမျှ ရက်တွေထဲမှာ ဒီနေ့ လာကြည့်တာ အများဆုံးပဲ။ ပိတ်ရက်လည်းဖြစ်တယ်။ ကားလည်း ရှင်းတယ်။ ဒီနားဝန်းကျင်မှာ ရုပ်ရှင်ကြည့်၊ ဘုရားဖူး လာတဲ့သူတွေလည်း ရှိတယ်ဆိုတော့ မြို့လယ်ကောင်မှာ ကြည့်ရှုသူတွေနဲ့ စည်ကားနေတာပေါ့"ဟု ပြောသည်။

ဗိုလ်တထောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုးက "ပြည်သူတွေ ထောင်ချီပြီးလာတယ်။ အက်ရှင်ကားဆိုတဲ့အတိုင်း တကယ့်ကို ဖြစ်နေတဲ့ပုံစံတွေ မြင်တွေ့ရတယ်။ သရုပ်ဆောင်တွေက ပီပီသသ သရုပ်ဆောင်နေတာ တွေ့ရတယ်။ ရခိုင်ပြည်နယ်အရေးကြောင့် မသွားရဲဘူး၊ မလာဘူးလို့ နိုင်ငံတကာက မြင်နေတဲ့အမြင်တွေကို အခုလို ကုမ္ပဏီကြီးက လာရိုက်ပြတယ်။ အေးအေးချမ်းချမ်း ရှိတယ်ဆိုတာကို ပြနိုင်တဲ့အတွက် ကျွန်မတို့နိုင်ငံရဲ့ ပုံရိပ်က လှတယ်။ နောက် ဘုရား၊ ခရစ်ယာန်ကျောင်း၊ ဗလီ စတာတွေ တစ်စုတစ်ဝေးတည်းတွေ့ရတဲ့အခါကျတော့ ကျွန်မတို့အားလုံးက ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ အေးအေးချမ်းချမ်းနေထိုင်နေတယ်ဆိုတာ ပြသရာရောက်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာက လာရိုက်တာကို ကြိုဆိုပါတယ်။ နောက်လာရိုက်ဦးမယ်လို့ သိရတဲ့အတွက်လည်း အများကြီး ဝမ်းသာပါတယ်" ဟု ပြောသည်။

Line Walker -2 (Operation Midnight Shadow) ရုပ်ရှင်၏ ရိုက်ကူးရေးဇာတ်ဝင်ခန်းနှင့် အပြင်အဆင်များကို ရိုက်ကူးရေးအဖွဲ့သားများက နံနက် ၆ နာရီမှ စတင်၍ ညနေ ၆ နာရီအထိ အချိန်ယူရိုက်ကူးခဲ့ကြပြီး ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားသည်။

ဟောင်ကောင်ရုပ်ရှင် Line Walker-2 အက်ရှင်ဇာတ်ကားသည် ရန်ကုန်မြို့ရှိ ပြည်သူများအတွက် ဖျော်ဖြေမှုအသွင်ဆောင်နေပြီး ရိုက်ကူးမှုနောက်ဆုံးနေ့ ဖေဖော်ဝါရီ ၂၆ ရက်အထိ လာရောက်ကြည့်ရှုသူ များပြားနေဦးမည်ဖြစ်သည်။

သတင်း...ညွန့်ကိုကို
ဓာတ်ပုံ..ရဲထွင်

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ (၁၁) ကြိမ်မြောက် ယှဉ်ပြိုင်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ မာရှယ်အတ်ဂရု(ပ်)နှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (ဂျပန်) တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ (ဂျပန်) ပွဲစဉ် (၁၁) သို့ သွားရောက်ယှဉ်ပြိုင်ရန် ဦးလင်းထက်အောင် ခေါင်းဆောင်ပြီး အဖွဲ့ဝင် ရှစ်ဦးပါ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညက ဂျပန်နိုင်ငံ တိုကျိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အောက်ပုံ)**

အဆိုပါ အဖွဲ့တွင် မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များအဖြစ် တိုခဲရှီ(ဂျပန်) နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ရှမ်းကို (AMT2 ကလပ်)၊ ကိန်းကော်နာ (နယူးဇီလန်) နှင့် ထိုးသတ်ရန် စောမင်းအောင် (တောင်ကလေးကလပ်)၊ အီခယူစိုးဂျွန် (ဂျပန်) နှင့် ထိုးသတ်ရန် ရဲသွေးနီ (တောင်ကလေးကလပ်) တို့ လိုက်ပါသွားကြသည်။ အခြား တွဲဆိုင်းများမှာ ဂျိုဂျိုဂိုဒို (ဂျပန်) နှင့် ခွန်ဒိုးယောင် (တောင်ကိုရီးယား)၊ လိုကုကု (ကွန်ဂို) နှင့် ခိုင်ချီ (မလေးရှား)၊ ဟီကာရှီ (ဂျပန်) နှင့် ဖိလစ်ရက်ပလစ် (နယူးဇီလန်) တို့ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် တိုကျိုမြို့ ကိုလကုအန်ခန်းမ၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဦးဆုံးအကြိမ်အဖြစ် MNTV မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လေးကြိမ်သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့အတွက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အဓိကပံ့ပိုးပေးထားကြောင်းလည်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲ ယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့သို့ ထွက်ခွာသွားသည်။ **(အောက်ပုံ)**

ရှမ်းယူနိုက်တက်အသင်းတွင် **အဖွဲ့ခေါင်းဆောင်** -ဦးရဲမျိုးထွန်း၊ **အုပ်ချုပ်သူ**-ဦးဟန်ဝင်းအောင်၊ **နည်းပြချုပ်**-ဦးမင်းသူ၊ **နည်းစနစ်ဒါရိုက်တာ** - ဦးအောင်နိုင်၊ **လက်ထောက်နည်းပြ** - ဦးအောင်ကျော်ထွန်း၊ ဦးစိုးမင်းဦး၊ **ဂိုးနည်းပြ**-ဦးအောင်သက်၊ **ဂိုး** - ဘုန်းသစ္စာမင်း၊ မျိုးမင်းလတ်၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဒီဒီမာ၊ ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ ရဲမင်းသူ၊ ဇော်လင်းဦး၊ **အလယ်တန်း**-ဆွမ်လမန်၊ ဆက်ဖြိုးဝေ၊ နာကာမူရာ၊ ရန်နိုင်ဦး၊ ရဲရင့်ထွန်း၊ ထက်ဖြိုးဝေ၊ ဂူစတာဗို၊ **ရှေ့တန်း**- ဇင်မင်းထွန်း၊ မေကွန်၊ ဒွေးကိုကိုချစ် တို့ လိုက်ပါသွားသည်။ ရှမ်းယူနိုက်တက်အသင်းတွင် ဒဏ်ရာရနေသည့် ပြည်တွင်းကစားသမားများမှ လွဲ၍ လူစုံရွေးချယ်သွားပြီး ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၆ ရက် တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုတွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ ပါစီဂျာဂျကာတာ (အင်ဒိုနီးရှား)၊ ဘင်ဒေါင်း (ဗီယက်နမ်) တို့နှင့် ကျရောက်နေသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ရှမ်းယူနိုက်တက်

မူခင်းဖြစ်ပွားမှု လျှော့နည်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူခင်းအသိပညာပေးဆောင်ရွက်

အင်းစိန်

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မောင်မောင်အေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဇင်ဇီယာလမ်း ဓမ္မာရုံ၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှု မဖြစ်ပွားစေရေး သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

အလားတူ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ အမှတ်(၃)ရပ်ကွက်၊ လမ်းသွယ်(၁) လမ်း၊ ဓမ္မာရုံတွင် အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးခိုင်နှင့် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ဦးအောင်ဇေယျရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ ဥက္ကံနယ်မြေ ရဲစခန်းမှူး ရဲအုပ်မျိုးထွန်းတို့သည် သက်ငယ်မုဒိမ်းမှု လျှော့နည်းပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြသည်။

မြန်မာ့အလင်း

ဝမ်းတွင်း

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ကျော်နိုင်စိုး ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်နံနက် ၁၁ နာရီက ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာ ဓမ္မာရုံ၌ မူခင်းကျဆင်းရေးဟောပြောပွဲပြုလုပ်ရာ သခွတ်မြင့်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူ ၇၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

ဥတ္တရသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူးမင်းတင် ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က ဥတ္တရသီရိရပ်ကွက်၌ လုပ်ငန်းခွင်ဝင်နေသော ဆောက်လုပ်ရေးလုပ်သားများကို မူးယစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းနှင့် မူခင်းအသိပညာပေးမှုများ ဆောင်ရွက်ကြောင်းသိရသည်။ **ကိုကိုနေ**

❍ *ကျောဖုံးမှ*

အောင်မြင်ခဲ့သည့် ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၆ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါက်တာအောင်ကျော်ဦး၊ **နည်းစနစ်အကြံပေး**-ဦးအေးမောင်ကြီး၊ **နည်းပြချုပ်**-ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြ**-ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ**-ဒေါ်မေခင်ယမင်း၊ ကစားသမားများ အဖြစ် **ဂိုးသမား**-ပိုးဉ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ **နောက်တန်း**-နော်လာအယ်ဝါ၊ ဝင်းဝင်းလဲ့၊ ဖြူဖြူဝင်း၊ ဆောင်းနှင်းဖွေး၊ ကေကေ၊ မေသက်မွန်မြင့်၊ မေသွေးကို၊ မေသူခိုင်၊ **အလယ်တန်း**-သန်းသန်းစိုး၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း၊ ဝေဖူးအိမ်၊ ဂျူလိုင်ချာ၊ ရတနာဦး၊ နှင်းပွင့်အေး၊ ဇင်မာထွေး၊ **ရှေ့တန်း**-မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ရွှေဇင်မင်းတို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

လက်စတာနည်းပြ ဖျူရယ်ကို ထုတ်ပယ်

လက်စတာစီးတီးအသင်းသည် နည်းပြကလောက်ဒီဖျူရယ်အား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၅၇ နှစ်အရွယ်ရှိ ဖျူရယ်သည် လက်စတာစီးတီး အသင်းအား ၁၆ လ ကြာကိုင်တွယ်ပြီးနောက် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ပြီး ၎င်းကိုင်တွယ်သည့် ပရီမီယာလိဂ် နောက်ဆုံးခြောက်ပွဲတွင် ငါးပွဲအထိ ရှုံးနိမ့်ခဲ့ကြောင်းလည်း သိရသည်။

မက်ဆီ ဟက်ထရစ်အကြိမ် ၅၀ ပြည့်

ယမန်နေ့က လာလီဂါပွဲစဉ် ၂၅ အဖြစ် ဆီဗီလာအသင်းအား ဘာစီလိုနာအသင်းက လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် ဟက်ထရစ်ရယူပေးနိုင်ခဲ့သော မက်ဆီသည် ၎င်း၏ ကစားသမားဘဝ ဟက်ထရစ်အကြိမ်ရေ ၅၀ ပြည့်မြောက်ခဲ့ပြီး ဘာစီလိုနာနှင့် အာဂျင်တီးနားအသင်းတို့အတွက် ဂိုးပေါင်း ၆၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်ဘတ်ပီ ဂိုး ၅၀ ပြည့် အငယ်ဆုံးကစားသမားဖြစ်လာ

ယမန်နေ့က လီဂူးဝမ်းပွဲစဉ် ၂၆ အဖြစ် ပီအက်စ်ဂျီအသင်းက နီမက်စ်အသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော အမ်ဘတ်ပီသည် လီဂူးဝမ်း၌ ဂိုး ၅၀ ပြည့်မြောက်ခဲ့ ကြောင်း သိရသည်။ အမ်ဘတ်ပီသည် လီဂူးဝမ်း၌ ထိုကဲ့သို့ ဂိုး ၅၀ ပြည့် မြောက်ခဲ့မှုသည် နှစ်ပေါင်း ၄၅ နှစ်အတွင်း အသက်အငယ်ဆုံး ကစားသမား အဖြစ် မှတ်တမ်းဝင်ခဲ့ကာ ယခုနှစ်ရာသီ ပီအက်စ်ဂျီအသင်းအတွက် လီဂူး ဝမ်း ပွဲ ၂၀ ၌ ၂၂ ဂိုး သွင်းယူထားနိုင်ပြီး ပြိုင်ပွဲစုံ ၃၀ ပွဲတွင်လည်း ၂၇ ဂိုးအထိ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

ရာကီတစ်ကိုခေါ်ယူရန် စောင့်ကြည့်နေ

မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ဘာစီလိုနာအသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား ရာကီတစ် (၃၀နှစ်) အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

✤ *ကျောဖုံးမှ*

"ကျွန်တော်တို့ ပြိုင်ပွဲအတွက် အတန်း ၂၂ တန်းပြည့် ယှဉ်ပြိုင်သွားမှာပါ။ တစ်တန်းမှာ နှစ်ယောက်ဝင်ပြိုင်မယ်။ ဒီနေ့ ရွေးချယ်တဲ့ကစားသမားတွေက ပြိုင်ပွဲမှာ ဝေးနေတဲ့အတွက် တချို့အားကစားသမားတွေ ကျေနပ်အားရမှုရှိသလို တချို့ကစားသမားတွေ မကောင်းသေးပါဘူး။ ဒါပေမယ့် ရက်ပေါင်း ၅၅ ရက် အချိန်ရှိပါသေးတယ်။ ကစားသမားအားလုံးက လေ့ကျင့်ထားတဲ့အတွက် ဒီထက်ပိုပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပြိုင်ပွဲများ ဖြစ်သည့် အမျိုးသားအသက် ၂၁ နှစ်အောက်၊ အလွတ်တန်း၊ ကီလိုတန်းလိုက် ပြိုင်ပွဲများ၊ သက်ကြီးတန်း၊ အမျိုးသား Althletic ၊ Sport physique ၊ ၁၇၀ စင်တီမီတာအောက်၊ ၁၇၀ စင်တီမီတာအထက်၊ အမျိုးသား Fitness ၊ အမျိုးသမီး Althletic Physique ၊ Model Physique ၊ ၁၆၅ စင်တီ မီတာအောက်၊ အထက်၊ အမျိုးသမီး Fitness Physique ၊ အမျိုးသား+အမျိုးသမီး Mixed Pairs ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယ ကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံ၊ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ အပါအဝင် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားတို့ ပါဝင်ယှဉ်ပြိုင်ပြီး အားကစားသမား ၁၂၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

ပရီမီယာလိဂ်ပွဲစဉ် ၂၇ ဆက်လက်ယှဉ်ပြိုင်
မန်ယူနှင့် လီဗာပူး အကြိတ်အနယ် ယှဉ်ပြိုင်ရင်း တစ်မှတ်စီခွဲယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် ၂၇ တနင်္ဂနွေည ပွဲစဉ်များမှ မန်ယူနှင့် လီဗာပူးပွဲမှာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့ပြီး အာဆင်နယ်က ဆောက်သမ်တန်ကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် လီဗာပူးပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပွဲစစချင်းနှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် မန်ယူကစားသမားသုံးဦးဖြစ်သော ဟာရဲရား၊ မာတာနှင့် လင်ဂတ်တို့ ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ပြီး ယှဉ်ပြိုင်ခဲ့ရာ ဒုတိယပိုင်းပွဲပြီးချိန်ထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် ဧည့်သည်လီဗာပူးသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် အနေဖြင့် မန်ယူက ၁၂ ကြိမ်ရရှိခဲ့ပြီး လီဗာပူးက ၁၃ ကြိမ် ရရှိခဲ့သည်။

အာဆင်နယ်နှင့် ဆောက်သမ်တန်ပွဲတွင် အိမ်ကွင်း၌ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၆ မိနစ်တွင် လာကာဇတ်တီက သွင်းယူခဲ့ပြီး ၁၇ မိနစ်တွင် အမ်ခီတာရမ်က သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ် တစ်ပွဲဖြစ်သော လက်စတာနှင့် ပဲလေ့စ်ပွဲတွင် အဝေးကွင်း၌ ပဲလေ့စ်အသင်းက လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

သီဟ

လှိုင်သာယာ-တွံတေးကားလမ်းဘေး ပန်းလှိုင်တံတားအဆင်းရှိ ဆီသိုလှောင်ခြံ မီးလောင်မှုဖြစ်

လှိုင်သာယာ ဖေဖော်ဝါရီ ၂၄

လှိုင်သာယာ-တွံတေး ကားလမ်းဘေး ပန်းလှိုင်တံတားအဆင်း၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ပန်းလှိုင်တံတားအဆင်း ဘုရားငူကျေးရွာအနီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းလှိုင်တံတားအဆင်း ဘုရားငူကျေးရွာအနီး တွံတေး-လှိုင်သာယာ ကားလမ်းဘေးရှိ စက်သုံးဆီများ သိုလှောင်ထားသည့် ၆၀ ပေ ၈၀ ပတ်လည် ခြံအတွင်း၌ ဓာတ်ဆီဘောက်ဆာယာဉ် နှစ်စီးမှာ ဆီလှယ်ရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်နှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် ၂၉ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီးနှင့် အထောက်အကူပြုယာဉ် ၁၈ စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ နှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် 7K-95/------- ယာဉ်နှင့် O/87------- ဆီဘောက်ဆာယာဉ်နှစ်စီး၊ ဆီသယ်ယာဉ်တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည့်အပြင် ဒီဇယ်ဂါလန် ၄၁၀၀ နှင့် ဓာတ်ဆီဂါလန် ၂၀၀၀ ခန့်တို့ မီးလောင်ဆုံးရှုံးခဲ့ကာ ဆီခြံလုပ်သား မင်းထွန်းနိုင်၊ အရန်မီးသတ်မှ ဒုတပ်ကြပ်အောင်ကျော်ဝင်း (၂၁ နှစ်) တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား လှိုင်သာယာဆေးရုံ၌ ပြင်ပလူနာ(မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မီးအားပေါ်ဆစ္စာ သုံးစွဲသူ ဦးကျော်ညွန့် (ဆိုင်မန်နေဂျာ) ဘုရားငူကျေးရွာအနီးနေသူအား ခလောက်ချိုက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

စက်သုံးဆီ သိုလှောင်ခြံ မီးလောင်နေမှုအား မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂၅-၂-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - "Line Walker-2 မှသည်" (အပိုင်း-၄)
- ၈း၄၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၂၀ - BBC Click
- ၉း၃၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Fontainoblueau" (France)
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (သမိုင်းဘာသာရပ်)
- ၁၁း၀၀ - မွေးမြူရေးရာအဖြာဖြာ "မြိတ်ကျွန်းစုမှ ပုစွန်အဆင့်မြင့်မွေးမြူထုတ်လုပ်ရေး"
- ၁၁း၂၀ - လုံမမှတ်စု(၇၆)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၄း၁၀ - Tasty Trip

ညပိုင်း

- ၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "ဝက်သက်ရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၄၀ - Yes or No Talk Show
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "သတင်းစာများနှင့် ဥပဒေအမြင်" (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" အပိုင်း(၈၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "မြတ်နိုးကြည်မွေ့ သံရွာဝေလေ့"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၄)

အောင်ပန်းမြို့တွင် လူနေအိမ်တစ်လုံး မီးလောင်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ကလော ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ရပ်ကွက်(၃) ပြင်သာလမ်းတွင် ဖေဖော်ဝါရီ ၂၃ ရက် ည ၉ နာရီခန့်က လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ကာ တစ်ဦးသေ၍ တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ပန်းမြို့နေသူ ဒေါ်အုံးကျင်(၇၅ နှစ်)၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ် မီးဖိုမီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ရာ အဆိုပါ မီးလောင်ရာသို့ ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွေး၊ အောင်ပန်းနယ်မြေ လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေရဲကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်အုံးကျင်တွင် ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ပြီး သားဖြစ်သူ စိုးမိုးနိုင် (၄၀ နှစ်)တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် အောင်ပန်း တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ မီးလောင်မှုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၃ နာရီက လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

သတင်းအရ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်ငါးစီးဖြင့် သွားရောက် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၃၅ မိနစ် တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ကိုးခန်းတွဲ နှစ်ဆောင်၊ အိမ်ထောင်စု ၂၁ စု နေထိုင်သော ဝန်ထမ်းလိုင်းခန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူများထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

အဆိုပါမီးလောင်မှုမှာ နေအိမ်လိုင်းခန်းမှဝိုင်ယာကြိုး အပူလွန်ကဲ၍ စတင်မီးလောင်ခဲ့သော အခန်းတွင် နေထိုင်သူအား ရေဆင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ထွန်းလင်း(ပြန်/ဆက်)

ကံမမြို့နယ်တွင် မီးရှို့မှုကြောင့် ပစ္စည်းအချို့နှင့် သုံးဘီးဆိုင်ကယ်ပျက်စီး

ကံမ ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့မရဲစခန်းအပိုင်နယ်မြေ စပယ်ခြံကျေးရွာတွင် ဖေဖော်ဝါရီ ၂၃ ရက် ည ၁၂ နာရီခွဲက လူနေအိမ်အား မီးရှို့ခံရ၍ နေအိမ်ရှိပစ္စည်းများ ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စပယ်ခြံကျေးရွာနေ ဦးလက်သန်းသည် ယမန်နေ့ ညက နေအိမ်၌ မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် ၎င်း၏နေအိမ် ခေါင်းရင်းဘက်တွင် မီးလောင်နေသည်ကို တွေ့ရှိပြီး တစ်ရွာတည်းနေ ဘိုဘိုအောင်အား မြင်တွေ့ရသဖြင့် မေးမြန်းရာ ထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်အား အကူအညီတောင်းခဲ့ရာ မီးကို ရွာသားများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်ကြောင့် နေအိမ်ရှိ ပစ္စည်းအချို့နှင့် သုံးဘီးဆိုင်ကယ်အမိုးတို့ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ကံမနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုကိုကျော်(ကံမ)**

ပင်လောင်း၊ ညောင်ရွှေ၊ ဖယ်ခုံနှင့် နမ့်ခမ်းမြို့နယ်တို့တွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပင်လောင်းမြို့နယ် မြေတိုင်ကျေးရွာ မြောက်ဘက်၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်အား ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များဦးစီးသည့် ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ညောင်ရွှေမြို့နယ် နန်းဟူးကြီးကျေးရွာပါ သုံးရွာတို့၌ ဘိန်းစိုက်ခင်း ၂၁ ဧကခန့်၊ ဖယ်ခုံမြို့နယ် နောင်လိုင်ကျေးရွာ၌ ဘိန်းစိုက်ခင်း လေးဧကခန့်၊ နမ့်ခမ်းမြို့နယ် ပန်းဆေးကျေးရွာ၌ ဘိန်းစိုက်ခင်းလေးဧကခန့် စုစုပေါင်း ဘိန်းစိုက်ခင်း ၄၉ ဧက ခန့် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

မရမ်းချောင်းစစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေးရာမှ ပိုင်ရှင်မဲ့ယာဉ်တစ်စီးဖမ်းမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ကျိုက်ထိုမြို့ဘက်သို့ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်က နန်းရဂုံထမင်းဆိုင်အနီး ရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တိုယိုတာကလူဂါ ပိုင်ရှင်မဲ့ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၈၅ သန်း၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၀ သန်း၊ စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈၉၅ သန်းအား ဖမ်းဆီးရမိခဲ့သည်။

သတင်းစဉ်

မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၅၀၀၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မောင်တောမြို့နယ်၌ ဖေဖော်ဝါရီ ၂၃ ရက်က လူသုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၉၆၅၀၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူဘင်၊ ဟာမစ်တူဆောင်းနှင့် မိုဟာမက်အာလီတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နတ်မြစ်အတွင်း ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၃ ရက် ည ၁၂ နာရီခန့်တွင် တစ်ဖက်နိုင်ငံဘက်ကမ်းသို့ ဆာလာအိတ်သုံးအိတ်နှင့်အတူ ဖြတ်ကူးနေသော မောင်တောမြို့နယ် ရေတွင်းပြင်ကျေးရွာနေ မိုဟာမက်အာလီ (၃၃ နှစ်) အပါအဝင် သုံးဦးအား တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့ကို စစ်ဆေးရာ ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၅၂၅၀ တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၉၃၀၅၀၀၀၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ကြိမ်ချောင်း နယ်မြေရဲစခန်း၌ အမှုဖွင့် စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ရေကြည်မြို့နယ်၌ မီးလောင်မှုဖြစ်

ရေကြည် ဖေဖော်ဝါရီ ၂၄

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သင်တောအိုင်ကျေးရွာတွင် ယမန့်နေ့ညနေ ၃ နာရီခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသာညဏ် (၈၈ နှစ်)၏ နေအိမ် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရ သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးနှင့် နွားတင်းကုတ်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် နေအိမ်ပိုင်ရှင်အား ရေကြည်မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အောင်သူဟန် (ပြန်/ဆက်)

ဂျပန်ဘုရင်အာကီဟီတို နန်းစံနှစ် အနှစ် ၃၀ပြည့် အခမ်းအနားကို အမျိုးသားကဇာတ်ရုံကြီးအတွင်း ကျင်းပ

တိုကျို ဖေဖော်ဝါရီ ၂၄

ဂျပန်ဘုရင်အကီဟီတို နန်းစံနှစ် အနှစ် ၃၀ ပြည့် အခမ်းအနားကို တိုကျိုမြို့တွင် တနင်္ဂနွေနေ့က ကျင်းပပြီး ဂျပန်ဘုရင်နှင့် မိဖုရားတို့ တက်ရောက်ခဲ့ကြသည်။ အမျိုးသားကဇာတ်ရုံကြီးအတွင်း ကျင်းပသော အဆိုပါပွဲသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများ၊ နိုင်ငံတော်တရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားသံတမန်များ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဝမ်းမြောက်ကြောင်းစကားပြောကြားရာတွင် ဘုရင်မှာ တိုင်းပြည်၏သင်္ကေတပင် ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကာလအတွင်း ပြည်သူများ စုစည်းညီညွတ်ခဲ့ကြောင်း၊ ဂျပန်ဘုရင် အကီဟီတိုသည်လည်း တာဝန်များကို စိတ်ရောကိုယ်ပါနှစ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူများနှင့်အနီးကပ် ရပ်တည်ပေးခဲ့ကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာတွင် အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေသည့်ကာလတွင် ဂျပန်ပြည်သူများသည် ဂျပန်နိုင်ငံ၏ တောက်ပသော အနာဂတ်အတွက် မျှော်လင့်ချက်အပြည့်၊ ဂုဏ်သိက္ခာအပြည့်ဖြင့် အလုပ်ကြိုးစား လုပ်ကိုင်နေကြကြောင်းလည်း မစ္စတာအာဘေးက ပြောကြားခဲ့သည်။ ဖူကူရှီးမား အုပ်ချုပ်ရေးမှူး မာဆာအိုနှင့် ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ယိုရီကိုကာဝါဂူချီတို့သည်လည်း အသီးသီး မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ယိုရီကိုသည် ဂျပန်ဘုရင်နှင့် မိဖုရားတို့နှင့်အတူ နိုင်ငံခြားခရီးစဉ်ပေါင်းများစွာ သွားလာခဲ့ဖူးကြောင်း သိရသည်။

ဂျပန်ဘုရင်ကလည်း ယနေ့ထိတိုင် ၎င်း၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းအတွက် ပြည်သူများကို ကျေးဇူးတင်ကြောင်း၊ ပြည်သူများသည် ညီညွတ်ခြင်း၏အင်အားတစ်ခုအဖြစ် ရပ်တည်ပေးခဲ့ကြကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ဂျပန်ဘုရင်သည် ဧပြီ ၃၀ ရက်တွင် နန်းစွန့်မည်ဟု ကြေညာထားပြီး မေလတစ်ရက်နေ့တွင် အိမ်ရှေ့စံ နာရူးဟီတိုက ထီးနန်းဆက်ခံမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

ဂျပန်ဘုရင် အကီဟီတိုနှင့် မိဖုရား မီချီကိုတို့ကို တွေ့ရစဉ်။

ဗင်နီဇွဲလားသမ္မတ ကိုလံဘီယာနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်

ကရာကတ် ဖေဖော်ဝါရီ ၂၄

ဗင်နီဇွဲလားအစိုးရသည် အိမ်နီးချင်း ကိုလံဘီယာနှင့် သံတမန်ဆက်ဆံရေးကို ဖြတ်တောက်နေပြီဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက ကြေညာလိုက်သည်။

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ပစ္စည်းများကို ကိုလံဘီယာနှင့် ဘရာဇီးနိုင်ငံတို့မှတစ်ဆင့် ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ သယ်ယူနိုင်ရန် စတင်ကြိုးပမ်းလာသည့်နောက် စနေနေ့တွင် မာဒူရိုက ထိုသို့ ကြေညာလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျူကျူတာရှိ နယ်စပ်တံတားပေါ်၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များရှေ့တွင် ဆန္ဒပြသူတစ်ဦးကို တွေ့ရစဉ်။

ဂွိုက်ဒိုသည် ပြီးခဲ့သည့်စနေနေ့က ကိုလံဘီယာနယ်စပ်မြို့ဖြစ်သည့် ကျူကျူတာသို့ ဝင်ရောက်လာခဲ့ပြီး အမေရိကန်က ကူညီထောက်ပံ့သည့် အစားအစာနှင့် ဆေးဝါးများကို ကိုလံဘီယာသမ္မတ အိုင်ဗန်ဒူ့ဇ်ထံမှ လက်ခံရယူခဲ့သည်။

မိမိကိုယ်ကို ယာယီသမ္မတအဖြစ် ကြေညာခဲ့သည့် အောက်လွှတ်တော်ဥက္ကဋ္ဌ ဂွိုက်ဒိုက ၎င်းကိုထောက်ခံသူများသည် ဗင်နီဇွဲလားနိုင်ငံသို့ အကူအညီအထောက်အပံ့များ စတင်ပို့ဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ဆောင်ရွက်ခဲ့မှုကို သမ္မတမာဒူရိုက ချက်ချင်းလက်ငင်း တုံ့ပြန်ခဲ့ပြီး ကိုလံဘီယာနိုင်ငံသည် အတိုက်အခံခေါင်းဆောင်နှင့်အလိုတူ အလိုပါ ပြုလုပ်ကာ အမေရိကန်ကစစ်ရေးအရ ကျူးကျော်လာမှုကို ထောက်ခံအားပေးနေသည်ဟု စွပ်စွဲလိုက်ကြောင်း သိရသည်။

ဗင်နီဇွဲလားနှင့် ကိုလံဘီယာနယ်စပ်၌ တင်းမာမှုများမြင့်တက်နေပြီး စနေနေ့က အကူအညီအထောက်အပံ့များကို ပို့ဆောင်ရန်ကြိုးပမ်းသည့် ပြည်သူများကို ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

အာဖဂန်စစ်ပွဲအတွင်း အရပ်သားများ သေဆုံးမှု ၂၀၁၈ ခုနှစ်တွင် အများဆုံးဖြစ်

ကဘူးလ် ဖေဖော်ဝါရီ ၂၄

အာဖဂန်ပြည်တွင်းစစ်ပွဲမှာ ဆယ်စုနှစ် နှစ်ခုစာမျှ ကြာမြင့်လာပြီဖြစ်ပြီး စစ်ပွဲအတွင်း အရပ်သားများသေဆုံးမှုမှာ ၂၀၁၈ ခုနှစ်က အများဆုံးဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။ အရပ်သားသေဆုံးမှုမှာ ၂၀၁၇ ခုနှစ်ကထက်စာလျှင် ၁၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အရပ်သား ၃၈၀၄ ဦး အသတ်ခံရပြီး ၇၁၈၉ ဦးခန့်မှာ ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

စစ်ပွဲဖြစ်ပွားရာ တိုင်းပြည်နေရာအနှံ့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့်လည်း အခြေအနေများ ကမောက်ကမဖြစ်ပွားရသည်။ အမေရိကန်နှင့်တာလီဘန်တို့ ဒုတိယအကျော့ ဆွေးနွေးပွဲမစတင်မီ တစ်ရက်အလိုတွင် ယင်းသို့အစီရင်ခံစာထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်-တာလီဘန်ဆွေးနွေးပွဲမှ ကာလရှည်ကြာပဋိပက္ခကို အဆုံးသတ်နိုင်ရေး မျှော်လင့်လျက်ရှိကြသည်။ တစ်ချိန်တည်းမှာပင် အာဖဂန်နိုင်ငံအတွင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းသွားလျှင် ပြည်တွင်းစစ်ပွဲအတွင်း အခြေအနေများ ပိုမိုဆိုးရွားလာမည်ကိုလည်း စိုးရိမ်နေကြသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နှစ်ပေါင်းများစွာကြာမှ ဒိုဟာမြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးနေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဆယ်စုနှစ်ကာလအတွင်း အချက်အလက်များစတင်ကောက်ခံသည့်အချိန်မှစ၍ အရပ်သားပေါင်း ၃၂၀၀၀ ခန့် သေဆုံးခဲ့ပြီး ၆၀၀၀၀ ခန့်မှာ ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။ ၂၀၁၈ ခုနှစ်အတွင်းအရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ များလာခြင်းကြောင့်လည်း သေဆုံးသူဦးရေများလာခြင်းဖြစ်ကြောင်း တာလီဘန် သို့မဟုတ် အိုင်အက်စ်အဖွဲ့တို့နှင့် ဆက်စပ်နေသည့် အကြမ်းဖက်သမားများက အသေခံဗုံးခွဲမှုများ ဆက်တိုက်ကျူးလွန်ခဲ့ကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုအချိန်သည် လူသားများအတွက် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ဆိုးများကို အဆုံးသတ်ရတော့မည့်အချိန်ဖြစ်ကြောင်း အာဖဂန်နိုင်ငံဆိုင်ရာကုလအဖွဲ့ခေါင်းဆောင် တာဒါမီချီ ယာမာမိုတိုက ပြောသည်။ **အေအက်ဖ်ပီ**

ဂျေရုဆလင်၌ ရှုန်းရင်းဆန်ခတ်မှုများဖြစ်ပွားပြီးနောက် ပါလက်စတိုင်းထိပ်တန်း အာဏာပိုင်တစ်ဦးကို အစ္စရေးရဲတပ်ဖွဲ့က ဖမ်းဆီး

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၄

ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ဂျေရုဆလင်မြို့အတွင်းရှိ ဘာသာရေးနယ်မြေတစ်ခုတွင် ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သည့် ပါလက်စတိုင်းထိပ်တန်းအာဏာပိုင်တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း အစ္စရေးရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အယ်လ်အက်ဆာ ဘာသာရေးအဆောက်အအုံ ပရိဝုဏ်ကို တာဝန်ယူထိန်းသိမ်းနေသည့် ဂျော်ဒန်က ယင်းဖမ်းဆီးမှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ ပါလက်စတိုင်းထိပ်တန်းအာဏာပိုင် အဘဒယ်လ်အာဇင်မ်ဆယ်လ်ဟတ်ဘ်ကို မြင့်မြတ်သော ဘာသာရေးနယ်မြေ၏ တားမြစ်ဇရိယာအတွင်းသို့ မဝင်ရောက်ရန် တားမြစ်ထားသည့်အမိန့်ကို ချိုးဖောက်ခဲ့သည့်အတွက် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မစ်ကီရိုဆန်ဖီးလ်က ပြောကြားခဲ့သည်။

ဆယ်လ်ဟတ်ဘ်သည် ဂျေရုဆလင်ရှိ ယင်းဘာသာရေးနယ်မြေကို အုပ်ချုပ်နေသည့် ဘာသာရေးဆိုင်ရာ အာဏာပိုင်ဖြစ်သည်။ ပါလက်စတိုင်း သတင်းအေဂျင်စီ WAFA က ဆယ်လ်ဟတ်ဘ်၏ လက်ထောက်ဖြစ်သူ နာဂီဘာကီရာကိုလည်း ဖမ်းဆီးခဲ့ကြောင်း ဖော်ပြခဲ့သည်။သို့သော် ရဲတပ်ဖွဲ့က အဆိုပါသတင်းကို အတည်မပြုခဲ့ပေ။ **အေအက်ဖ်ပီ**

ဆာဆက်မြို့စားကတော် ကလေးမမွေးဖွားမီ နောက်ဆုံးအကြိမ်အဖြစ် တော်ဝင်ခရီးသွားရောက်

ရာဘတ် ဖေဖော်ဝါရီ ၂၄

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနှင့် ဇနီးဖြစ်သူ ဆာဆက်မြို့စားကတော် မီဂန်မာကယ်တို့စုံတွဲသည် ရင်သွေးကလေးမမွေးဖွားမီ တော်ဝင်ခရီး နောက်ဆုံးအကြိမ်အဖြစ် စနေနေ့ညပိုင်းက မော်ရိုကိုနိုင်ငံသို့သွားရောက်ခဲ့သည်။ မင်းသားဟယ်ရီတို့ စုံတွဲသည်

မော်ရိုကိုနိုင်ငံသို့ ရောက်ရှိလာသည့် တော်ဝင်မင်းသား ဟယ်ရီနှင့်မီကန်မာကယ်တို့ကို တွေ့ရစဉ်။

၎င်းတို့၏ ပထမဦးဆုံးကလေးကို နွေဦးတွင် မွေးဖွားမည်ဟု သိရသည်။ မင်းသားဟယ်ရီသည် မီးခိုးရောင်ဖျော့ဖျော့ အင်္ကျီကို ဝတ်ဆင်ထားပြီး မီဂန်မာကယ်ကမူ အနီရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။ တော်ဝင်စုံတွဲတို့ ကတ်စ်ဘယ်လန့်စ်လေဆိပ်သို့ ရောက်လျှင်ရောက်ချင်း မော်ရိုကိုနိုင်ငံက ဖော်ရွေစွာကြိုဆိုခဲ့ကြသည်။ တနင်္ဂနွေနေ့ နံနက်ပိုင်း အဲလ်တက်စ်တောင်တန်းရှိ ကျေးရွာတစ်ရွာနှင့်မော်ရိုကိုနိုင်ငံ မြို့တော်သို့ အလည်အပတ်သွားရောက်မည့် ကိုယ်ဝန်ဆောင်ထားရသည့် မီဂန်မာကယ်အတွက်လည်း ဆေးဘက်ဆိုင်ရာထောက်ပံ့မှုများ အပြည့်အဝပြုလုပ်ပေးထားသည်ဟု တရားဝင်သတင်းအရင်းအမြစ်များမှ သိရသည်။

မိန်းကလေးငယ်များအတွက် ပညာရေး၊ အမျိုးသမီးများ လုပ်ပိုင်ခွင့်အာဏာရရှိရေးနှင့် မသန်စွမ်းသူများပါ လွှမ်းခြုံပါဝင်နိုင်ရေးအတွက်ရည်ရွယ်ကာ ဟယ်ရီနှင့် မီဂန်မာကယ်တို့သည် မြောက်အာဖရိကနိုင်ငံသို့ ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ ဟယ်ရီတို့စုံတွဲကို မော်ရိုကိုပြည်သူများက ချစ်ခင်ကြကြောင်း ဗြိတိန်သံအမတ်ကြီး သောမတ်စ်ရီလီက ပြောသည်။ အဆိုပါခရီးစဉ်ကို ဗြိတိန်ဘုရင်မကြီး၏ မေတ္တာရပ်ခံမှုကြောင့် သွားရောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါခရီးစဉ်ကို ဗြိတိန်မီဒီယာများက စိုးရိမ်မှုများရှိခဲ့သည်။ ဒေးလီးမယ်ရာ သတင်းစာက မော်ရိုကိုနိုင်ငံကို အန္တရာယ်ဇုန်အဖြစ် ရေးသားခဲ့ပြီး မြို့တော် ရာဘတ်ကိုလည်း အဓိကရုဏ်းများနှင့် ပြည့်နေသောနေရာဟု ဖော်ပြခဲ့သည်။ တော်ဝင်စုံတွဲ ခရီးမဆိုက်မီ ဒေသတွင်းသံတမန် သတင်းအရင်းအမြစ်များက မော်ရိုကိုနိုင်ငံသည် မြောက်အာဖရိကတွင် တည်ငြိမ်မှုရှိသည့်နေရာတစ်ခုဟု အခိုင်အမာပြောဆိုခဲ့ကြသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဂျပန်သို့သွားရောက်မည့် အစီအစဉ် ဖျက်သိမ်း

ကဘူးလ် ဖေဖော်ဝါရီ ၂၄

အိန္ဒိယနှင့် ပါကစ္စတန်အကြား ကက်ရှ်မီးယားဒေသရှိ အခြေအနေများနှင့် ပတ်သက်၍ တင်းမာမှုများ မြင့်တက်နေချိန်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးသည် ဂျပန်သို့သွားရောက်ရန် စီစဉ်ထားမှုကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

မက်ခ်ဒွန်းမ်ရှာမာမွတ် ကျူရီရှီသည် တနင်္ဂနွေနေ့မှ စတင်ကာ ဂျပန်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်သွားရောက်ရန် စီစဉ်ထားခဲ့သည်။ ၎င်းသည် အာဖဂန်ရှိ အခြေအနေများနှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ဆွေးနွေးရန် စီစဉ်ထားဟန်ရှိသည်။

သို့သော်လည်း နိုင်ငံခြားရေးဝန်ကြီးသည် ဒေသတွင်း အခြေအနေများကို ကိုင်တွယ်ဆောင်ရွက်ရန်ရှိသည့်အတွက် အဆိုပါခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ပါကစ္စတန်ဘက်မှ အကြောင်းကြားခဲ့သည်ဟု ဂျပန်အာဏာပိုင်များက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီ ၁၄ ရက်က ကက်ရှ်မီးယားဒေသအတွင်း၌ ပါကစ္စတန်မှ စစ်သွေးကြွတစ်စု၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အိန္ဒိယပြည်သူ့စစ်အဖွဲ့ဝင် ၄၀ကျော်သေဆုံးခဲ့ရပြီး ယင်းတိုက်ခိုက်မှုကို ကူညီအားပေးခဲ့သည်ဟု အိန္ဒိယနိုင်ငံက ပါကစ္စတန်ကိုစွပ်စွဲထားသည်။

အင်န်အိတ်ချ်ကေ

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုကို အချိန်ဆိုင်းရန်အစိုးရအဖွဲ့ ဝန်ကြီးများ တိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၂၄

လာမည့်ရက်အနည်းငယ်အတွင်း ပါလီမန်လွှတ်တော်၌ သဘောတူညီချက် တစ်စုံတစ်ရာ မရရှိခဲ့ပါက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုကို အချိန်ဆိုင်းထားရန် ဗြိတိန်အစိုးရအဖွဲ့ဝန်ကြီးသုံးဦးက တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

စီးပွားရေးဝန်ကြီး ဂရက်ကလပ်၊ အလုပ်အကိုင်နှင့် အငြိမ်းစားလစာဆိုင်ရာဝန်ကြီး အမ်ဘာရုဒ်နှင့် တရားရေးဝန်ကြီး ဒေးဗစ်ဂေါ်ကီတို့က သဘောတူညီချက်တစ်စုံတစ်ရာမရရှိသည့် ဗြိတိန်၏ နုတ်ထွက်မှုသည် စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးကို ဆိုးဆိုးရွားရွားထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်တော့မည့် မတ် ၂၉ရက် ရောက်ရန် အချိန်တရွေ့ရွေ့ ကုန်ဆုံးလာနေပြီဖြစ်ကြောင်း၊ အကယ်၍ ပါလီမန်လွှတ်တော်က လာမည့်ရက်အနည်းငယ်အတွင်း သဘောတူညီချက်တစ်ရပ်ကို အတည်မပြုနိုင်ခဲ့လျှင် သဘောတူညီချက်တစ်ခုရရှိပြီးနောက် အချိန်နောက်ကျပြီးမှသာ နုတ်ထွက်လျှင် ပိုမိုသင့်တော်ကြောင်း အစိုးရအဖွဲ့ဝန်ကြီးများက ပြောကြားခဲ့မှုကို စနေနေ့တွင် ဒေးလီးမေးလ် သတင်းစာ၌ ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး အရေးပါတဲ့ဆုံးဖြတ်ချက်တွေချမှတ်နိုင်မှာလား

ထွန်းသစ်စ

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး အမေရိကန်သမ္မတ ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ရဲ့ ကြိုးစားမှုဟာ အတော်လေးခရီးပေါက်ခဲ့ပြီလို့ပဲ ပြောရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆွေးနွေးမှုကို အကြောင်းပြုပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ ဟနွိုင်းကို မကြာမီရောက်လာတော့မှာဖြစ်ပြီး နျူကလီးယားကင်းစင်ရေး ဒုတိယအကြိမ်အစည်းအဝေး စတင်နိုင်တော့မှာဖြစ်လို့ပါပဲ။

ဟနွိုင်းသို့ ရောက်တော့မည်

လာမယ့်ရက်သတ္တပတ်ထဲမှာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ တွေ့ဆုံမှာဖြစ်တယ်ဆိုတဲ့အကြောင်း သက်ဆိုင်ရာအာဏာပိုင်တွေ အထူးသဖြင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက သူ့ရဲ့ဖေ့စ်ဘုတ်စာမျက်နှာမှာ ဖေဖော်ဝါရီ ၂၃ ရက်က အတည်ပြုဖော်ပြခဲ့ပါတယ်။ မြောက်များစွာသော သတင်းရင်းမြစ်တွေရဲ့အဆိုအရ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ ဗီယက်နမ်နိုင်ငံကို တနင်္ဂနွေနေ့မှာ ရထားနဲ့ထွက်ခွာလာပြီလို့ သိရပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ သူ့ရဲ့ကိုယ်ပိုင်ရထားနဲ့ တရုတ်နယ်စပ် ဒေါင်ဒန်ဘူတာရုံအထိ လာရောက်ပြီး ထိုမှတစ်ဆင့် ကီလိုမီတာ ၁၇၀ (၁၀၅ မိုင်)ရှိတဲ့ ဟနွိုင်းကို ကားနဲ့လာရောက်မှာဖြစ်ပါတယ်။

အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချမှတ်မယ်

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ဟာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမှာ ဖေဖော်ဝါရီ ၂၇ ရက်နဲ့ ၂၈ ရက်မှာ တွေ့ဆုံမှာဖြစ်ပါတယ်။ အခုတစ်ကြိမ် တွေ့ဆုံမှုဟာ နှစ်နိုင်ငံခေါင်းဆောင်တွေအကြား ဒုတိယအကြိမ် တွေ့ဆုံမှုဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကို ဦးစားပေးဆွေးနွေးသွားမှာဖြစ်ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တွေအကြား လွန်ခဲ့တဲ့နှစ်က ပထမဆုံးအကြိမ်တွေ့ဆုံမှုမှာတော့ မြောက်ကိုရီးယားနိုင်ငံမှာ လုံးဝနျူကလီးယားကင်းစင်ရေးအတွက် ကတိပြုခဲ့ကြပါတယ်။ အခုတစ်ကြိမ်ထပ်မံတွေ့ဆုံမှုဟာ နှစ်နိုင်ငံကြား တကယ့်ကို တန်ဖိုးရှိတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မယ်လို့လည်း လေ့လာဆန်းစစ်သူတွေကဆိုပါတယ်။

ပထမအကြိမ်အစည်းအဝေး

လွန်ခဲ့တဲ့နှစ်က နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ သမိုင်းတွင်မယ့် ထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှာ စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကပ်ပီလာဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ်ပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။

ပထမအကြိမ် အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေအရည်ပျော်ပြီး ကောင်းမွန်တဲ့ဘက်ကို ရောက်ရှိစေမယ့် အနေအထားကို ဖြစ်စေခဲ့ပါတယ်။ နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာစမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးခဲ့ပါတယ်။

ခန့်မှန်းထားတာထက် ပိုမိုအောင်မြင်

အရင်တုန်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့

ဗီယက်နမ်နိုင်ငံ ဟနွိုင်းသို့ ထွက်ခွာလာသော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

ဟာ တစ်ဖက်နဲ့တစ်ဖက် ကျီစယ်မှုတွေ၊ အပြန်အလှန် ခြိမ်းခြောက်မှုတွေ၊ စကားလုံး စစ်ထိုးမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီလို ခါတ်မတည့်တဲ့ တစ်ဖက်နဲ့ တစ်ဖက်ဟာ အခုတော့ သမိုင်းတွင်မယ့် ပြောင်းလဲမှုကြီးကို လုပ်ဆောင်နိုင်လိုက်တာဟာဖြင့် ကမ္ဘာကြီးကိုတောင် အံ့သြမှင်သက်စေခဲ့ပါတယ်။ မကြုံစဖူး ထူးကဲလှတဲ့ သမိုင်းဝင်မယ့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတတို့ရဲ့ ပထမအကြိမ်တွေ့ဆုံမှုမှာ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ အတိတ်ကိုအတိတ်မှာပဲ ထားခဲ့ဖို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့တယ်လို့ နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုဟာ တခြားသူတွေ ခန့်မှန်းထားတာထက် အခြေအနေပိုမိုကောင်းမွန်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ဟာ အမေရိကန်အကျဉ်းသားတွေ ပြန်လည်လွှဲပြောင်းပေးရေးနဲ့ ဒုံးကျည်စမ်းသပ်နေရာ ဖျက်ဆီးရေးတို့ကို လုပ်ဆောင်နိုင်ခဲ့တာကြောင့် ခန့်မှန်းထားတာထက်ကို ပိုမိုအောင်မြင်မှုရရှိခဲ့တယ်လို့ ဆိုချင်တာ ဖြစ်ပါတယ်။

ကောင်းမွန်တဲ့အလားအလာဖြစ်

အကယ်၍ နှစ်နိုင်ငံအစည်းအဝေးသာမလုပ်ဖြစ်ခဲ့ပါက အမေရိကန်နိုင်ငံအနေနဲ့ မြောက်ကိုရီးယားနိုင်ငံအပေါ် နောက်ထပ်စီးပွားရေးပိတ်ဆို့မှု ၃၀၀ ထက်မနည်း ချမှတ်နိုင်မှာပါ။ သို့သော်လည်း အဲဒီအစီအစဉ်ဟာ နှစ်နိုင်ငံသမိုင်းဝင် အစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းကြောင့် သဲထဲရေသွန် ရေထဲအရုပ်ရေးသလိုဖြစ်ခဲ့ပါတယ်။ အမေရိကန်က မြောက်ကိုရီးယားနိုင်ငံကို ချမှတ်ခဲ့တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကိုလည်း တဖြည်းဖြည်းနဲ့ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။

နှစ်နိုင်ငံသမိုင်းဝင် ထိပ်သီးအစည်းအဝေး ပြုလုပ်နိုင်ခဲ့တဲ့ အကျိုးရလဒ်ကြောင့် နျူကလီးယားဒုံးကျည်ထိပ်ဖူး ၂၄ ခုထက်မနည်း ပိုင်ဆိုင်ခဲ့တဲ့ မြောက်ကိုရီးယားဟာ အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်မယ့် တိုက်ချင်းပစ် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တည်ဆောက်ခြင်းကို ပိတ်သိမ်းလိုက်မယ်လို့ကြားသိရတာဟာ နျူကလီးယားစစ်ပွဲဖြစ်ပွားခြင်းကို ရှောင်ရှားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ကောင်းမွန်တဲ့အလားအလာပဲ ဖြစ်ပါတယ်။

နှစ်နိုင်ငံကြား ကဏ္ဍသစ်တွေ ဆောင်ရွက်နိုင်တော့မယ်

"ယနေ့ ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ သမိုင်းဝင်မယ့် ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်နိုင်ခဲ့ပြီး အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ သဘောတူခဲ့ပါတယ်။ သမိုင်းတွင်မယ့် စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အခုလို အစည်းအဝေး ပေါ်ပေါက်လာခဲ့တဲ့အတွက်လည်း အမေရိကန်သမ္မတထရမ့်ကို ကျေးဇူးတင်ပါတယ်။ ထို့အတူ ကမ္ဘာကြီးအနေနဲ့ အဓိကပြောင်းလဲမှုတွေကို တွေ့မြင်ရတော့မှာဖြစ်ပါတယ်"ဟု မြောက်ကိုရီးယားခေါင်းဆောင်က ပြောခဲ့ပါတယ်။

"အဲဒီစာချုပ်ဟာ အလွန်အရေးကြီးပါတယ်။ အတော်လေး ပြည့်စုံကျယ်ပြန့်တဲ့ စာချုပ်လည်း ဖြစ်ပါတယ်။ အတိတ်ကို အတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံကြား ကဏ္ဍသစ်တွေကို စတင်ဆောင်ရွက်နိုင်တော့မှာပါ"ဟု အမေရိကန်သမ္မတ ထရမ့်က ပြောခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ဖို့ လုပ်ဆောင်မယ်ဆိုတဲ့အကြောင်း မြောက်ကိုရီးယားခေါင်းဆောင်က နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့တဲ့ ပူးတွဲသဘောတူညီချက်မှာ ပြောခဲ့ပါတယ်။ နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲပြီးတဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းဘေးမှာရပ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကျွန်တော်တို့ နောက်ထပ် အများကြီး တွေ့ဖို့ရှိသေးတယ်လို့ ပြောခဲ့ပါတယ်။

တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွေ

ဆိုခဲ့တဲ့အတိုင်းပဲ သူတို့နှစ်နိုင်ငံဟာ အများကြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး အခုတစ်ကြိမ်မှာတော့ ဒုတိယအကြိမ် ဆွေးနွေးမှုတောင် လုပ်နိုင်တော့မှာဖြစ်ပါတယ်။ ဒါဟာ နှစ်နိုင်ငံ နျူကလီးယားအရေးမှာ အထူးသဖြင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ပဲဖြစ်ပါတယ်။ အခုဆွေးနွေးမှုကိုတော့ နိုင်ငံတကာလေ့လာဆန်းစစ်သူတွေက စောင့်ကြည့်နေကြပြီး ဘာတွေထပ်မံတိုးတက်ဖြစ်ပေါ်လာမလဲဆိုတာ စိတ်ဝင်တစားစောင့်ကြည့်နေကြပါတယ်။

ဟုတ်ပါတယ်။ သူတို့နှစ်နိုင်ငံဟာ အတိတ်တစ်ချိန်တုန်းက တစ်ဖက်နဲ့ တစ်ဖက်ကြား အမုန်းတွေ ပွားခဲ့ကြပါတယ်။ ကမ္ဘာကြီးမှာ ညှိနှိုင်းဆွေးနွေးလို့မရတဲ့အရာဆိုတာ မရှိနိုင်ပါဘူး။ အချိန်ယူပြီး တဖြည်းဖြည်းနဲ့ အကောင်အထည်ဖော်သွားမယ်ဆိုရင် တစ်နေ့နေ့တော့ လိုချင်တဲ့ ခရီးဆုံးပန်းတိုင်ကို ရောက်စမြဲပါ။ အခုလက်ရှိအချိန်မှာတော့ အားလုံးဟာ အဆင်မပြေသေးပေမယ့် တစ်ချိန်ချိန်မှာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ အရင်တုန်းက နျူကလီးယားစစ်ပွဲတောင်ဖြစ်မယ်လို့ ထင်ကြေးပေးခဲ့တဲ့ နိုင်ငံနှစ်နိုင်ငံဟာ အခုတော့လည်း သူတို့မဟုတ်သလိုပါပဲ။ ။

ကိုးကား-အေအက်ဖ်ပီ

"နှစ်နိုင်ငံခေါင်းဆောင်တွေအကြား လွန်ခဲ့တဲ့နှစ်က ပထမဆုံးအကြိမ်တွေ့ဆုံမှုမှာတော့ မြောက်ကိုရီးယားနိုင်ငံမှာ လုံးဝနျူကလီးယားကင်းစင်ရေးအတွက် ကတိပြုခဲ့ကြပါတယ်။ အခုတစ်ကြိမ် ထပ်မံတွေ့ဆုံမှုဟာ နှစ်နိုင်ငံအကြား တကယ့်ကိုတန်ဖိုးရှိတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မယ်လို့လည်း လေ့လာဆန်းစစ်သူတွေက ဆို"

အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က မန္တလေးမြို့ ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက NSSA အနေဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်သည် NSSA ၏ ပုံရိပ်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနသာမက ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများအဖြစ် မှတ်ယူနိုင်ကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP) (2018-2030)ကို အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် NSSA က ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်သည် MSDP ၏ ပန်းတိုင်၊ နည်းဗျူဟာ၊ လက်တွေ့လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နေကြောင်း အမှာစကားပြောကြားသည်။

အနာဂတ်ကာလတွင် ဆက်ထုတ်ပေးမည့် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များသည် အရည်အသွေးရှိသည့် အချက်အလက်အညွှန်းကိန်း(Data Indicator)များဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အရေးပါသော အညွှန်းကိန်းအဖြစ် တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခြင်းသည် အသက်မွေးပညာနှင့် ကျွမ်းကျင်လုပ်သားများအပေါ် မူတည်၍ အထူးသဖြင့် သက်မွေးပညာရေးကဏ္ဍ ခိုင်မာအားကောင်းသည့် နိုင်ငံများသည် ကမ္ဘာပေါ်တွင် ချမ်းသာတိုးတက်နေသောနိုင်ငံအဖြစ် ရပ်တည်နေကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားတစ်ဦးအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်နေစဉ်။

NSSA သည် စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များ အရှိန်ရလာသည်နှင့်အမျှ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိသူ များလာပြီး လုပ်ငန်းစဉ် အရည်အသွေးအာမခံချက် မထိခိုက်စေရန် စီမံဆောင်ရွက်နေကြောင်း၊ NSSA စီမံခန့်ခွဲမှုကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ISO လက်မှတ် ရယူပြီးဖြစ်ကြောင်း၊ NSSA အနေဖြင့် ခေတ်ကာလနှင့်အညီ တိုးတက်လာသော နည်းပညာသတင်းအချက်အလက်များကို လျင်မြန်စွာ ဖြန့်ဖြူးနိုင်ရေးနှင့် လုပ်ထုံးလုပ်နည်းများ လျင်မြန်စေရန် ယခုနှစ်တွင် NSSA Web Portal ကို အဆင့်မြှင့်တင်နေပြီဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည်ရှိ ကဏ္ဍအသီးသီးမှ အလုပ်အကိုင် ၁၂ မျိုးအတွက် ဖြေဆိုအောင်မြင်သည့် လုပ်သား ၇၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး) အတွက် လျှပ်စစ်နှင့် လေအေးပေးစက် အလုပ်အကိုင်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ပစ္စည်းများကိုလည်း GIZ က ထောက်ပံ့ပေးအပ်ခဲ့သည်။

NSSA အနေဖြင့် လုပ်ငန်းခွင်များမှ လုပ်သားများကို ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ဖေဖော်ဝါရီလလယ်အထိ အလုပ်အကိုင် ကျွမ်းကျင်မှုအလိုက် စစ်ဆေးအကဲဖြတ်ပေးခဲ့ရာ နိုင်ငံတစ်ဝန်းမှ ဖြေဆိုသူ ၁၁၃၃၆ ဦးရှိထားပြီး အောင်မြင်သူ ၁၁၀၃၇ ဦးအား အမျိုးသားအဆင့် ကျွမ်းကျင်မှု အဆင့်(၁)နှင့် အဆင့်(၂) အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် လုပ်ငန်းခွင်များ အေးချမ်းသာယာပြီး ကျွမ်းကျင်လုပ်သားများကြောင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုမှတစ်ဆင့် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများ ခံစားရရှိကာ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ ယနေ့ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲသည် (Public-Private- Partnership) နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်လာသော အသီးအပွင့်ဖြစ်ပြီး ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ရန် ပန္နက်တင်

ဟိုပုံး ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု၌ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ တည်ဆောက်ရန် ပန္နက်တင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူ၊ ဦးစီးအဖွဲ့ဝင်(လုံခြုံရေး) ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာချစ်တင်၊ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးအောင်လွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန်တို့က ပင်မဆေးရုံဆောင်၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ်၊ သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ လေးခန်းတွဲ သူနာပြုအိမ်ရာနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာများအတွက် ပန္နက်များတင်ပေးပြီးနောက် တိုက်နယ်ဆေးရုံနှင့် အိမ်ရာများ တည်ဆောက်မည့်ပုံစံများကို ဆိုက်တာဝန်ခံ ဦးဆွေဘုန်းက ဝန်ကြီးနှင့် တာဝန်ရှိသူများအား ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ၁၆ ခုတင်ဆံ့ မိုင်းပျဉ်းတိုက်နယ်ဆေးရုံကို ကုသရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၃၈ ဒသမ ၃ သန်းဖြင့် Shan Home Land ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး အလျား အနံ ၁၄၁ ပေ ပတ်လည်ရှိ ပင်မ ဆေးရုံအဆောက်အအုံနှင့်အတူ ဝန်ထမ်းအိမ်ရာအဆောက်အအုံလေးလုံးကိုလည်း ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **ထက်ထက်(ဟိုပုံး)**

ဒေါ်ခင်ဆွေထွန်း ပညာရေးသုတေသနဖောင်ဒေးရှင်း ထူထောင်ရန် ကျပ်သိန်းတစ်ထောင် မတည်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ပညာရေးသုတေသနဌာန ဥက္ကဋ္ဌ(ငြိမ်း) ဒေါ်ခင်ဆွေထွန်း အမှတ်တရအဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ်၌ 'ဒေါ်ခင်ဆွေထွန်း ပညာရေးသုတေသနဖောင်ဒေးရှင်း'ကို ထူထောင်မည်ဖြစ်၍ ဖောင်ဒေးရှင်းအတွက် မတည်ရန်ပုံငွေအဖြစ် အလှူငွေ ကျပ်သိန်းတစ်ထောင်ကို ဒေါ်ခင်ဆွေထွန်း မိသားစုများက ဖေဖော်ဝါရီ ၂၂ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပညာရေးသုတေသနဌာန ဥက္ကဋ္ဌ(ငြိမ်း)ဒေါ်ခင်ဆွေထွန်းအား ရည်စူး၍ ထူးချွန်ဆုချီးမြှင့်ရန် မတည်ငွေလှူဒါန်းရသည့်အကြောင်းကို ခင်ပွန်းဖြစ်သူ ဦးမြင့်ဆွေက ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖောင်ဒေးရှင်းအတွက် မတည်ငွေ ကျပ်သိန်း ၁၀၀၀ ကို ဦးမြင့်ဆွေက ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ထူးချွန်သော ပညာရေးသုတေသီများ ပိုမိုပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပညာရေးသုတေသနထူးချွန်ဆုများ ချီးမြှင့်နိုင်ရေးအတွက် ဒေါ်ခင်ဆွေထွန်း သုတေသနဖောင်ဒေးရှင်းကို ထူထောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ပညာရေးကို ပြုပြင်ပြောင်းလဲမှုလုပ်တဲ့နေရာမှာ ဆရာ ဆရာမတွေရဲ့ကဏ္ဍက အင်မတန် အရေးကြီးပါတယ်၊ နှစ်ပေါင်း ၃၀-၄၀ လောက် မျိုးဆက်ပြတ်သွားတဲ့အခါကျတော့ ဆရာ ဆရာမတွေ မွေးထုတ်ဖို့မှာ ပညာရေးတက္ကသိုလ်တွေက အဓိကကျပါတယ်၊ အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးမှာ သုတေသန ကိစ္စရပ်တွေကလည်း အရေးကြီးတဲ့အတွက်ကြောင့် သုတေသနစာတမ်းတွေမှာ ထူးချွန်စွာ စာတမ်းပြုစုနိုင်တဲ့သူတွေကို ချီးမြှင့်ဖို့ ဒီဖောင်ဒေးရှင်းကို ထူထောင်တာပါ"ဟု ဖောင်ဒေးရှင်းထူထောင်ရန် မတည်အလှူရှင် ဦးမြင့်ဆွေက ပြောသည်။

အခြေခံပညာ အထက်တန်းပြဆရာမအဖြစ် ပညာရေးလောကသို့ စတင်ဝင်ရောက်လာသည့် ဒေါ်ခင်ဆွေထွန်းကို ၁၉၃၅ ခုနှစ်က မွေးဖွားခဲ့ကာ ၁၉၅၆ ခုနှစ်တွင် ဘွဲ့ရပြီးနောက် အထက်တန်းပြဆရာမအဖြစ် အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ ထို့နောက် ၁၉၉၅ ခုနှစ်အထိ မြန်မာနိုင်ငံ ပညာရေးသုတေသနဌာန ဥက္ကဋ္ဌအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ပြီး ဝန်ထမ်းလောကမှ အငြိမ်းစားယူခဲ့ကာ ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဆရာမကြီးသည် ဘဝတစ်သက်တာလုံးကို ပညာရေးလောကအတွက် မြှုပ်နှံခဲ့သဖြင့် ပညာရေးအပေါ် များစွာအကျိုးကျေးဇူးပြုခဲ့သူတစ်ဦးအား အမှတ်တရရှိစေရန်အတွက်လည်းကောင်း၊ ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် မိသားစုအနေဖြင့် တစ်တပ်တစ်အား ပါဝင်ကူညီသည့်အနေဖြင့်လည်းကောင်း ယခုကဲ့သို့ ပညာရေးသုတေသန ဖောင်ဒေးရှင်းတစ်ရပ် ထူထောင်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အာကာစိုး**

ရန်ပုံငွေလှူဒါန်းပွဲမှ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ဖွင့်လှစ်

ပဲခူး ဖေဖော်ဝါရီ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးကို ပဲခူးမြို့ ဥဿာမြို့သစ် ဆည်မြောင်းလမ်းနှင့် သစ်တောရိပ်သာလမ်းထောင့်၌ ဖေဖော်ဝါရီ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

ရုံးဖွင့်ပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးသန်းနိုင်အောင်တို့က ညွှန်ကြားရေးမှူးရုံး နှစ်ထပ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က အမှာစကားပြောကြားပြီး အင်ဂျင်နီယာချုပ်က ညွှန်ကြားရေးမှူးရုံးအဆောက်အအုံ ဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ရုံးအဆောက်အအုံကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးနေစဉ်။

ဆက်လက်၍ ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဖားစည်သံသီချင်းနှင့် ရိုးရာအကဖြင့်လည်းကောင်း၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ မိုးသောက်ကြယ်ဒုံးအဖွဲ့က ရိုးရာနှစ်သစ်ကူးသီချင်းနှင့် ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့်လည်းကောင်း၊ အရှိုချင်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ချင်းရိုးရာယိမ်းအကဖြင့်လည်းကောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က တပင်တိုင်ယိမ်းဖြင့်လည်းကောင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ လူငယ်မောင်မယ်များက မီးပုံပွဲအကဖြင့်လည်းကောင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က တို့တိုင်းရင်းသား အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့သည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ တိုင်းရင်းသားရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် နေရာတစ်ခုဖြစ်ပြီး တိုင်းရင်းသားများ၏ ရိုးရာအကပွဲတော်များ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကိုလည်း ဖွင့်လှစ်ကျင်းပနိုင်မည့်နေရာဖြစ်ကြောင်း သိရသည်။

ရုံးအဆောက်အအုံသည် အလျား ပေ ၈၀၊ အနံ ပေ ၆၀ ရှိ အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စုအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

စိုက်ပျိုးရေးသိပ္ပံ(သထုံ)၌ စတုတ္ထအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကျောင်း၏ စတုတ္ထအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အောင်လက်မှတ်အပ်နှင်းပွဲတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းရီက ဒီပလိုမာအောင်လက်မှတ် ရယူကြမည့် ကျောင်းသားကျောင်းသူ ၁၀၈ ဦးထံမှ ကတိဝန်ခံချက်များရယူပြီး အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဖဲဆောင်က ဂုဏ်ပြုဆုများချီးမြှင့်ကာ ကျောင်းအုပ်ဆရာမကြီးက ဒီပလိုမာ အောင်လက်မှတ်ရ မောင်မယ်များအား ဩဝါဒပေး၍ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

သက်ဦး(သထုံ)

ပုသိမ်ကြီးမြို့နယ် သန့်စင်ကုန်းရွာအနီး ဆောက်လုပ်လျက်ရှိသည့် ပန်းဈေးအား မိုးရာသီမတိုင်မီ အပြီးတည်ဆောက်မည်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သန့်စင်ကုန်းရွာအနီး မြေဧက ၂ ဒသမ ၁၉ ဧကပေါ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းက စတင်တည်ဆောက်လျက်ရှိသည့် ဆိုင်ခန်းပေါင်း ၁၂၀ ပါ ပန်းဈေးကို ယခုမိုးရာသီမတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ပန်းဈေးဆိုင်ခန်းများ တည်ဆောက်ရန် အုတ်မြစ်ချထားစဉ်။

အဆိုပါဈေးသစ်ကို လက်ရှိပုသိမ်ကြီးမြို့နယ် သလဲကုန်းကျေးရွာအနီး မန္တလေး - ပြင်ဦးလွင် ကားလမ်းဘေးတစ်လျှောက်တွင် ရောင်းချနေကြသည့် ပြင်ဦးလွင် အုန်းချော၊ လက်ကောင်းနှင့် ကျောက်မီးမြို့နယ်များမှ ပန်းစိုက်တောင်သူများ တစ်နေရာတည်းတွင် တစုတဝေးတည်း စနစ်တကျ ဆိုင်ခန်းများဖြင့် လက်ကားဖြန့်ချိရောင်းချနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးခြင်းဖြစ်ပြီး အဆိုပါ ဆိုင်ခန်းများကို လက်ရှိစာရင်းကောက်ယူထားသည့် ပန်းဈေးသည်များအတွက် စနစ်တကျမဲနှိုက်၍ သင့်တင့်သောနှုန်းထားသတ်မှတ်ကာ အငှားစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာနမှ ဌာနမှူး ဦးခင်အောင်က ပြောသည်။

"လက်ရှိအချိန်မှာ အုတ်မြစ်ချတဲ့အပိုင်းနဲ့ လမ်းတွေခင်းကျင်းတဲ့အပိုင်းတွေ ပြီးပါပြီ။ အဓိကရည်ရွယ်ချက်က လက်ရှိကားလမ်းဘေးမှာ ပန်းတွေရောင်းချနေကြတယ်။ ဝယ်တဲ့သူကလည်း လမ်းဘေးမှာရပ်ပြီး ဝယ်နေကြတဲ့အတွက် ကား၊ ဆိုင်ကယ်တွေ သွားလာဖို့ ယာဉ်ကျပ်တည်းမှုနဲ့ ယာဉ်အန္တရာယ် စိုးရိမ်ရပါတယ်။ ဒါကြောင့် သင့်တော်တဲ့နေရာမှာ စနစ်တကျ ဆိုင်ခန်းလေးတွေနဲ့ သပ်သပ်ရပ်ရပ် ရောင်းချနိုင်တဲ့ လက်ကားပန်းဈေးကြီးအဖြစ် ပေါ်ပေါက်လာဖို့ ကျွန်တော်တို့ အဆောက်အအုံနဲ့ ကုန်ရုံဌာနက အင်ဂျင်နီယာတွေကိုယ်တိုင် မိုးရာသီအမီ အပြီးတည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်နေကြပါတယ်"ဟု ၎င်းက ပြောသည်။

သန့်စင်ကုန်း ပန်းဈေးအသစ်တည်ဆောက်ရန် မြေဧက ၂ ဒသမ ၁၉ ဧကကို ခွင့်ပြုငွေကျပ်သန်း ၃၂၀ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ခန်းလျှင် ၁၀ ပေ ပတ်လည်ရှိ ဆိုင်ခန်းများကို ဈေးရုံတစ်ရုံလျှင် ၂၄ ခန်းနှုန်းဖြင့် ဈေးရုံပေါင်း ငါးရုံအတွက် ဆိုင်ခန်းပေါင်း ၁၂၀ နှင့် အတူ သန့်စင်ခန်းများ၊ ဈေးလမ်းများနှင့် ရေမြောင်းများ အပါအဝင် စုစုပေါင်း ငွေကျပ်သန်း ၃၀၀ အကုန်အကျခံ တည်ဆောက်ရန် လျာထားကြောင်း သိရသည်။

ထို့ပြင် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်အတွင်းရှိ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၃၁ လမ်းကြား စကြာသီဟဘုရားပတ်လည်တွင် လက်လီရောင်းချနေသည့် ပန်းဈေးသည်များအတွက်လည်း စနစ်တကျ ရောင်းချနိုင်ရန် သင့်တော်သည့်နေရာတွင် ပန်းဈေးတစ်ခု သတ်မှတ်ဆောင်ရွက်ပေးရန် ထပ်မံစီစဉ်လျက်ရှိကြောင်း သိရသည်။

အောင်ဖြိုးကျော်

သက်ရှာကျေးရွာထွက် ပြာသိုသဲရေအိုးများ ရောင်းအားသွက်

သက်ရှာကျေးရွာထွက် သဲရေအိုးများ

ရေစကြို ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ပခန်းကြီးမြို့ဟောင်းအတွင်းရှိ သက်ရှာကျေးရွာထွက် ပြာသိုသဲရေအိုးများ ရောင်းအားသွက်လျက်ရှိပြီး ရေခပ်အိုးများနှင့် ထန်းမြူအိုးများ ရောင်းအားကျလျက်ရှိသည်။

"အခုလောလောဆယ် အရင်နဲ့စာရင် သဲအိုးလုပ်ရတာ ပိုတိုးလုပ်လာရတယ်။ ထန်းမြေအိုးတို့၊ ရေခပ်အိုးတို့ကတော့ လျော့သွားတယ်။ တခြားဟာတွေကတော့ မလျော့ဘူး"ဟု သက်ရှာကျေးရွာမှ အိုးလုပ်ငန်းလုပ်သူ မစန်းက ပြောသည်။

သက်ရှာကျေးရွာသည် ဘိုးဘွားအစဉ်အဆက် အိုးအမျိုးမျိုး ပြုလုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးရွာတစ်ရွာ ဖြစ်သည်။ သက်ရှာကျေးရွာမှ ရေအိုးအမျိုးမျိုး၊ အင်တုံ၊ ထန်းမြူအိုး၊ ပန်းပင်စိုက်သည့် မြေထည် ပန်းအိုးများနှင့် အိုးပုတ်များကို အဓိကပြုလုပ်ရောင်းချကြောင်း သိရပြီး သဲရေအိုးမှာ ရောင်းအားအကောင်းဆုံးပစ္စည်းဖြစ်ကြောင်း သိရသည်။

သက်ရှာကျေးရွာတွင် ရေအိုးပြုလုပ်ခြင်းကို ပြာသိုလတွင် ပြုလုပ်လေ့ရှိကြပြီး ရာသီဥတုပူပြင်းချိန်တွင် ရေအိုးပြုလုပ်ပါက ရေအိုးမြန်မြန် ကွဲအက်လွယ်ပြီး ပြာသိုလတွင် ပြုလုပ်ပါက ရာသီဥတုအေးသဖြင့် ရေအိုးမကွဲအက်ဘဲ ပိုအေးမြစေကြောင်း သိရသည်။ အဆိုပါ သက်ရှာကျေးရွာထွက် သဲရေအိုးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ ရှိပြီး ရိုးရိုးရေအိုးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

မြင်းခြံ ဒီဂရီကောလိပ်တောင်တက်အသင်း မြန်မာနိုင်ငံ၏ ဗဟိုချက်ဖြစ်သော ပြက္ခရွှေတောင်တက်ရောက်

မြင်းခြံ ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ်မှ ခြေလျင်နှင့်တောင်တက်အသင်းသည် နှစ်စဉ်တောင်တက်ခြင်းကို ပြုလုပ်လာရာ ယမန်နေ့က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ မြန်မာနိုင်ငံ၏ ဗဟိုချက်ဖြစ်သော ပြက္ခရွှေတောင်သို့ တက်ရောက်သည်။

ပြက္ခရွှေတောင်ပေါ်ရောက် မြင်းခြံကောလိပ်တောင်တက်အသင်းသားများကို တွေ့ရစဉ်။

မြင်းခြံဒီဂရီကောလိပ်မှ ခြေလျင်နှင့်တောင်တက်အသင်းဉက္ကဋ္ဌ သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်လေးရီ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ကျန်းမာရေး စောင့်ရှောက်ရန်လိုက်ပါလာသည့် ဆရာဝန်များသည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်ဖြစ်သော ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပြက္ခရွှေတောင်သို့ တက်ရောက်ခဲ့ရာ လမ်းတစ်လျှောက်တွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို သမိုင်းဆိုင်ရာ အချက်အလက်များ၊ မြန်မာစာပေဆိုင်ရာများ၊ သစ်ပင်များ ပေါက်ရောက်ဖြစ်ထွန်းပုံများ၊ ကျေးငှက်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားမှုများ၊ ရေမြေတောတောင်ဆိုင်ရာ ပထဝီအချက်အလက်များကို လက်တွေ့လေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက် ပြက္ခရွှေတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၇၃၄ ပေရှိသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၂-၂၀၁၉

ရွှေ			
ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၁၅၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၈၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၁၅၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၅၀/၉၂၅	ကျပ်	၉၂၀/၉၃၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၆၀/၉၃၅	ကျပ်	၉၃၅/၉၇၀	ကျပ်
အောက်တိန်း ၉၂	၆၇၀/၇၃၅	ကျပ်	၇၆၅/၇၉၅	ကျပ်
အောက်တိန်း ၉၅	၇၅၅/၈၃၀	ကျပ်	၈၆၅/၈၇၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၂၈ ・ ၄
ဥရောပ	တစ်ယူရို	ကျပ်	၁၇၃၄ ・ ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၃၀ ・ ၃
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၉၂ ・ ၃
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၇၉ ・ ၇
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၈၇ ・ ၄
တရုတ်	တစ်ယွမ်	ကျပ်	၂၂၇ ・ ၄၆
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ ・ ၄၇၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၅ ・ ၉၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၇၄ ・ ၉၃
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ ・ ၈၀၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၉၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၉၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၉၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၉၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

စပါးသီးနှံဖွံ့ဖြိုးရေးနှင့် ကျွန်းပတ်တာများထိန်းသိမ်းရေး ပူးပေါင်းကြံဆ ပါဝင်ပေး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- သပြေထွန်း

မြစ်ဝကျွန်းပေါ်ဒေသများအတွင်း အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအား ကမ္ဘာ့ဘဏ် (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့ရာ စပါး (၁) စီမံကိန်းအား ၁၉၇၆-၁၉၈၅ တွင် ဖျာပုံ၊ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ ဝါးခယ်မမြို့နယ်များတွင်လည်းကောင်း၊ စပါး (၂) စီမံကိန်းအား ၁၉၇၈-၁၉၉၀ တွင် ကျိုက်လတ်-မအူပင်၊ ဘိုကလေး၊ သန်လျင်၊ လပွတ္တာမြို့နယ်များတွင်လည်းကောင်း၊ ကျွန်းပတ်တာများ အသုံးပြုတည်ဆောက်၍ လယ်ယာစိုက်ပျိုးရေးဧရိယာဖော်ထုတ်ခြင်း၊ တာပတ်ခြင်း၊ ရေတံခါးရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းတူးခြင်းနှင့် အခြားသော စိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရေငန်ဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှ လျော့ပါးသက်သာ၍ ရေချိုထိန်းပေးခြင်း၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ခြင်းများကြောင့် နှစ်ပေါင်းများစွာ စိုက်ပျိုးရေးမအောင်မြင်ခဲ့သော လယ်ယာမြေများအား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် အခြေအနေသို့ရောက်အောင် ဖော်ထုတ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေးအတွက် အရေးပါဆုံးသော ဒေသတစ်ခုဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ဒေသနေပြည်သူများ၏ လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် ကျွန်းပတ်တာများဖြင့် လယ်ယာမြေဖော်ထုတ်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

မြစ်ဝကျွန်းပေါ်ဒေသ အထူးသဖြင့် ပင်လယ်နှင့် နီးသော အရပ်ဒေသများရှိ အချို့သော မြေနိမ့်ဒေသတို့သည် ဒီရေတက်ရောက်မှုကြောင့်သော်လည်းကောင်း၊ ရေများ (သို့မဟုတ်) ဆားငန်ရေများ တက်ရောက်ကာ စိုက်ပျိုး၍ မရနိုင်လောက်အောင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုကဲ့သို့သော ဒေသများတွင် အကျိုးပြုလယ်ယာမြေများ ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ချောင်း၊ မြောင်းနှင့် ကုန်းမြေအနေအထား မြေပုံအား လေ့လာ၍ ရေငန်ဝင်ရောက်မှုကို ကာကွယ်ရန်အတွက် တာပတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရန် ရည်ရွယ်၍ တာပတ်ထားသော ဧရိယာကို ကျွန်းပတ်တာဟုခေါ်ပြီး ယင်းကျွန်းပတ်တာအတွင်းသို့ မိုးရာသီ၌ ဝင်ရောက်လာသော မိုးရေများကို ရေနုတ်မြောင်းများတူးဖော်ကာ ရေတံခါးများမှတစ်ဆင့် အနီးပတ်ဝန်းကျင်ရှိ ချောင်း၊ မြောင်းများထဲသို့ ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ပျိုး၍ရနိုင်သော ဧရိယာတစ်ခုဖြစ်ရန် ဆောင်ရွက်လေ့ရှိကြပါသည်။ သို့ဖြစ်၍ ကျွန်းပတ်တာတစ်ခုအတွင်းသို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေး၊ ဒီရေတက်ရောက်မှုကြောင့် ဆားငန်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ကျွန်းပတ်တာများတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေတံခါးများတည်ဆောက်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ကြ

ဖျာပုံမြို့နယ်ရှိ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ၊ အောက္ကဘာရေတံခါးနှင့် နွေစပါးစိုက်ခင်းများ

ရခြင်းဖြစ်ကြောင်း ဆည်မြောင်းအတတ်ပညာဆိုင်ရာ ပညာရှင်များက ပြောသည်။

ထို့ကြောင့် ကျွန်းပတ်တာနှင့် တာများ တည်ဆောက်ထားသည့် မြစ်ဝကျွန်းပေါ်ဒေသအား နည်းပညာအရ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဟူ၍ ပိုင်းခြားသတ်မှတ်ကာ အထက်ပိုင်းတွင် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ငါးသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်၊ ဆကာကြီး၊ ဓနုဖြူ၊ ကျောင်းကုန်း၊ အသုတ် စသည့်ဒေသများ၊ အလယ်ပိုင်းတွင် ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ရွှေလောင်း၊ ဝါးခယ်မ၊ မအူပင်၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး စသည့်ဒေသများ၊ အောက်ပိုင်းတွင် ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ စက်ဆန်း၊ ကျုံကဒွန်း စသည့်ဒေသများဟူ၍ အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးကို စပါး (၁)၊ စပါး (၂) စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍဆောင်ရွက်ရာတွင် အောင်မြင်မှုအားသာချက်များနှင့် သဘာဝအခြေခံကောင်းများ မြောက်မြားစွာ ပိုင်ဆိုင်ထားသော်လည်း ပင်လယ်မှလည်းကောင်း၊ မြစ်ချောင်းမြစ်မြွာများမှလည်းကောင်း ဒီရေနှင့် ဆားငန်ရေများဝင်ရောက်ကာ အချိန်ကာလကြာရှည်စွာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိရာ ယခုကဲ့သို့ ကျွန်းပတ်တာများ အဓိကထား တည်ဆောက် အကောင်အထည်ဖော်ပေးခဲ့သဖြင့် ယင်းကျွန်းပတ်တာများ၏ အကျိုးကျေးဇူးများကို အထူးသဖြင့် ဒေသနေသူတို့ ပကတိသိမြင်ခံစား အကျိုးပွားလျက်ရှိသည်ဆိုလျှင် မည်သူမျှ ငြင်းအံ့မထင်။

အချုပ်အားဖြင့်ဆိုရပါမူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ သဘာဝလိုအပ်ချက်အရ စိုက်ပျိုးရေးအကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်စေရန် တည်ဆောက်ပြီး ကျွန်းပတ်တာများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာ လိုအပ်သော ကျွန်းပတ်တာများကိုလည်း လိုအပ်သည့်ဒေသတွင် ထပ်မံတည်ဆောက်၍ လယ်ယာကဏ္ဍကို ဆက်လက်ဖော်ထုတ် မြှင့်တင်လုပ်ကိုင်ရန် စိုက်ပျိုးမြေဧရိယာများ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံတော်နှင့် တာဝန်ရှိသူအသီးသီးမှ လူအား၊ ငွေအား၊ နည်းပညာအားများဖြင့် လက်ရှိအခြေအနေထက် အရှိန်အဟုန်မြှင့်တင်သွားမည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရုံမျှမက ရိက္ခာဖူလုံမှု ပိုမိုတိုးတက်လာမည်မှာ သေချာသော လုပ်ငန်းမျှော်မှန်းချက်တစ်ရပ်ဖြစ်လာပေမည်။

အရှေ့တောင်အာရှရှိ မြစ်ဝကျွန်းပေါ်ဒေသများအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရွာသောမိုးရေချိန်သည် အများဆုံးဖြစ်၍ ပျမ်းမျှ လက်မ ၁၀၀ ကျော်ခန့်ရှိရာ စိုက်ပျိုးရေးအတွက် လိုအပ်သော ရေအရင်းအမြစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှု အညွှန်းကိန်းများလည်း အလျင်အမြန်တိုးတက်လာမည်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး၊ မိုးစပါးအပါအဝင် စိုက်ပျိုးရေးကဏ္ဍများ ဆောင်ရွက်ရာ၌ ဒေသ၏ သဘာဝအရ ခက်ခဲမှုများရှိသော်လည်း ယခုကဲ့သို့ ကျွန်းပတ်တာများ၊ ရေတံခါးများနှင့် ရေနုတ်မြောင်းများ တည်ဆောက်တူးဖော်ပေးလျက်ရှိရာ ပင်လယ်ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေခြင်းနှင့် ရေချိုထိန်းထားနိုင်ခြင်းများအပြင် အခြားသော ရေမြေသဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ရရှိ ထိန်းသိမ်းထားပြီးဖြစ်သဖြင့် ဧရာဝတီ၏ စပါးကျီဟူသော ပြည်သူကပေးသည့် ဂုဏ်ပုဒ်အား ဒေသနေသူတို့နှင့် တာဝန်ရှိသူအသီးသီးတို့က ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေဟု အကြံပြုရေးသားလိုက်ရပါသည်။ ။

ကွန်ချောင်းရေလှောင်တမံမှ ဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများကို တွေ့ရစဉ်။

ကွန်ချောင်းတမံဆည်ရေဖြင့် နွေစပါး ၃၃၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်

မြန်အောင် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ ကွန်ချောင်း ရေလှောင်တမံမှ ဆည်ရေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်အေထိ နွေစပါး ၃၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကွန်ချောင်းရေလှောင်တမံ ဆည်ရေဖြင့် ကြံခင်း မြို့နယ်အတွင်း နွေစပါးလျာထားဧက ၁၁၅၃ ဧကနှင့် မြန်အောင်မြို့နယ်အတွင်း နွေစပါးလျာထားဧက ဧက ၂၈၅၀ ရှိသည့်အနက် ၃၃၃၅ ဧကကို တူးမြောင်းမကြီးနှင့် လက်တံမြောင်းများမှ ဆည်ရေပေးသွင်းစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြန်အောင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးထိန်လင်းက ပြောသည်။

"ကွန်ချောင်းဆည်ရဲ့ စိစစ်ပြီးဧကတွေကတော့ နွေစပါးဧက ၁၀၀၀၀ နဲ့ အခြားသီးနှံ ၄၆၈၇ ဧက ဖြစ်ပါတယ်။ ဒီနှစ် နွေစပါးအတွက် ၄၀၀၃ ဧက လျာထားခဲ့သော်လည်း ၄၃၆၈ ဧကအထိ ဆည်ရေဝင်ရောက်နေပြီး ၃၃၃၅ ဧကအထိ စိုက်ပျိုးပြီးဖြစ်သည့်အတွက် ဒီနှစ် နွေစပါး လျာထားဧကထက် ပိုမိုအောင်စိုက်ပျိုးသွားနိုင်မှာဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရေအတွက်လည်း ဆည်ထဲမှာ ဆည်ရေ ၇၀၇၇၅ ဧကပေအထိ ကျန်ရှိနေတဲ့ အထဲကမှ ၆၃၄၂၅ ဧကပေအထိ အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် နွေစပါးစိုက်ပျိုးရေ အောင်ရေရရှိတဲ့အထိ လုံလုံလောက်လောက် ပေးဝေနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

မောင်မွှေး

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျွဲ၊ ခိုင်းနွားနှင့် နွားနောက်ကောင်ရေ ၂၅၀၀၀ ကျော် မွေးမြူထား

မုံရွာ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၊ အသားထုတ်လုပ်မှုကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် ကျွဲ၊ ခိုင်းနွားနှင့် နွားနောက်(အသားစား)ကောင်ရေ ၂၅၀၇၅ ကောင် မွေးမြူထားကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ရုံးမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တော၊ တောင်များပေါများပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ရွှေ့ပြောင်းတောင်ယာစနစ်များကို အများဆုံးအသုံးပြုစိုက်ပျိုးကြရာ ယင်းစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျွဲနှင့် ခိုင်းနွားများကို အများဆုံးအသုံးပြုကြပြီး နွားနောက်မွေးမြူရေးကို ဒေသတွင်းအသားစားသုံးနိုင်ရန်အတွက် တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့နယ်တွင် ကျွဲ ၂၂၅၃ ကောင်၊ ခိုင်းနွား ၁၃၂၆ ကောင်နှင့် နွားနောက် ၇၈၆ ကောင်ကိုလည်းကောင်း၊ လဟယ်မြို့နယ် တွင် ကျွဲ ၃၈၈ ကောင်၊ ခိုင်းနွား ၁၂၇၈ ကောင်နှင့် နွားနောက် ၃၀၆၈ ကောင်ကို လည်းကောင်း၊ နန်းယွန်းမြို့နယ်တွင် ကျွဲ ၅၆၅၆ ကောင်၊ ခိုင်းနွား ၁၀၀၃၂ ကောင်နှင့် နွားနောက် ၂၈၈ ကောင်တို့ကိုလည်းကောင်း မွေးမြူထားကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

လေရှီးမြို့နယ်အတွင်း မွေးမြူထားသော နွားနောက်များကို တွေ့ရစဉ်။

သဲနှစ်တန်း ပုလဲစခန်း ခရီးသွားလုပ်ငန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာအတ္တလန်တစ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူဆောင်ရွက်နေသော သဲနှစ်တန်း ပုလဲမွေးမြူရေးစခန်းတွင် ပုလဲစခန်းခရီးသွားလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ကာ အဆိုပါကျွန်းစခန်းတွင် ပုလဲစခန်းခရီးသွားများကို စတင်လက်ခံခဲ့သည်။

သဲနှစ်တန်းပုလဲခရီးသွားစခန်းတွင် ပုလဲမွေးမြူထုတ်လုပ်ခြင်းနှင့် ပတ်သက်သော လုပ်ငန်းအဆင့်ဆင့်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မှတ်ကောင်များဆိုင်ရာနှင့် အဏ္ဏဝါသိပ္ပံဆိုင်ရာများကို ဓာတ်ပုံ၊ မြေပုံကားချပ်များဖြင့် လည်းကောင်း၊ ဒေသခံ မော်ကင်း (ဆလုံ) လူမျိုးများ နေအိမ်၊ အသုံးအဆောင်၊ လှေများစသော ဗဟုသုတဖြစ်ဖွယ်များကို ခင်းကျင်းပြသထားပြီး ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများအပြင် ထွက်ရှိသော နာမည်ကျော် ရွှေဝါရောင်၊ ရွှေအိုရောင်ပုလဲများကို ရောင်းချပေးမည်ဖြစ်ပြီး လက်ဆောင်ဝယ်ယူသည့် ပုလဲများကို အကောက်ခွန်ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပသယ်ဆောင်နိုင်ရေး တစ်ပါတည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပုလဲစခန်းအား အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေရက်များတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ သတ်မှတ်ချက်များအတိုင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

အဆိုပါခရီးသွားလုပ်ငန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာအတ္တလန်တစ်ကုမ္ပဏီလီမိတက်၏ ပုလဲတံခွန် ပုလဲမွေးမြူရေးစခန်းတွင် ဖွင့်လှစ်ပေးခဲ့ရာမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သဲနှစ်တန်းစခန်းသို့ ရွှေ့ပြောင်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ သဲနှစ်တန်းပုလဲစခန်းသည် တောင်ပင်လယ်ပုလဲများ ထုတ်လုပ်သော Pindata Mexima အမျိုးအစားမှတ်ကောင်ငယ်များ ရှင်သန်ပေါက်ဖွားမှု အထူးကောင်းမွန်သော စခန်းဖြစ်သဖြင့် Mexima မှတ်ကောင်များ၏ တိုင်းပြည် (Mother Land of Mexima) အဖြစ် တင်စားခေါ်ဆိုသည့်အပြင် နှစ်ဖက်လုကျွန်းဟုလည်း လူသိများကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

သဲနှစ်တန်း ပုလဲခရီးသွားစခန်း တစ်နေရာ။

အင်းဝဘုရင် "ဒုတိယမင်းခေါင်" လှူဒါန်းထားခဲ့သော ရုပ်စုံကျောင်းသို့ နေ့စဉ် ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်တောင်ဆင်းလမ်းရှိ အရိယဝံသချောင်တွင် အင်းဝဘုရင် "ဒုတိယမင်းခေါင်" လှူဒါန်းထားခဲ့သော ရုပ်စုံကျောင်းသို့ ယခုအခါတွင် နေ့စဉ် ပြည်တွင်း ပြည်ပ ခရီးသွား ၂၀၀ ကျော် လာရောက်လည်ပတ်ကြကြောင်း အဆိုပါ ချောင်မှ သိရသည်။

အဆိုပါ "ရုပ်စုံကျောင်း" ကို ဇာတ်ကြီးဆယ်ဘွဲ့နိပါတ် ဇာတ်ရုပ်များကို လက်ရာမြောက်စွာ စုံလင်ထည့်သွင်း တည်ဆောက်ထားသည့်အတွက် ရုပ်စုံကျောင်းဟု ခေါ်ဆိုကြကြောင်း၊ လက်ရှိတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခရီးသွားနေရာတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး အများပြည်သူ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် သန့်ရှင်းလှပမှုများ ပြုလုပ်ထားကြောင်း သိရသည်။

"လာရောက် လည်ပတ်သူတွေ၊ လေ့လာသူတွေ နေ့စဉ်ရှိတယ်။ ခန့်မှန်းအားဖြင့် ဦးရေ ၂၀၀ ကျော်လောက်လာကြတယ်။ စနေ၊ တနင်္ဂနွေနဲ့ ဥပုသ်နေ့တွေဆို လာလည်တဲ့သူ မပြတ်ဘူး။ အဲဒီနေ့တွေဆို ၅၀၀ ကျော်လောက်ရှိတယ်။ နိုင်ငံခြားသား ခရီးသွားတွေကတော့ နေ့စဉ်ပုံမှန်လာရောက်မှု မရှိပေမယ့် တစ်ဦးစ၊ နှစ်ဦးစ ဆိုင်ကယ်နဲ့ လာရောက်တာမျိုးတွေ ရှိသလို၊ တစ်ခါတလေ ကားနဲ့ အုပ်စုဖွဲ့အယောက် ၄၀၊ ၅၀ လောက် လာကြတယ်။ အဓိကကတော့ ဒီက ရုပ်လုံးရုပ်ကြွတွေကို လေ့လာကြတယ်။ အမှတ်တရဓာတ်ပုံ လာရိုက်ကြတယ်"ဟု အရိယဝံသချောင်မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

အရိယဝံသချောင်ရှိ ရုပ်စုံကျောင်းဆောင်လေးကို အင်းဝခေတ် ရေငုံဆရာတော်ကြီးထံမှ စာပေသင်ကြားနေသည့် "ရှင်အရိယာဝံသ" ကိုယ်တော်၏ စာပေကျမ်းဂန် တတ်မြောက်မှုကို ကြည်ညိုသည့်အတွက် အင်းဝဘုရင် "ဒုတိယမင်းခေါင်" က ကျောင်းဆောက်ကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ရုပ်စုံကျောင်း၏သက်တမ်းမှာ နှစ်ပေါင်း ၇၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

နှစ်ပေါင်း ၇၀၀ ခန့် သက်တမ်းရှိ ရုပ်စုံကျောင်း။

ယာဉ်လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	တပ်ကုန်း
၂။	ကချင်ပြည်နယ်	ရွှေကူ
၃။	ကရင်ပြည်နယ်	လှိုင်းဘွဲ့၊ ဝင်းကကျေးရွာ
၄။	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ၊ ဒီပဲယင်း၊ ကလေးဝ၊ မော်လိုက်၊ မင်းကင်း
၅။	တနင်္သာရီတိုင်းဒေသကြီး	ရေဖြူ၊ ပုလော
၆။	ပဲခူးတိုင်းဒေသကြီး	ဝေါ၊ ပေါင်းတည်၊ လက်ပံတန်း
၇။	မကွေးတိုင်းဒေသကြီး	ချောက်၊ မင်းတပ်၊ ဂန့်ဂေါ၊ မတူပီ၊ စလင်း၊ အောင်လံ၊ မင်းလှ
၈။	မန္တလေးတိုင်းဒေသကြီး	မတ္တရာ၊ ညောင်ဦး၊ မြစ်သား၊ ပျော်ဘွယ်
၉။	မွန်ပြည်နယ်	ရေး
၁၀။	ရခိုင်ပြည်နယ်	ကျောက်ဖြူ၊ ရမ်းဗြဲ
၁၁။	ရန်ကုန်တိုင်းဒေသကြီး	လှည်းကူး၊ ဒလ
၁၂။	ရှမ်းပြည်နယ်	မိုးနဲ၊ ကွတ်ခိုင်၊ နမ့်ဆန်၊ မိုင်းတုံ၊ မိုင်းဆတ်
၁၃။	ဧရာဝတီတိုင်းဒေသကြီး	ငပုတော၊ ညောင်တုန်း၊ ဇလွန်၊ ဘိုကလေး

မြန်မာ့အလင်း

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

ပဲခူး ဖေဖော်ဝါရီ ၂၄

ပဲခူးမြို့နယ်ရှိ ဟုန်ကရူးအထည်ချုပ်စက်ရုံတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသည့် စက်ရုံအလုပ်သမား ၂၀၀ ကျော်အား ယမန်နေ့က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော်က စစ်ဆေးပေးသည်။

အလုပ်သမားများ အဆင်ပြေရန် ဆောင်ရွက်ပေး

ပဲခူးမြို့နယ် အင်းတကော်မြို့ရပ်ကွက်ကြီး(၂)ရှိ ဟုန်ကရူးအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား ၃၀၀၀ ကျော်ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် အလုပ်သမား ၂၂၅ ဦးအား မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ပြီး စက်ရုံများသို့ ကွင်းဆင်းကာ အလုပ်သမားများ အဆင်ပြေစွာ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

ကန့်ဘလူမြို့နယ်၌ ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

ကန့်ဘလူ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် ကုမ္ပဏီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကန့်ဘလူမြို့နယ် မယ်ဇတောကျေးရွာနှင့် ချောင်းရှည်ကျေးရွာတို့၌ ဆိုလာအသေးစားဓာတ်အားလိုင်းစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆိုလာအသေးစားဓာတ်အားလိုင်းစနစ် မီးလင်းရေးလုပ်ငန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ပြည်သူလူထုက ၂၀ ရာခိုင်နှုန်း၊ ကုမ္ပဏီက ၂၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီး အသုံးပြုနိုင်ကြမည်ဖြစ်သဖြင့် ကျေးရွာပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ကန့်ဘလူမြို့နယ်အတွင်း မီးလင်းစေမည့် ဆိုလာစနစ်ကို တွေ့ရစဉ်။

ကျေးရွာမီးလင်းရေးစီမံကိန်းနယ်မြေရွေးချယ်ရာတွင် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ဝေးကွာသော ဒေသများ လာမည့် ၁၀ နှစ်အတွင်းမဟာဓာတ်အားလိုင်းမှ မီးမရနိုင်သည့် ဒေသများကို ဦးစားပေးရွေးချယ်ခြင်းဖြစ်သည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းသည် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် စီမံကိန်းဖြစ်ပြီး မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောဒေသများတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရမီ ပြည်သူအချိုးကျထည့်ဝင်မှုစနစ်ဖြင့် လျှပ်စစ်မီးရရှိရန် အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ပူးပေါင်းဆောင်ရွက်၍ အသေးစားဓာတ်အားလိုင်းစနစ်ဖြင့် မီးလင်းစေမည်ဖြစ်ကာ မဟာဓာတ်အားလိုင်းမှ မီးရရှိပါက အလွယ်တကူ ချိတ်ဆက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ထမံသီအနာဂတ်လှပရေး ထုဆစ်ကြသူများ

ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-သန်းမြင့် (WCS)

ဟုမ္မလင်းမြို့နယ်က ထမံသီ

လွန်ခဲ့သောဆယ်စုနှစ်လေးခုကျော်ကာလက ပဲခူးရိုးမ၏ သိုင်းနယ်မိုးစွေအစရှိသည့်ဒေသ၏ တောနက်ကြီးများ၊ သားရဲကြီးများအကြောင်း၊ ဂမ္ဘီရဆန်သော အဖြစ်အပျက်များရှိရာ ထမံသီတော စသည်ဖြင့် စွန့်စားခန်းမှဆိုးဝတ္ထုများ ဖတ်ရှုခဲ့ကြရသည်။ အမှန်လည်း တည်ရှိခဲ့ကြသည်။ သို့သော် မျက်မှောက်ပစ္စက္ခကာလတွင် သိုင်းချောင်းစီးဆင်းရာ သိုင်းနယ်မိုးစွေအစရှိသည့် ပဲခူးရိုးမတောများပြုန်းခဲ့ပြီး ထမံသီတောမှာမူ ထိန်းသိမ်းရန်လိုအပ်သော အနေအထားအဖြစ် ကျန်ရှိနေသေးသည်။ ယင်းထမံသီအနာဂတ်လှပစေရေး ထုဆစ်ပုံဖော်ရန် ခြေလှမ်းတစ်ခုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ခင်းတွင် စတင်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စွယ်ခေါင်းငေါ ကျေးရွာအနီးတွင် ထမံသီဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းနှင့် လူထုအခြေပြု သဘာဝနယ်မြေများ ထိန်းသိမ်းမှုသင်တန်းနှင့် သုတေသနစင်တာကို စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ သားငှက်ထိန်းသိမ်းရေးအဖွဲ့ဌာနချုပ်မှ Executive Vice President ဖြစ်သူ Mr.John Gwilym Robinson၊ ဆက်စပ်ဌာနဆိုင်ရာ အကြီးအကဲများ၊ IUCN မှ ကိုယ်စားလှယ်၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဌာနေတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

သစ်တောဦးစီးဌာနလက်အောက်တွင် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနကို ဖွဲ့စည်းပြီး သဘာဝသစ်တောများနှင့်အတူ ရှင်သန်လျက်ရှိသော တောရိုင်းတိရစ္ဆာန်များကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်စေရန် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခုကို ဖွဲ့စည်းလုပ်ဆောင်နေရာ တစ်နိုင်ငံလုံးဧရိယာ၏ ၅ ဒသမ ၇၉ ရာခိုင်နှုန်း လွှမ်းခြုံမှုရှိကြောင်း၊ ထို့အပြင် ၁၉၉၄ ခုနှစ်က ထုတ်ပြန်ခဲ့သော The Protection of Wildlife and Conservation of Natural Areas Law ဥပဒေကိုလည်း ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ ၂၀၁၈ ခုနှစ် မေလတွင် အသစ်ထုတ်ပြန်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

ထို့အပြင် လုပ်ငန်းများ ပိုမိုထိရောက်ဆောင်ရွက်နိုင်ရန် အမေရိကန်အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society -WCS) နှင့် သဘောတူ စာချုပ်ရေးထိုးဆောင်ရွက်ခဲ့သည်မှာ ၂၅ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်ပြီး ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်ထမ်းများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ ဝန်ထမ်းများပူးပေါင်း၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထမံသီသင်တန်းနှင့် သုတေသနစင်တာ အဝင်တစ်နေရာ။

၁၉၇၄ ခုနှစ် ဧပြီလ ၁၁ ရက်တွင် သဘာဝဘေးမဲ့တောအဖြစ် စတင်သတ်မှတ်ခဲ့သော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရိယာ ၈၃၀ ဒသမ ၄၀ စတုရန်းမိုင် (ဧကအားဖြင့် ၅၃၁၄၅၆ ဧက) ကျယ်ဝန်းပြီး မျှားမကြာမီကာလက ရရှိခဲ့သော ကင်မရာထောင်ချောက်မှတ်တမ်းအရ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကမ္ဘာ့အဆင့်ရှားပါးတောရိုင်းတိရစ္ဆာန်များဖြစ်သော ကျား၊ ကျားသစ်၊ ဆင်၊ ပြောင်၊ ဝက်ဝံအပါအဝင် မျောက်အမျိုးမျိုး၊ ငှက်မျိုးစိတ်အများအပြားတို့ကို မှတ်တမ်းတင်နိုင်ခဲ့သလို ဥပဒေပြင်ပ တောမုဆိုးတို့၏ ပုံရိပ်များကိုတွေ့ရှိရသည်မှာလည်း သတ္တဝါများ၏ ဇီဝလုံခြုံရေးအတွက် ကာကွယ်ထိန်းသိမ်းရန်လိုအပ်ကြောင်း ဖော်ညွှန်းနေသည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။ စုံလင်အောင်သုတေသနပြုမှတ်တမ်းမတင်နိုင်သေးသော်ငြား သစ်မျိုးစုံနှင့် သစ်ခွမျိုးစိတ်၊ ဝါး၊ ကြိမ်မျိုးစိတ် အများအပြား စုံလင်သောတောဖြစ်သည်မှာ သေချာသကဲ့သို့ တောထွက် သယံဇာတမှောင်ခိုသမားများ၏ မျက်စိကျဖွယ်ရာဖြစ်သော တောဆိုသည်မှာလည်း သေချာလှပေသည်။

အသိပညာများ ဝေမျှပေးလျက်ရှိ

သို့ဖြစ်ခြင်းကြောင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ပတ်ဝန်းကျင်ဒေသသည် မြန်မာနိုင်ငံအတွက် ဇီဝမျိုးစုံမျိုးကွဲများရေရှည်ထိန်းသိမ်းရန် အလွန်အရေးကြီးသော နေရာတစ်ခုအဖြစ် စဉ်းစားသိမြင်နိုင်မည်ဖြစ်သည်။ ထို့အပြင်ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင်တွင် ကိုယ်တိုင်ဆောင်ရွက်နေသော ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ထိန်းသိမ်းရေးကို စိတ်ဝင်စားကြသည့် တက္ကသိုလ်၊ ကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ၏ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ တိုးမြှင့်မျှဝေနိုင်ရန် လိုအပ်သောနေရာတစ်ခုဖြစ်သည့် ထမံသီဘေးမဲ့တောသင်တန်းနှင့် သုတေသနစင်တာကို သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့ရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိကာလတွင် စတင်လည်ပတ်နေပြီဖြစ်သည်။ သင်တန်းလိုအပ်ချက်အရ သင်တန်း ခန်းမတစ်ခု၊ အိပ်ဆောင်နှစ်ခု၊ သုတေသနရုံးခန်းတစ်ခု၊ ထမင်းစားဆောင် တစ်ဆောင်၊ လေ့ကျင့်ရေးကွင်းတစ်ကွင်း၊ ဝန်ထမ်းနေအိမ်တစ်လုံး တည်ဆောက်ထားပြီး တစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၄၅ ဦးတက်ရောက်နိုင်ပြီး သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ဆိုလာလျှပ်စစ် စွမ်းအင်ကိုသာ အသုံးပြုထားသည်။

ယင်းသို့သော သုတေသနစင်တာဖွင့်လှစ်ပြီးနောက် လူထုအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဆောင်ရွက်နေသော ထိန်းသိမ်းရေး လုပ်ငန်းများ၊ ဂေဟဗေဒ စနစ် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအကြောင်း စသည်တို့ကို ယခုနှစ် ၂၀၁၉ ဇန်နဝါရီ ၂၃ ရက်မှစတင်၍ သင်တန်းသူ သင်တန်းသား ၂၆ ဦးနှင့် လေ့လာသူနှစ်ဦး စုစုပေါင်း ၂၈ ဦးအား ပို့ချခဲ့ကြောင်း သိရသည်။

သဘာဝကို ချစ်မြတ်နိုးသူများ မွေးထုတ်ပေးနေ

ထိုကဲ့သို့သော သင်တန်းများကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ်ကို စတင်တည်ထောင်သူ Dr.Alan Rabinowitz က သစ်တောဦးစီးဌာနဝန်ထမ်းများကို ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကနဦးစတင်ပို့ချပေးခဲ့ဖူးကြောင်း သိရပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း Dr.Alan Rabinowitz ကွယ်လွန်ခဲ့သဖြင့် ၎င်းကိုဂုဏ်ပြုသောအားဖြင့် "Alan Rabinowitz Training Hall "ဟု အမည်ပေးခဲ့သော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ သင်တန်းခန်းမမှ သဘာဝပတ်ဝန်းကျင်တောနှင့် တိရစ္ဆာန်များကို မြတ်နိုးတန်ဖိုးထားသူတို့ကို မွေးထုတ်ပေးနေပါလိမ့်မည်။

သို့ဆိုလျှင် Dr.Alan Rabinowitz နှင့် ၎င်းကို ဂုဏ်ပြုသောအားဖြင့် "Alan Rabinowitz Training Hall" ဟု အမည်ပေးခဲ့သော ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိသင်တန်းခန်းမမှ သဘာဝပတ်ဝန်းကျင်တောနှင့် တိရစ္ဆာန်များကို မြတ်နိုးတန်ဖိုးထားသူတို့ကဲ့သို့ ထမံသီအနာဂတ် လှပစေရေး ထုဆစ်ပုံဖော်ကြသူများနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကျွန်ုပ်တို့ ပြည်သူ ပြည်သားအားလုံးတို့ကလည်း ကျွန်ုပ်တို့ရှင်သန်ရာ ဂေဟပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေးအတွက် ရှုထောင့်ပေါင်းစုံ ဘက်ပေါင်းစုံမှ မိမိတို့တတ်စွမ်းသည့်ကဏ္ဍမှ ဝိုင်းဝန်းပါဝင်လုပ်ဆောင်သွားကြရန် တလေးတစား တိုက်တွန်းနှိုးဆော် လိုက်ရပါတော့သည်။ ။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျင်လည်ကျက်စားနေသော မလေးဝက်ဝံတစ်ကောင်ကို ကင်မရာထောင်ချောက်မှတစ်ဆင့် မြင်တွေ့ရစဉ်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျင်လည်ကျက်စားနေသော ကျားတစ်ကောင်ကို ကင်မရာထောင်ချောက်မှတစ်ဆင့် မြင်တွေ့ရစဉ်။

ကန့်ဘလူမြို့နယ်၌ လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကျပ် ၂၁၂၉ သိန်းကျော်ဖြင့် ဆောင်ရွက်မည်

ကန့်ဘလူ ဖေဖော်ဝါရီ ၂၄

ကန့်ဘလူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၁၂၉၁၁၀၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လမ်းလယ်ကျွန်း အလှသစ်ပင်များဖြင့် ကန့်ဘလူမြို့တွင်းလမ်းတစ်နေရာကို တွေ့ရစဉ်။

မြို့ပေါ်ရပ်ကွက်များရှိ အဆင့်မြှင့်တင်မည့်လမ်းများမှာ အမှတ်(၂) ရပ်ကွက်မှ ဂျီတီစီလမ်းကတ္တရာခင်းခြင်း၊ ပဒုမ္မာလမ်း ကတ္တရာခင်းခြင်း၊ သမတိုက်တန်းအနီးလမ်းကို ကတ္တရာခင်းခြင်း၊ အမှတ်(၃)ရပ်ကွက်မှ ဗိုလ်အောင်ကျော်လမ်း ကတ္တရာခင်းခြင်း၊ အမှတ်(၅)ရပ်ကွက် ဆိပ်ဖူးမြောင်အထွက်လမ်း ကတ္တရာခင်းခြင်း၊ အမှတ်(၄) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းကို တစ်ဖက် နှစ်ပေစီ တိုးချဲ့၍ ကတ္တရာခင်းခြင်း၊ အမှတ်(၂) ရပ်ကွက် ကျွန်းလှအထွက်လမ်းကို လေးပေချဲ့၍ ကတ္တရာခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှတ်(၅)ရပ်ကွက် အောင်သစ္စာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှတ် (၄)ရပ်ကွက် မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုး လွှာခင်းခြင်းတို့ဖြစ်ပြီး မြို့တွင်းလမ်းများတွင် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဟု သိရသည်။

ထို့ပြင် အမှတ်(၄)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ကျောက်ချောခင်းခြင်း၊ အမှတ်(၅) ရပ်ကွက် အောင်သီရိလမ်းတွင် ကျောက်ချောခင်းခြင်း၊ အမှတ်(၁)ရပ်ကွက် ပါရမီ(၃)လမ်းတွင် ကျောက်ချောခင်းခြင်း၊ အမှတ်(၅)ရပ်ကွက် ဦးရာဇတ်လမ်း ကျောက်ချောခင်းခြင်း၊ ထန်းကုန်းကျေးရွာတွင်းလမ်းတွင် ကျောက်ချောခင်းခြင်း၊ ပင့်သာကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်း၊ မလယ်ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်း၊ ကိုးထောင်ဘို့ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်း၊ ကာဘိုးကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်းနှင့် အမှတ်(၂)ရပ်ကွက် ရွှေပိတောက်လမ်းတွင် မြေသားဘောင်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

တံတားလုပ်ငန်းများအနေဖြင့် အမှတ်(၂) ရပ်ကွက်ရှိ ပျူစောထီးလမ်း၊ ရွှေပိတောက်လမ်း၊ စွယ်တော်လမ်း၊ စည်ပင်သာယာလမ်း၊ ထပ်ဆင့်လွှင့်ရုံလမ်း၊ အမှတ်(၃)ရပ်ကွက်ရှိ အားကစား ကွက်သစ်လမ်း၊ အမှတ်(၁)ရပ်ကွက်ရှိ ကျွန်းရွှေဝါ လမ်း၊ အမှတ်(၅)ရပ်ကွက်ရှိဦးရာဇတ်လမ်းနှင့် အမှတ်(၁)ရပ်ကွက်ရှိ ပါရမီလမ်းသွယ်(၃)တို့တွင် Box Culvert များ တည်ဆောက်ခြင်း၊ အမှတ်(၂)ရပ်ကွက် ရွှေပိတောက်လမ်းတွင် ရေပြွန်တစ်စင်းတည်ဆောက်ခြင်းနှင့် မြို့ပေါ်ရပ်ကွက်ငါးခုမှ လိုအပ်သောနေရာများတွင် ရေပြွန်ခုနစ်ခုချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများအနက် အမှတ်(၂)ရပ်ကွက် ဂျီတီစီလမ်း အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၌ ကတ္တရာခင်းခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာဌာနက စတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကန့်ဘလူမြို့ပေါ် ရပ်ကွက်များရှိ တြိဂံများ၊ လမ်းလယ်ကျွန်းများနှင့် လမ်းဘေးဝဲယာများတွင်လည်း အလှသစ်ပင်များ စိုက်ပျိုးခြင်းကို စနစ်တကျ ဆောင်ရွက်ထားကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် မြို့၏ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုကြောင်း၊ အဆိုပါ သစ်ပင်များကို ပုံပန်းသဏ္ဌာန်လှပအောင် ပုံဖော်ခြင်း၊ ပုံပျက်သွားလျှင် ဖြတ်ညှိပြုပြင်ပေးခြင်းနှင့် ရေသယ်ယာဉ်တစ်စီးဖြင့် ရေလောင်းပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်ထံမှ သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

စစ်တွေမြို့မဈေးကြီး မီးဘေးကာကွယ်ရေး မီးသတ်ဆေးဘူးများထားရှိရန်အကြံပြု

စစ်တွေ ဖေဖော်ဝါရီ ၂၄

စစ်တွေမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိ ဌာနဆိုင်ရာများနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဈေးကြီးမှာ မီးဘေးစိုးရိမ်ရသည့်အခြေအနေတွင် ရှိနေကြောင်း စစ်တွေခရိုင် မီးသတ်ဦးစီးမှူးထံမှ သိရသည်။

စစ်တွေခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးက "စစ်တွေမြို့မှာ ဒီဈေးကြီးက မြို့ရဲ့စုဘူးပေါ့၊ ကျွန်တော်တို့က အဲဒီလို သတ်မှတ်ပြီးတော့ ဒီဈေးကြီး မီးဘေးအန္တရာယ်မဖြစ်စေဖို့ လာရောက်စစ်ဆေးတာဖြစ်ပါတယ်၊ လက်ရှိ စစ်ဆေးကြည့်ရတဲ့ အနေအထားအရတော့ ဈေးကြီးက မီးဘေးအတွက် စိုးရိမ်ရတဲ့အခြေအနေ ဖြစ်နေပါတယ်၊ ဈေးဆိုင်ခန်းတွေကလည်း အလွန် ကျပ်သိပ်နေပြီးတော့ ဈေးကလည်း အိုဟောင်းနေပြီ၊ ဈေးက ကြာမြင့်နေပြီဖြစ်တဲ့အတွက် လောင်စာတွေ များတာပေါ့၊ စစ်တွေမြို့က ပြည်နယ်မြို့ကြီးဖြစ်တဲ့အတွက် အဆောက်အအုံကောင်းကောင်း ဖြစ်သင့်ပါပြီ"ဟု ပြောသည်။

ဈေးကြီးသို့ အရေးပေါ် မီးသတ်ကားဝင်ထွက်ရန်အတွက်လည်း ခက်ခဲမှုများရှိသဖြင့် ဆိုင်များတွင် မီးသတ်ဆေးဘူးများ ထားရှိကြရန်လည်း ခရိုင်မီးသတ်ဦးစီးမှူးက အကြံပြုထားသည်။

"ဒီနေ့စစ်ဆေးတာကတော့ ဈေးဆိုင်ခန်း အခင်းအကျင်းတွေ၊ မီးသတ်ဆေးဘူး ထားရှိမှုတွေ၊ ရေရရှိမှုတွေကို စစ်ဆေးပါတယ်၊ ဒီဈေးကြီးမှာ အရေးပေါ်ဖြစ်ပြီဆိုရင် မီးသတ်ကားဝင်ထွက်ဖို့ ဈေးရှေ့လမ်းမကြီးမှာ လမ်းပိတ်ဆို့မှုတွေ ကြုံတွေ့နိုင်တယ်၊ ဒ့ါအပြင် ပတ်လမ်းမှာလည်း အခက်အခဲတွေ ရှိနိုင်ပါတယ်၊ ဈေးသူဈေးသားတွေအနေနဲ့ အရေးပေါ် မီးသတ်ဆေးဘူးတွေ ထားပေးစေချင်ပါတယ်၊ စဖြစ်တာနဲ့ အရေးပေါ် ငြိမ်းသတ်နိုင်အောင် ထားစေချင်တယ်၊ ဒါကိုလည်း ကျွန်တော်တို့က သုံးစွဲပုံ သုံးစွဲနည်းတွေ သင်ပြသွားပါမယ်"ဟု ဦးစီးမှူးက ဆက်ပြောသည်။

ဈေးအတွင်း လိုက်လံစစ်ဆေးပြီး ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးအသုံးပြုနည်း သင်ကြားပြသနေစဉ်။

မီးဘေးကာကွယ်ရေး စစ်ဆေးရာတွင် မြို့မဈေးကြီးအတွင်း ရောင်းချနေကြသည့် ဈေးဆိုင်ခန်းများ၌ မီးဘေးကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားခြင်းရှိမရှိ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိခြင်း ရှိမရှိ၊ ဈေးအတွင်း လမ်းများတွင် မီးသတ်ကားဝင်ရောက်နိုင်ရန် အဆင်သင့် ဖြစ်မဖြစ်နှင့် ဈေးအတွင်း ရေလှောင်ကန်များတွင် ရေများ အဆင်သင့်ဖြည့်တင်းထားခြင်းရှိမရှိတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

စစ်တွေမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရွှေကျော်သာက "မကြာမီ နွေရာသီရောက်ရှိတော့မှာဖြစ်တဲ့အတွက် မီးသတ်တပ်ဖွဲ့က တာဝန်ရှိသူတွေကို ခေါ်ယူပြီး ဈေးအတွင်းကို လှည့်လည်စစ်ဆေးတာဖြစ်ပါတယ်၊ ဈေးသူဈေးသားတွေက မိမိတို့အသိတွေနဲ့ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်၊ မီးဘေးအန္တရာယ်ကြုံလာရင် ဈေးသူ ဈေးသားတွေသာ အများဆုံး ဆုံးရှုံးမှုခံရမှာဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့က ဈေးဆိုင်တစ်ဆိုင်မှာ မီးသတ်ဆေးဘူး တစ်ဘူးလောက်ထားရှိဖို့ လာရောက် စည်းရုံးပြောကြားတာဖြစ်ပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် စစ်တွေ မြို့မဈေးကြီး၌ တရားဝင်ဈေးဆိုင်ခန်း ၇၀၀ ကျော်နှင့်အတူ တရားမဝင်ဆိုင်ခန်းများ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိနေကြောင်း သိရသည်။ တရားမဝင်ဆိုင်ခန်းများကို တရားဝင် ရောင်းချနိုင်အောင် ဆောင်ရွက်ရန်နှင့် ဈေးကြီးသည် ဟောင်းနွမ်းနေပြီး မီးဘေးအန္တရာယ်လည်း ကျရောက်နိုင်သည့်အတွက် အဆင့်မြင့် သုံးထပ်ဈေးသစ်ကြီး ဆောက်လုပ်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

မင်းတုန်းမြို့၌ လမ်းလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမည်

မင်းတုန်း ဖေဖော်ဝါရီ ၂၄

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျပ် ၁၀ သန်းနှင့်အထက် လမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါစနစ် ကျင့်သုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသိန်းဝင်းထံမှ သိရသည်။

မြို့နယ်တွင်း လမ်းလုပ်ငန်းများအတွက် ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ သံချောင်းနှင့် ကျောက်ကြီးများ ဝယ်ယူမည်ဖြစ်ကာ တင်ဒါလျှောက်လွှာများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ရောင်းချလျက်ရှိပြီး မတ် ၇ ရက်အထိ ရောင်းချ၍ ထိုနေ့အထိ ပြန်လည်တင်သွင်းနိုင်ကြောင်းနှင့် မတ် ၈ ရက် နံနက်ပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့ရုံး၌ တင်ဒါဖွင့်ပွဲ ကျင်းပသွားမည်ဟု သိရသည်။

"တင်ဒါပေးတဲ့လုပ်ငန်းကို အစိုးရအဖွဲ့ ညွှန်ကြားချက်နဲ့အညီ ကော်မတီတွေဖွဲ့ပြီး ဆောင်ရွက်မှာပါ၊ တင်ဒါကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီဆိုပြီး ကော်မတီ သုံးရပ်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင် အမှုဆောင်အရာရှိက ပြောသည်။ တင်ဒါကော်မတီအနေဖြင့် အချက် ၃၃ ချက်ပါ စည်းကမ်းချက် မူကြမ်းကိုလည်း လျှောက်ထားသူ လုပ်ငန်းရှင်များထံ ဖြန့်ဝေထားပြီး ခေတ်စနစ်အရ တောင်းဆိုလာသော ပွင့်လင်းမြင်သာမှုကို အဓိကအခြေခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ဇေယျာတု(မကွေး)**

ဒက္ခိဏသီရိမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

ဒက္ခိဏသီရိ ဖေဖော်ဝါရီ ၂၄

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းမှ ကျေးရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီကို ဖေဖော်ဝါရီ ၂၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီမံကိန်း အကောင်အထည်ဖော်မည့် ရွာသစ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် မြောက်ကျောင်းစုကျေးရွာတို့မှ ရာအိမ်မှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အမှာစကားပြောကြားကာ ကျေးရွာသုံးရွာမှ စီမံကိန်းကော်မတီများထံသို့ ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိကာ စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီ ချထားပေး၍ ကျေးရွာမှ ပြည်သူများကိုယ်တိုင် ရန်ပုံငွေကို စီမံခန့်ခွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ယခု ဒက္ခိဏသီရိမြို့နယ်မှ ရွာသုံးရွာ၌လည်း အဆိုပါ ရန်ပုံငွေများဖြင့် ကျေးရွာတွင်းလမ်းများခင်းခြင်းနှင့် ကွန်ကရစ်မြောင်းပြုလုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(နေပြည်တော်)**

ရန်ကုန်-မော်ကျွန်း ရေလမ်းခရီးတွင် ခရီးသည်စီးနင်းမှုနည်းလာ၍ ကံစမ်းမဲပေးပြီးဆွဲဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယခင်က ခရီးသည်စီးနင်းမှုများခဲ့သော ခရီးအကွာအဝေး မိုင် ၁၀၀ ခန့်ရှိ ရန်ကုန်-မော်ကျွန်း ရေလမ်းခရီးစဉ်တွင် ယခုအခါ ခရီးသည်စီးနင်းမှု နည်းလာသဖြင့် စီးနင်းမှုများလာစေရန်အတွက် ရုပ်ပြေးနှစ်ထပ်ရေယာဉ်အချို့တွင် ခရီးသည်များအား ကံစမ်းမဲဖောက်ပေးမည်ဟု အသိပေးကြော်ငြာများကို ရန်ကုန်မြို့ရှိ စဉ့်အိုးတန်းဇောတံတားအမှတ်(၁)နှင့် (၂)တို့တွင် လိုက်လံကပ်ထားသည်ကို တွေ့ရသည်။

ယခုနောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသမှ မြို့များသို့ ကားလမ်းကွန်ရက်များ တိုးလာ၍ ရန်ကုန်မှ ကားဖြင့်သာ သွားလာနိုင်သောကြောင့် ရေကြောင်းခရီးများတွင် ခရီးသည်လိုက်ပါမှု နည်းပါးလာခြင်းဖြစ်သည်။ ရန်ကုန်-မော်ကျွန်း ကားလမ်းခရီးတွင် ရန်ကုန်-မအူပင်-မော်ကျွန်းလမ်းနှင့် ဒလ-ဖျာပုံ-ဘိုကလေး-မော်ကျွန်းလမ်းအတိုင်း ပြေးဆွဲနေသည့် ကားလိုင်းများရှိနေသည်။

ကားခမှာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒဂုံဈေးအဝေးပြေးအထိရောက်သော ယာဉ်ကြီးလိုင်းများအတွက် ကျပ် ၃၀၀၀ နှင့် ရန်ကုန်မြို့တွင်း ကမ်းနားလမ်းဝန်းကျင် အထိရောက်သော အဆင့်မြင့်ယာဉ်ငယ်လိုင်းများအတွက် ကျပ် ၅၀၀၀ ဖြစ်သည်။

ရေလမ်းခရီးတွင် နှစ်ပေါင်းများစွာပြေးဆွဲခဲ့သော ပြည်တွင်းရေကြောင်း၏ ရန်ကုန်-

စဉ့်အိုးတန်းဆိပ်ကမ်း၌ ချိတ်ဆွဲထားသော ကံစမ်းမဲကြော်ငြာကို တွေ့ရစဉ်။

မော်ကျွန်း ရေယာဉ်များ ပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့သည်မှာ နှစ်အနည်းငယ်ကြာခဲ့ပြီဖြစ်ပြီး ရုပ်ပြေး တစ်ထပ် အမြန်ရေယာဉ်များသည်လည်း ခရီးသည်စီးနင်းမှု နည်းပါးလာ၍ ရပ်ဆိုင်းထားခဲ့သည်မှာ နှစ်အနည်းငယ်ရှိပြီဖြစ်သည်။ လက်ရှိအချိန်တွင် တစ်ရက်လျှင် ရုပ်ပြေးနှစ်ထပ်ရေယာဉ် နှစ်စင်းနှင့် ရိုးရိုး ကြားရေယာဉ်တစ်စင်းသာ ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် နေ့စဉ်ပြေးဆွဲနေသည်။

ခရီးသည်လိုက်ပါမှု မရှိသလောက်နည်းပါးနေသော ကြားရေယာဉ်များသည် မော်ကျွန်းမှအလာတွင် ဆန်နှင့် ရန်ကုန်မှအပြန်တွင် မြေဩဇာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စားသောက်ကုန်အချို့ကိုသာ အားပြုတင်ဆောင်၍ ပြေးဆွဲနေရခြင်းဖြစ်သည်။ ကုန်တင်ရာတွင် ရေယာဉ်အရွယ်အစားအပေါ် မူတည်၍ တစ်စီးလျှင် ဆန်အိတ်ရေ ၂၀၀၀ မှ ၆၀၀၀ ဝန်းကျင်အထိ တင်ဆောင်ကြပြီး ဆန်တစ်အိတ် တန်ဆာခမှာ ကျပ် ၃၀၀ မှ ၃၅၀ ခန့်ရှိသည်။ ထိုသို့ ကုန်တင်နေသဖြင့် ကြားရေယာဉ်များတွင် ခရီးသည်လိုက်ပါမှု မရှိသလောက်နည်းနေသော်လည်း ဝန်များများဆံ့သော ရေယာဉ်ကြီးများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်နေသေးသည်ဟု မော်ကျွန်းဒေသခံ ရေယာဉ်ဝန်ထမ်းဟောင်းတစ်ဦးက ပြောသည်။

ရုပ်ပြေး နှစ်ထပ်ရေယာဉ်များမှာမူ ဆန်တင်ဆောင်ပါက နေ့ချင်း ပြန်မထွက်နိုင်သဖြင့် ဆန်တင်ဆောင်သည့်အစား ခရီးသည်များကိုသာ အားထားတင်ဆောင်နေရသည်။ ခရီးစဉ်တွင် ရန်ကုန်နှင့် မော်ကျွန်းမှ ခရီးသည်များသာမက ကြားရေယာဉ်များ ဆိုက်ကပ်ခြင်းမပြုသော ဘိုကလေး၊ မြင်းကကုန်းနှင့် ကျုံကျိုက် ဆိပ်ကမ်းများတွင်ပါ ဝင်ရောက်ဆိုက်ကပ်၍ ထိုဆိပ်ကမ်းများမှ ခရီးသည်များကိုပါ တင်ဆောင်ပြေးဆွဲနေခြင်းဖြစ်သည်။

ခရီးသည်များအား ကံစမ်းမဲများပေးရာတွင် ဆိုင်ကယ်၊ တီဗွီနှင့် ဖုန်းဟန်းဆက်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများပါဝင်ကြောင်း ကံစမ်းမဲလက်မှတ်တွင် ဖော်ပြထားပြီး ခရီးသည်များထံပေးထားသော ကံစမ်းမဲလက်မှတ်များကို မတ်လ ၃၁ ရက်တွင် မဲဖောက်ပေးမည်ဟုလည်း အသိပေး ကြေညာထားသည်။ ရေယာဉ်ခမှာ ခရီးသည်တစ်ဦးလျှင် ကျပ် ၂၅၀၀ ဖြစ်သည်။ ယခု ကံစမ်းမဲပေးနေသော အစီအစဉ်မှာ ပြေးဆွဲနေသည့် ရုပ်ပြေးရေယာဉ်များအနက် ရေယာဉ်အချို့ကသာ ပြုလုပ်နေခြင်းဖြစ်ပြီး အချို့ရေယာဉ်များမှာ ကံစမ်းမဲမပေးကြောင်း ကံစမ်းမဲမပေးသည့် ရုပ်ပြေးရေယာဉ်အုပ်စုမှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ခင်ဆိုင်**

မောတောင်နယ်စပ်ဂိတ်၌ အေးခဲအသား ၅၇ ကီလိုခန့် သိမ်းဆည်းရမိ၍ မြေမြှုပ်ဖျက်ဆီး

တနင်္သာရီ ဖေဖော်ဝါရီ ၂၄

တနင်္သာရီမြို့နယ် မောတောင်မြို့ နယ်စပ်ဂိတ်၌ ဖေဖော်ဝါရီ ၂၃ ရက်က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် ထိုင်းနိုင်ငံမှ ဝယ်ယူသယ်ဆောင်လာသည့် အေးခဲအသား ၅၇ ကီလိုခန့်ကို ရှာဖွေတွေ့ရှိ၍ သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မူးယစ်ဆေးဝါးများနှင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရန်အတွက် မောတောင်မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်မင်း ဦးစီး၍ မောတောင်နယ်မြေရဲစခန်းမှ ဒုရဲမှူးအောင်ကျော်မိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က နယ်စပ်ဂိတ်၌ ရှာဖွေစစ်ဆေးစဉ် မောတောင်မြို့ မြို့မရပ်ကွက်နေ ဦးဇော်မြဝင်းထံမှ ထိုင်းနိုင်ငံ တောင်ခြေဈေးမှဝယ်လာသည့် အေးခဲအသား ၂၂ ကီလိုခန့်နှင့် မြို့မရပ်ကွက်နေ ဒေါ်စန်းအေးထံမှ အေးခဲအသား ၃၅ ကီလိုခန့်ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝယ်ယူလာသူနှစ်ဦးအား နောင်တွင် အဆိုပါ အေးခဲအသားများ ဝယ်ယူသယ်ဆောင်ခြင်းမပြုရန် အသိပညာပေး၍ ခံဝန်လက်မှတ်ရေးထိုးစေခဲ့ပြီးနောက် သိမ်းဆည်းရမိသော အေးခဲအသားများကို နယ်စပ်ဂိတ်အနီး၌ ကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

အေးခဲအသားများကို မြေမြှုပ်ဖျက်ဆီးနေစဉ်။

မင်္ဂလာညှော်စံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးကျော်တောင်(Chairman, Nay La Thitsar Construction Group Co.,Ltd, Chairman, Htarwara Aung Myae Public Co.,Ltd) + ဒေါ်မချေတို့၏သားကြီး

မောင်ဇလဓေယျ (LL.B)
(Director) Nay La Thitsar Construction Group Co.,Ltd.
(Director) Htarwara Aung Myae Public Co.,Ltd

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာမေအောင်လင်း(Country Director, University Research Cooperation) Chief of Party, Defeat Malaria Project + ဒေါက်တာခင်သီတာ ပါမောက္ခ ဌာနမှူး(ငြိမ်း)၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာ မေမြတ်ဖုန်း M.B.,B.S (YGN)
M.Med.Sc (Emergency Medicine), FRCEM(UK) (Primary) လက်ထောက်ဆရာဝန်၊
အရေးပေါ်ကုသမှုဆေးပညာဌာန(မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)

တို့၏ ၂၁-၂-၂၀၁၉ရက်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၄-၂-၂၀၁၉ ရက်တွင် Novotel Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ပေးပါသော သတို့သားမိဘ ဦးကျော်တောင်နှင့်ဒေါ်မချေ၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော သတို့သမီးမိဘ ဒေါက်တာမေအောင်လင်းနှင့် ဒေါက်တာခင်သီတာ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးသီဟ(ဒုဥက္ကဋ္ဌ၊ Htoo Group of Company)နှင့် ဒေါ်ရွှေရွှေလင်း(Director of AGD Bank)၊ မေတ္တာဖြင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးမင်းအောင်နိုင်(Special Inspector) M.T.G.I., Inc, USA နှင့် ဒေါ်ဝင်းပပအောင် (Director of Sales and Marketing, Htoo Hospitality)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော်ပေးအဖြစ်ဆောင်ရွက်ပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံပေးပါသော ရီရီသန့်၊ နှင်းရီသန့်၊ မြန်မာ့မှုတေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Designer မင်းသက်စံ (Sweet and Smart Fashion Collections)၊ မင်္ဂလာအခြံအရံများအတွက် ဝတ်စုံဆင်မြန်းပေးပါသော မနေနေ၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော Win & San Diamonds and Fine Jewelry၊ မင်္ဂလာပန်းကြဲအဖြစ်ဆောင်ရွက်ပေးပါသော မခြယ်မေထွန်း၊ မကြည်စင်သီရိခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်အဖြစ် ဆောင်ရွက်ပေးပါသော မနှင်းမြတ်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်အဖြစ် ဆောင်ရွက်ပေးပါသော မဆုရတီမင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော မောင်သော်ထက်သီဟ၊ မောင်ဟန်မင်းသိန်း၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာခင်နန္ဒာ၊ ဒေါက်တာဆုမြတ်နှင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးပါသော Focus Daily ကိုဝဏ္ဏခွန်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်၊ ပန်းအလှဆင်ပေးပါသော Eternal Flowers၊ Novotel Yangon Max Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၄-၂-၂၀၁၉ရက်တွင် Sedona Hotel(E-deck)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော Ko Andy, မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Designer Shar Tra၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲများကို အစမှအဆုံးအထိ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော SIGNATURE Weddings & Events Planning မှ မအေးသာနှင့်အဖွဲ့သားများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇလဓေယျ - ဒေါက်တာမေမြတ်ဖုန်း

ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်း ညီနောင်များအနက် အမှတ်စဉ်(၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂) တို့ဖြင့် သင်တန်းဆင်းခဲ့ကြသည့် အပတ်စဉ် (၂၁)ခုမှ တပည့်များက မိမိတို့အား ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့သော အထိမ်းအမှတ်အဖြစ် ပူဇော်ကန်တော့ ဩဝါဒခံယူပွဲကို အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်	နေ့ရက်	အချိန်	နေရာ
(၂၀)	၃၀-၃-၂၀၁၉ရက်	နံနက်၇နာရီမှ ၈း၃၀နာရီအထိ	ရွှေလိပ်ပြာဟိုတယ်
(၂၃)	၃၀-၃-၂၀၁၉ရက်	နံနက်၈း၃၀နာရီမှ ၁၀နာရီအထိ	ရွှေတိဂုံစေတီတော်၊ ရေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း
(၂၄)	၃၀-၃-၂၀၁၉ရက်	နံနက်၁၀း၃၀နာရီမှ မွန်းလွဲ၁နာရီအထိ	မဟာဗောဓိပရိယတ္တိစာသင်တိုက် မိုးကောင်းဘုရားလမ်း၊ ရန်ကင်း။
(၂၅)	၃၀-၃-၂၀၁၉ရက်	မွန်းလွဲ၁း၃၀နာရီမှ ညနေ၃နာရီအထိ	မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ၊ နတ်မောက်လမ်း၊ ဗဟန်း
(၂၆)မှ(၃၂)	၃၁-၃-၂၀၁၉ရက်	နံနက်၉း၃၀နာရီမှ ၁၁နာရီအထိ	တပ်မတော်မှော်ရုံ
(၃၃)မှ(၃၇)	၃၁-၃-၂၀၁၉ရက်	မွန်းတည့်၁၂နာရီမှ မွန်းလွဲ၁း၃၀နာရီအထိ	တပ်မတော်မှော်ရုံ
(၃၈)မှ(၄၂)	၃၁-၃-၂၀၁၉ရက်	မွန်းလွဲ၂း၁၅နာရီမှ ညနေ၃း၄၅နာရီအထိ	တပ်မတော်မှော်ရုံ

မှတ်ချက်။ ပြင်ဦးလွင်မှ ရန်ကုန်သို့ မော်တော်ယာဉ်စီစဉ်ထားပါ၍ လမ်းကြောင်းတွင်လိုက်ပါလိုသည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဝမ်းဗိုလ်-ဖုန်း-၀၉-၄၄၄၀၂၀၅၃၀၊ ၀၉-၇၉၄၈၁၂၄၄၅၊ လှဌေး-ဖုန်း-၀၉-၅၂၆၁၆၅၆၊ သိန်းဌေး-ဖုန်း-၀၉-၂၀၄၆၀၁၅၊ စိုးသန်း-ဖုန်း-၀၉-၂၀၀၃၂၇၈၊ ကျော်လှိုင်ဦး-ဖုန်း-၀၉-၂၀၄၂၀၉၁ တို့သို့ ဆက်သွယ်နိုင်ပါသည်။

ကျင်းပရေးကော်မတီ

ဆဋ္ဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲ

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက(၂)ကျောင်းသား/သူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအားလုံး ပူဇော်ကန်တော့ခံရန်နှင့် အထက(၂)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား/သူဟောင်းများအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

နေ့ရက် - ၂၃-၃-၂၀၁၉ ရက်၊ စနေနေ့
အချိန် - ညနေ ၄း၀၀ နာရီ
နေရာ - ပတ္တမြားခန်းမ၊ အထက(၂)ဘားအံ

ဆက်သွယ်ရန်ဖုန်း

၁။ ဦးစောမြရှင် ၀၉-၉၆၇၂၁၄၂၃၄
၂။ ဦးစောမြင့်ဇော် ၀၉-၅၆၆၁၉၆၁
၃။ ဦးမျိုးညွန့် ၀၉-၇၉၄၆၇၄၃၅၅
၄။ ဒေါ်နီနီအေး ၀၉-၅၆၆၀၂၅၁
၅။ ဒေါ်ဝင်းဝင်းသူ ၀၉-၄၂၅၀၃၉၈၉၄
၆။ နန်းဖြူပွင့်ခိုင် ၀၉-၇၉၂၈၀၁၆၇၂
၇။ ဦးသန့်စင် ၀၉-၅၆၆၀၅၉၃

ပူဇော်ပွဲကျင်းပရေးကော်မတီ
အထက(၂)ဘားအံ

အမည်မှန်နှင့်ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက(သစ်ရောင်း) နဝမတန်းမှ မသက်ထက်မွန်၏ အမည်မှန်မှာ မခင်သက်နိုင်နှင့် ဖခင်အမည်မှန်မှာ ဦးအောင်ထွေးညွန့် ၁၄/ငပတ(နိုင်) ၀၉၃၄၃၄ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက (မင်္ဂလွန်း) တက္ကသိုလ်ဝင်တန်းမှ မခင်ဇာနည်ဝင်းနှင့် သတ္တမတန်းမှ မခင်ဇာခြည်လင်းတို့၏ မိဘအမည်မှန်မှာ ဦးအေးဝင်းနှင့် ဒေါ်အေးတိုးတို့ ဖြစ်ပါကြောင်း။

ဦးအေးဝင်း-ဒေါ်အေးတိုး

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇) ပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၇၄၇၊ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် (မြတ်ခိုင်ဝင်း) ဒုတိယခရိုင် တရားသူကြီး (၁၄)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်နေ မောင်ထူးဆန်းမောင် ၉/ကပတ (နိုင်) ၂၆၁၅၈၅အား မောင်ဆန်းထူးမောင်ဟု ခေါ်ဆိုပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၁၉၉၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ တတိယထပ်၊ ဆိုင်အမှတ် (၇၅၀) မူလအမည်ပေါက် ဦးကျော်ဝင်း ၁၂/တမန (နိုင်) ၀၈၄၃၁၉ ၏ ဆိုင်စာအုပ်အမှတ် (s11860)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားခြင်းအား တစ်ဆင့်ဝယ်ယူ ထားရှိသူ ဒေါ်ခင်နီလာကြိုင်မှ ပြန်လည်လျှောက် ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်/စာတမ်းမူရင်းများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်နီလာကြိုင်
၁၂/ကတတ(နိုင်)၀၀၅၀၆၇
ဖုန်း-၀၉-၅၁၇၉၃၁၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ် ၁၈၅^ခ၊ ဧရိယာ(၀ဒသမ၀၄၉) ဧကအား ဦးမြင့်ဦး (ဘ) ဦးသက်ရှည် ၉/တကန(နိုင်) ၀၀၁၀၄၂မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၉/၂၀၀၉)၊ အမွေခွဲဝေခြင်းစာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ စ၍၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော်(၆)ရက်
၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ(၂၅)ရက်

ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သိန်း(၁၀၀)နှင့်အထက်(ပစ္စည်းဖိုး+လုပ်အားခ) ငွေလုံးငွေရင်းလုပ်ငန်းများဖြစ်သော ကတ္တရာလမ်းလုပ်ငန်း(၁၉)ခု၊ ကွန်ကရစ်လမ်းလုပ်ငန်း(၁)ခုနှင့် ပြည်ခရိုင်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းများတွင် အသုံးပြုရန် မြန်မာကျပ်ငွေဖြင့် ကတ္တရာဝယ်ယူခြင်းလုပ်ငန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်း(၅)ခုတို့အား ဆောင်ရွက်နိုင်ရန်အတွက် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

တင်ဒါအဆိုပြုလျှောက်လွှာ	-	၂၈-၂-၂၀၁၉ ရက်(ကြာသပတေးနေ့)
ရောင်းချမည့်ရက်		၁၀း၀၀ နာရီ
တင်ဒါအဆိုပြုလျှောက်လွှာ	-	၁၁-၃-၂၀၁၉ ရက်(တနင်္လာနေ့)
ပိတ်မည့်ရက်		၁၆း၀၀ နာရီ
အိတ်ဖွင့်တင်ဒါနောက်ဆုံး	-	၁၁-၃-၂၀၁၉ ရက်(တနင်္လာနေ့)
တင်သွင်းရမည့်ရက်		၁၆း၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်၊နေရာ	-	၁၂-၃-၂၀၁၉ ရက်(အင်္ဂါနေ့)
		၀၉း၃၀ နာရီ
		မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တွင် ၂၈-၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်မြို့
ဖုန်း-၀၅၃-၂၄၃၀၁၊ ၀၅၃-၂၄၂၉၃

ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ ရွာသာကြီး အထက ဒုတိယတန်းမှ မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၅/ဝလန(နိုင်) ၀၄၉၃၆၆ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမက(၉)၊ ပထမတန်းမှ ဦးမင်းသူ၏ သမီး မအိမ့်ချွေချိုအား ယနေ့မှစ၍ မမေသီရိချိုဟု ပြောင်းလဲခေါ်ပါရန်။

မမေသီရိချို

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် အထက (ရွှေတောင်) နဝမတန်းမှ မောင်ဇင်ကိုအေးနှင့် ပဉ္စမတန်းမှ မောင်ဇင်ကိုဌေးတို့၏မိဘအမည်မှန်မှာ ဦးခင်မောင်ဌေး၉/ဝတန(နိုင်) ၁၈၆၀၆၆-ဒေါ်နန်း၉/ကဆန(နိုင်)၀၉၆၇၃၈ တို့ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဌေး-ဒေါ်နန်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/8762 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သပြေကုန်းကျေးရွာ၊ ကွင်းအမှတ်(၁၈၇)၊ အကျယ်အဝန်း(၁၅' × ၅၀')မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်မှာ ဒေါ်အေးမိုးဆွေ (ဘ)ဦးသန်းဝင်း ၁၂/ဒလန(နိုင်) ၀၄၂၁၃၆ မှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ယခုလက်ရှိတွင်လည်း ယင်းမြေပေါ်တွင်အဆောက်အအုံဆောက်လုပ်နေထိုင်လျက်ရှိပါသည်။ အထက်ပါမြေကွက်အား ဒေါ်အေးမိုးဆွေမှသာ တရားဝင်ပိုင်ဆိုင်သူဖြစ်ပါသည်။ ဒေါ်အေးမိုးဆွေအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်၊ ထိခိုက်နစ်နာစေရန်ဆောင်ရွက်လာပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးမိုးဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်ဝေမိုး (LL.B, DBL,DIL)
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၃၇၀၄
ဖုန်း-၀၉-၇၉၃၆၅၅၁၀၀၊ ၀၉-၂၅၅၂၈၈၂၆၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁ တိုးချဲ့+၄၂တိုးချဲ့)တွင် တည်ရှိသော မြေကွက်အမှတ် (၂၃၉/C-1)၊ မြေဧရိယာ (၆ဒသမ၅၉၁)ဧကနှင့်မြေကွက်အမှတ်(၂၃၉/C-2)၊ မြေဧရိယာ(၅ဒသမ၈၃၅)ဧကရှိဦးသောင်း ဟန် ၁၂/ဒဂမ(နိုင်) ၀၄၁၃၆၈အမည်ပေါက်မြေကွက်များ၊ မြေကွက်အမှတ်(၂၃၉/C-3)၊ မြေဧရိယာ(၉ဒသမ၁၇၄)ဧကရှိ ဒေါ်ရီရီခိုင် ၁၂/ဗဟန(နိုင်) ၀၆၈၀၄၃+၆အမည်ပေါက် စုစုပေါင်း မြေဧရိယာ ၂၁ဒသမ ၆ဧကရှိ မြေကွက်များကို မြေအမည်ပေါက်များထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိုးသီတာ ၁၂/ဗဟန(နိုင်)၀၂၉၇၆၀က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းစုံ လင်စွာဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမော် (B.Sc,H.G.P,D.B.L,D.A.Psy)
အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)
အမှတ် ၂၆၀၊ ပထပ်(ဝဲ)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ၊ရန်ကုန်သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၈၁၀)၊ အခန်းအမျိုးအစား Type (B)၊ အကျယ်အဝန်း (၉၀၅-စတုရန်းပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စွာသိန်း (၁၂/ကမရ (နိုင်)၀၄၆၅၄၅)နှင့် ဒေါ်သဲမြဝတ်ရည် (၁၂/ရကန(နိုင်)၀၇၁၂၉၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးစက်ကိရိယာပစ္စည်း(၅)မျိုးနှင့် ရုံးအသုံးအဆောင်ပစ္စည်း(၁၂)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် အောက်ပါအတိုင်းဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၂၆-၂-၂၀၁၉ ရက်၊ (အင်္ဂါနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၃-၂၀၁၉ ရက်၊ (တနင်္လာနေ့)၊ ၁၆း၃၀နာရီထိ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂-၄-၂၀၁၉ ရက် (အင်္ဂါနေ့)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာ၊ စံချိန်စံညွှန်းအရည်အသွေး သတ်မှတ်ချက်များ၊ တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက်ကျသင့်သည့်ဈေးနှုန်းနှင့် တင်ဒါတင်သွင်းရမည့်နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈
၀၆၇-၄၀၅၁၈၅၊ ၀၆၇-၄၀၅၀၉၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလတံတားဘေးရှိ မြေဧရိယာစတုရန်းပေ(၃၄၀၀၀) အား ဈေးပြိုင်စနစ်ဖြင့် မြေနေရာငှားရမ်းခြင်းအတွက်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၂၅-၂-၂၀၁၉ရက်၊ နံနက် ၁၀း၀၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန် - ၄-၃-၂၀၁၉ ရက်၊ ညနေ ၄း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၁-၃-၂၀၁၉ ရက်၊ နံနက် ၁၁ နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ - (၁)ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဌာနရုံးခွဲ၊ နေပြည်တော် (၂)ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၁) သာကေတမြို့နယ်
တင်ဒါဖွင့်မည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အချက်အလက်များကို လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဌာနခွဲ၊တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၆၅၂ နှင့် ဒုတိယညွှန်ကြားရေးမှူး (မြို့ပြရုံး) တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၁)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၇၁၀၂၃၉၊ ၀၉-၇၇၆၂၀၀၈၇၆ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၈၂၉)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးအေးခိုင်(ဘ) ဦးမောင်စိန် ၁၀/မဒန(နိုင်)၀၀၇၈၈၄ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီလာမွန်(ဘ) ဦးတင်စိန် ၇/ပခန (နိုင်)၀၀၁၂၁၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ် ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ်(ဥ-၂၁၄)၊ ဦးသန်းလွင် ၉/ပမန(နိုင်) ၁၈၆၆၉၇(ဘ)ဦးသံလုံး အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခိုင်ခိုင်ဦး၊ ဒေါ်ကြည်ကြည်ဝင်း ၉/ပမန(နိုင်)၂၅၄၈၈၂၊ ၉/ပမန(နိုင်)၁၁၀၃၅၂(ဘ)ဦးတင်ဝင်း၊ ဦးပေါက်စမှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ၂၀၁၉ ဗုဒ္ဓဂယာ စရိတ်ငြိမ်း လက်ကျန်စရီးစဉ်များ

ရုံးချုပ် - ၀၁-၆၅၅၅၂၀၊ ၀၉-၅၆၀၀၁၂၃ ရုံးခွဲ၊ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂

၅ ရက် ဒေါ်လာ ၆၀၀ - မတ် ၁၈၊
၇ ရက် ဒေါ်လာ ၆၂၅ - မတ် ၃၀၊
၈ ရက် ဒေါ်လာ ၆၂၅ - မတ် ၂၀ (၅ လို) ၊ ဧပြီ ၁၀ (၁၀)၊
၁၀ ရက် ဒေါ်လာ ၆၄၀ - ဧပြီ ၃၊
၁၂ ရက် ဒေါ်လာ ၇၂၅ - မတ် ၁၈ (၁၃ လို) ၊ ၂၃ (၁၃ လို) ၊ ဧပြီ ၁၃ (၁၁ လို) ၊ ၁၄၊
၁၅ ရက် ဒေါ်လာ ၇၇၅ - မတ် ၂၀၊
၁၅ ရက် ဒေါ်လာ ၈၂၅ - မတ် ၉ (၁ လို) ၊ ၁၆ (၃ လို) ၊ ၂၃ (၁၇ လို) ၊ ဧပြီ ၁၂ (၂ လို) ၊ ၁၃၊
စရံ (၂) သိန်း +
(ကိုလ်ကတ္တားပါ)

ဟိုတယ်/သီးသန့် စီစဉ်ပေးသည်။
ဧပြီ ၁၀ (ဟိုတယ်အိပ်/စား) ဒေါ်လာ ၁၁၀၀
သံရုံးလိုက်ရန်မလို
ညမောင်းလုံးဝမပါ
စရံငွေချေ/ဦးရာလူစနစ်
Air Bus လေယာဉ်ဖြင့်သာ

Facebook Page - ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinandartravels@gmail.com Website : www.khinnandartravel.com

ဖခင် အမည်မှန်

မလှိုင်မြို့၊ အမှတ် (၇)ရပ်ကွက်နေ မမေဇွန်ဖိုလ်၏ ဖခင်အမည်မှန်မှာ ဦးလွမ်းနွယ် ၉/မလန(နိုင်)၀၀၅၂၁၈ ဖြစ်ပါကြောင်း။

သွာနုတ္တသားဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသက် ၁၂/သဃက(နိုင်)၀၄၆၉၈၂နှင့် ဦးတင်မောင်စိုး(ကွယ်လွန်)တို့မှ မွေးဖွားခဲ့သည့် သားသမီးသုံးဦးအနက်မှ သားကြီး မောင်သက်ထူးမောင် ၁၂/သဃက(နိုင်)၁၅၂၄၈၇သည် ဖခင် ဦးတင်မောင်စိုး ကွယ်လွန်ခဲ့သည့်အချိန်မှစ၍ ယနေ့ထက်တိုင် နေ့စဉ်နဲ့အမျှ မိခင်၏ ပြောဆိုဆုံးမမှုများကိုလုံးဝနာခံမှုမရှိဘဲ လက်ရှိ မိခင်ဖြစ်သူနေထိုင်သော အိမ်ခန်းတွင် အတင်းအဓမ္မဝင်ရောက်နေထိုင်ခြင်း၊ အမွေခွဲဝေပေးရန် တောင်းဆိုခြင်းများကို အစဉ်အမြဲပြုလုပ်လာသည့်အပြင် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းများ လုပ်ကိုင်လာပါသဖြင့် ယနေ့မှစ၍ မောင်သက်ထူးမောင်အား သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
စစ်ကိုင်း ဦးငွေသန်း LL.B
တရားလွှတ်တော်ရှေ့နေ (၂၇၇၄/၈၄)
အမှတ်-၁၁၊ အခန်း (၃၀၆)၊ လေးလွှာ၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၄/အေ၊ မြေကွက်အမှတ် ၄၄ဟုခေါ်တွင်သော ၅ရပ်ကွက်၊ ဘုရင့်နောင် (၂)လမ်း၊ အမှတ် (၃၅/B)ရှိ အကျယ်အဝန်း (၈၂'/၈၆'×၁၁၅') အကျယ်ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဒေါ်တင်တင်နု ၅/ကလဝ(နိုင်)၀၀၅၆၀၄က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ထုတ်ဖော်ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှထွေး (LL.B, D.B.L)	**ဒေါ်ဝါဝါစံ (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၅၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၅၀)**
အမှတ် (၁၀၆)၊ ပထမထပ်၊ ၃၄လမ်း၊	**ဖုန်း-၀၉-၄၂၀၁၅၅၊ ၀၉-၂၅၄၁၀၀၉၁**
ကျောက်တံတားမြို့နယ်	

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ ဟော်နန်းရပ်ကွက်၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အသုံးပြုလျက်ရှိသော မြရည်နန္ဒာပန်းခြံအတွင်းရှိ အကွက်အမှတ်(၁၄)/ ဥသျှစ်ကုန်းရပ်၊ ဦးပိုင်အမှတ် (၆၀)၊ မြေဧရိယာ ၃ဒသမ၁၂၅ဧကရှိသည့်မြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပုံစံ ၁(က)တွင် စပ်ခွန်ချိုအမည်ဖြင့် အငှားဂရန်ဟု ၁၉၆၆ ခုနှစ် ဇွန် ၇ရက် မှတ်တမ်းရေးသွင်းထားရှိသည့်အတွက် အဆိုပါမြေကို အများပြည်သူအသုံးပြုနိုင်ရန်အလို့ငှာ အငှားဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးမိတ်မြို့သို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး(လက်ထောက်ကော်လိတ္တော်အရာရှိ)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးမိတ်မြို့

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်း အမျိုးအမည်
၁	၁၅၆/မမ/(CE)	တိုင်းအမှတ် (၅) တောင်ငူ ပျော်ဘွယ်-နတ်မောက်ရထားလမ်းပိုင်း ၊ရန်အောင်-ရွာတော်ကြား၊ မိုင် (၃၀၂/ ၂၁-၂၂) တံတားအမှတ် (၄၂-အေ) (၆-ပေ) တံတား(၁)စင်း တည်ဆောက်ခြင်း လုပ်ငန်း
၂	၁၅၇/မမ/(CE)	ပြည်-အောင်လံ-ဆတ်သွား- တောင်တွင်းကြီး -ပုဂံ ရထားလမ်း အဆင့်မြှင့်တင်ရေး ပြည်-အောင်လံ ရထားလမ်းပိုင်း ၊ ရွှေတံခါး-တီတွတ်ကြား၊ ရထားလမ်း တာဘောင် မြေသားမကောင်းသည့်နေရာတွင် Geotextile နှင့် Geogrid အသုံးပြု၍ တာဘောင် Improvement ပြုလုပ်ခြင်း
၃	၁၅၈/မမ/(CME)	Lubricant for Traction Motor Gear (CC) (180 Kg/D) (130-Drums)

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁) (၁၂. ၃ .၂၀၁၉) (အင်္ဂါနေ့) (၁၄:၃၀)နာရီ
အမှတ်စဉ် (၂)(၃) (၂၅.၃.၂၀၁၉) (တနင်္လာနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၅.၂.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ၂၀၁၉ခုနှစ် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိရန်အတွက် မြန်မာ့လက်ရွေးစင်နည်းပြအဖြစ် တာဝန်ထမ်းဆောင်လိုသောနည်းပြများအနေဖြင့် ၈-၃-၂၀၁၉ရက် နောက်ဆုံးထား၍ ကိုယ်ရေးလျှောက်လွှာအပြည့်အစုံဖြင့် ရုံးချိန်အတွင်း လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ မြန်မာ့လက်ရွေးစင်အားကစားသမားရွေးချယ်ပွဲကို ၁၆-၃-၂၀၁၉ရက်မှ ၁၈-၃-၂၀၁၉ရက်အထိ သုဝဏ္ဏမိုးလုံလေလုံ ပိုက်ကျော်ခြင်းအားကစားရုံတွင်ကျင်းပမည်ဖြစ်ပြီး ဝင်ရောက်ရွေးချယ်ခံလိုသော အားကစားသမားများသည် ၁၅-၃-၂၀၁၉ရက် ညနေ၄နာရီ နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးခန်းသို့ သတင်းပို့ကြရမည်ဖြစ်ပါသည်။

(အမျိုးသမီးကွင်းသွင်းခြင်းခတ် Hoop အားကစားသမားများအနေဖြင့်လည်း လာရောက်ရွေးချယ်ခံနိုင်ပါသည်။)

၃။ ရွေးချယ်ခံမည့် နည်းပြနှင့်အားကစားသမားများအနေဖြင့်လျှောက်လွှာများကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံးခန်းတွင် ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ၁-၃-၂၀၁၉ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

* မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်လိုသော ဒိုင်လူကြီးများအနေဖြင့် ၃၀-၃-၂၀၁၉ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်သို့ အဆိုပြုလွှာပုံစံနှင့် ဒိုင်သင်တန်းဆင်းလက်မှတ်များပူးတွဲပေးပို့တင်ပြရမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၁၀၉၃၇၅၊ ၀၉-၄၂၅၃၀၄၄၇၅၊ ၀၉-၅၁၅၇၇၁၈
မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀) မြေကွက်အမှတ် (၅၇၇/ခ) ခြေကွက်တည်နေရာ အမှတ် (၅၇၇/ခ) ၊ ဧယျာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ဝက်မ) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား (AC-၀၂၃၇၈၂) အမည်ပေါက် ဒေါ်ဝက်မ (AC-၀၂၃၇ ၈၂)သည် (အမျိုးကြီးဘဝဖြင့်) (၈. ၁. ၁၉၉၇) ရက်နေ့တွင် လည်းကောင်း၊ အမကြီးဖြစ်သူ ဒေါ်ခွေးမ (ခ) ဒေါ်ကြင်ခင် (၁၂/ ဥကတ (နိုင်) ၀၈၈ ၅၂၂) သည် (အပျိုကြီးဘဝဖြင့်) (၇. ၆. ၂၀၁၇) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ကြသဖြင့် ဒေါ်ခင်စန်းကြည် (၁၂/ ဥကတ (နိုင်) ၀၈၈၅၂၀) သည် တစ်ဦးတည်းသော ညီမအရင်းတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ် - ၁၈/၀၂၂၅ (၁၆. ၁၀. ၂၀၁၈)၊ သေစာရင်းများနှင့် ဒေါ်ဝက်မအမည်ပေါက် ဂရန်မူရင်းကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်တိုက် (၁)လုံးရှိပြီး ဒေါ်ခင်စန်းကြည်မိသားစု နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊၆/အရှေ့ရပ်ကွက်၊ ဦးအေးညွန့် ၁၂/သကတ(နိုင်)၀၁၉၆၄၁- ဒေါ်သိန်းညွန့် ၁၂/သကတ(နိုင်) ၀၂၉၂၂၅တို့၏သား ဦးကျော်မင်းထက် ၁၂/သကတ(နိုင်) ၁၆၈၉၈၁သည် မိဘအား စိတ်ဆင်းရဲအောင်အမျိုးမျိုး ဒုက္ခပေးနေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

ဖခင်-ဦးအေးညွန့်
မိခင်-ဒေါ်သိန်းညွန့်

တပ်မတော် (ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။
(ခ) ၁-၄-၂၀၁၉ရက်နေ့တွင်အသက် (၁၈)နှစ်ပြည့်ပြီးအသက် (၂၅)နှစ်ထက်မကျော်လွန်စေရ။
(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဃ) အရပ် (၅)ပေ (၂)လက်မ၊ပေါင် (၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာပုံစံများကို နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူနိုင်ပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)။
(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်းသက်ဆိုင်ရာကျောင်းထွက်လက်မှတ် (မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း)။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ် / တိုင်းဒေသကြီး / မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ (မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
(င) အိမ်ထောင်စုဝင်စာရင်းမိတ္တူ။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ လျှောက်ထားသူများသည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-
(က) လျှောက်လွှာ၊ သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ၂၆-၂-၂၀၁၉ ရက်နေ့မှ ၁၁-၃-၂၀၁၉ ရက်နေ့အတွင်း တိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင် သွားရောက်လျှောက်ထားရမည်။
(ခ) ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် တိုင်းစစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။
(ဂ) ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းကို ခံယူရမည်။
(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်အောင်မြင်သူများအား တပ်ဝင်စာချုပ်ချုပ်ဆိုပြီး အခြေခံစစ်ပညာ သင်ကြားရန် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ ပို့လွှတ်ခြင်းခံရမည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လတက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက (တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-+ M.H.R.A ၁၀၀၀၀ိ/- = ၁၆၀၀၀၀ိ/-)ခံစားခွင့်ရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ပြည်သူ့ဝန်ထမ်းအကယ်ဒမီ
ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ(ပုဂ္ဂလိကဝန်ထမ်း)အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တို့၏ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့မှစတင်၍ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၆)ကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအရာထမ်းလောင်းများနှင့်အတူ ပြင်ပပုဂ္ဂလိကဝန်ထမ်းများကိုလည်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ အချိန်ပြည့် (၄)လ ကြာမြင့်မည် ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းတွင် စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ နိုင်ငံရေးသိပ္ပံပညာဘာသာရပ်၊ လူမှုရေးသိပ္ပံပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ အင်္ဂလိပ်စာပညာဘာသာရပ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး Public Private Partnership(PPP) ကဏ္ဍအား အထောက်အကူပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်နှင့် ကုမ္ပဏီ/ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အကျိုးကျေးဇူးများစွာရရှိမည် ဖြစ်ပါသည်။

၃။ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ် (၆)သို့ နိုင်ငံသားပိုင် ပြင်ပ ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ ပုဂ္ဂလိကဝန်ထမ်းများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်၊
(ဂ) စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် (၂) နှစ်ရှိကြောင်း သက်ဆိုင်ရာ ပြင်ပကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ထောက်ခံသူဖြစ်ရမည်၊
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်ချက်စာစောင်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဝယ်ယူနိုင်ပါသည်။ သင်တန်းဝင်ခွင့်လျှောက်လွှာတွင် မိမိတက်ရောက်လိုသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို ဖော်ပြ၍ **သတ်မှတ်စာမေးပွဲဝင်ကြေးငွေ ၁၀၀၀၀ိ/- (ကျပ်တစ်သောင်း)** နှင့် အတူ လျှောက်လွှာဝယ်ယူခဲ့သည့်နေရာများသို့ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်မှာ **၂၆-၃-၂၀၁၉ ရက်** (အင်္ဂါနေ့) ဖြစ်ပြီး သတ်မှတ်ရက်ထက် ကျော်လွန်ပေးပို့လာသည့် လျှောက်လွှာများကို စဉ်းစား ပေးမည်မဟုတ်ပါ။ လျှောက်လွှာကို စာတိုက်မှတစ်ဆင့် ပေးပို့ပါက စာမေးပွဲဝင်ကြေးငွေပေးသွင်းရမည့်နည်းလမ်းကို ကြော်ငြာပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄- ၁၀-၂၀၁၆ ရက်စွဲပါစာအမှတ် ၁၇၀၂/ လေ့ကျင့်ရေး (အမိက) ၂၀၁၆ ဖြင့် ထုတ်ပြန်ထားသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ ဖွင့်လှစ်သောဘွဲ့လွန်ဒီပလိုမာသင်တန်းများ (ပုဂ္ဂလိကဝန်ထမ်း) အတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ လူတွေ့စစ်ဆေးခြင်းကို ၁၀-၄-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ ဆောင်ရွက်မည် ဖြစ်ပြီး လူ တွေ့စစ်ဆေးခြင်းအောင်မြင်သူများ၏ အမည်စာရင်းကို ၁၂-၄-၂၀၁၉ ရက် (သောကြာနေ့) တွင် ထုတ်ပြန်ကြေညာပါမည်။

၇။ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်၊ စာမေးပွဲကြေး၊ ဘွဲ့နှင်းကြေး စသည်များကို လျှောက်လွှာတင်သွင်းသူများလိုက်နာရန် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်စာစောင်တွင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာတက္ကသိုလ်သို့ ပေးသွင်းရပါမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၁၆၉)နှင့် ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (တယ်လီဖုန်းအမှတ်-၀၁- ၅၄၇၅၃၁) နှင့် **ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)** (တယ်လီဖုန်းအမှတ်- ၀၁-၆၂၆၀၆၇၊ လိုင်းခွဲ-၂၂၀) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)(တယ်လီဖုန်းအမှတ်- ၀၂-၅၀၂၇၄)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Webportal များဖြစ်သည့် www.ucsb.gov.mmနှင့်http://ucsb. imis.com.mm တွင်လည်းကောင်း၊ Facebook Page ဖြစ်သည့် Union Civil Service Board Myanmar တွင်လည်းကောင်း ဖော်ပြထားပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ အမှတ်အသားပြုခြင်းစနစ်ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်းလုပ်ငန်းရှင် ကုမ္ပဏီများသို့ စိတ်ဝင်စားမှုဖော်ပြချက် Expression of Interest (EoI) အဆိုပြုလွှာပေးပို့တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ အမှတ်အသားပြုခြင်းစနစ်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ဝင်စားမှုဖော်ပြချက် Expression of Interest (EoI) အဆိုပြုလွှာများပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ကျွဲ၊ နွား၊ တိရစ္ဆာန်အမှတ်အသားပြုခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေး၊ ထုတ်လုပ်မှု၊ ဈေးကွက်နှင့် ချေးငွေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံရှိသော မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများသည် ကျွဲ၊ နွားများ အမှတ်အသားပြုခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသည့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ လျှောက်ထားတင်ပြနိုင်ပါသည်။

၃။ စိတ်ဝင်စားမှုအဆိုပြုလွှာတွင် ဖော်ပြထားသည့်လုပ်ငန်းရပ်များသည် ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်တင်ပို့ခြင်း၊ မွေးမြူရေးချေးငွေရရှိရေးနှင့် တိရစ္ဆာန်ကျန်းမာရေးအာမခံစနစ်များ ဖြစ်ပေါ်လာရေးတို့အတွက် တိရစ္ဆာန်အမှတ်အသားပြုခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျဖော်ဆောင်အသုံးပြုနိုင်ရန် ပံ့ပိုးပေးနိုင်ရမည်ဖြစ်ပြီး စိတ်ဝင်စားမှု၊ အဆိုပြုလွှာတွင် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များ (ကုန်ပစ္စည်းဆိုင်ရာအချက်များ၊ သတင်းအချက်အလက်ကောက်ယူခြင်း၊ ရေးသွင်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ မွေးမြူရေးချေးငွေနှင့် ကျွဲ၊ နွား အာမခံလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်မည့် ကွန်ရက်၊ ဆက်စပ်လုပ်ငန်းများ၏ တာဝန်နှင့် ရပိုင်ခွင့်များ စသည်-)၊ ကိန်းဂဏန်းအချက်အလက်များထိန်းသိမ်းခြင်းစနစ်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးပေးမှု၊ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းဆိုင်ရာ အချက်အလက်များ ပါဝင်ရမည်ဖြစ်ပါသည်။

၄။ အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ လိပ်မူလျက် ir. lbvd@gmail.com နှင့် lbvddgstaffoffice@gmail.com သို့ ၂၁-၃-၂၀၁၉ရက်နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၃၄၁၈၅၇၃၊ ၀၆၇-၃၄၀၈၀၄၄သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

Livestock Breeding and Veterinary Department, MoALI, Myanmar

CALL FOR EXPRESSION OF INTEREST for ANIMAL IDENTIFICATION SYSTEM FOR CATTLE AND BUFFALO

Livestock Breeding and Veterinary Department (LBVD) is calling for Expressions (EoI) of Interest only from local entities (agencies, institutions, individuals) with experience in animal identification and data management relevant to livestock health, production, marketing and microfinance in livestock sector in Myanmar.

The purpose of the EoI is to facilitate establishment and wider application of animal identification and registration system that can be field-tested and supportive to legal trade, livestock loans and animal health insurance systems for improvement of livestock farming.

Application should include: Technical details of animal identification system which describes products description, data entry and management system, possibility to network with relevant entities for livestock loan and insurance systems, role of each organizations to be involved, Technical support to the data management system in long-term purposes and conditions for signing agreement.

The submission should be in signed PDF document form. The submission should be no more than two pages, not including annexes. The submitting entity can include annexes which support the EoI.

Applications should be addressed to Director General, Livestock Breeding and Veterinary Department, by emails: **ir.lbvd@gmail.com** and **lbvddgstaffoffice@gmail.com** before 21-3-2019.

For any quires, please contact Tender Committee, LBVD, Tel: 067 3418573 and 067 3408044 during office hours .

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၉ ခုနှစ် မတ်လ ၂ ရက်နေ့ (တောင်သူလယ်သမားနေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာန

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ တောင်ကြီးတက္ကသိုလ်၏ အစီအစဉ်ဖြင့် ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်မှ အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းအမည်**
စီးပွားရေးလုပ်ငန်းဥပဒေဒီပလိုမာသင်တန်း
(Diploma in Business Law Course No.1)

၂။	**သင်တန်းဝင်ခွင့်အရည်ချင်း**	- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူများ
၃။	**သင်တန်းကာလ**	- (၉)လ
၄။	**DBL လျှောက်လွှာ စတင်ရောင်းချမည့်ရက်**	- ၁၄-၃-၂၀၁၉ရက် (ကြာသပတေးနေ့)
၅။	**DBL လျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်**	- ၄-၄-၂၀၁၉ရက် (ကြာသပတေးနေ့)
၆။	**လျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာလက်ခံမည့်နေရာ**	- လှိုင်လင်ဆောင်၊ ဥပဒေပညာဌာန တောင်ကြီးတက္ကသိုလ်
၇။	**ဆက်သွယ်ရန်လိပ်စာ**	- လှိုင်လင်ဆောင်၊ ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်
၈။	**သင်တန်းချိန်**	- နံနက် ၇း၀၀နာရီမှ ၉း၀၀နာရီ (တနင်္လာနေ့)မှ (သောကြာနေ့)
၉။	**ဆက်သွယ်ရန်ဖုန်း**	- ၀၉-၅၁၁၇၁၂၂၊ ၀၉-၄၀၄၁၆၈၅၀၀

မှတ်ချက်။ လျှောက်လွှာဝယ်ယူရာတွင် ဘွဲ့လက်မှတ်မူရင်း ယူဆောင်လာပါရန်။
လျှောက်လွှာတင်သည့်အခါတွင် လိုအပ်သော စာရွက်စာတမ်းများ
(၁) ဘွဲ့လက်မှတ်မိတ္တူ (၂)စောင်၊ (ဘွဲ့မူရင်းပြရန်)
(၂) ဓာတ်ပုံ (၅)ပုံ

သင်တန်းဝင်ခွင့် စာမေးပွဲစစ်ဆေးမည့်ရက်၊ အချိန်နှင့်နေရာကို လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်တွင် ဥပဒေပညာဌာန၌ ကြေညာပါမည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံစုံးဒေသ ၄၂ ဒသမ ၆၈ စတုရန်းကီလိုမီတာတွင် ဘိလပ်မြေထုတ်လုပ်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါဖွင့်ရက်နှင့်ပိတ်ရက်**

တင်ဒါဖွင့်ရက် - ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ၀၉း၃၀ နာရီ
တင်ဒါပိတ်ရက် - ၂၆-၃-၂၀၁၉ ရက် (အင်္ဂါနေ့) ၁၆း၃၀ နာရီ

၃။ စိတ်ဝင်စားသည့် ကုမ္ပဏီများသည် တင်ဒါလျှောက်လွှာပုံစံကို ဝန်ကြီးဌာန Website (www.mining.gov.mm)တွင် အခမဲ့ Download ရယူနိုင်ပြီး အသေးစိတ်သိလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၁၄၀၃၅၊ ၀၆၇-၄၁၄၅၄၁
e-mail -dgsejvsec@ gmail.com
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(သတ္တုရေးရာ)
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်
ရာဇသင်္ဂဟလမ်း
နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တွင် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Lot-1 တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ (၁၂၈) ဧက
အလယ်ကယန်း ကျေးရွာအုပ်စု
(ဆီဘူး၊ ကဖု၊ သာအောက်၊ ခွီးတလုတ်)
(ခ) Lot-2 ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ (၉၀) ဧက
မိုင်းလွေကျေးရွာအုပ်စု၊နတ်မှတ်ကျေးရွာ
(ဂ) Lot-3 တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ (၆၀) ဧက
အိုက်လုံကျေးရွာအုပ်စု၊ ဟာကြားမုဒိကျေးရွာ
(ဃ) Lot-4 တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ (၉၀) ဧက
မိုင်းဟဲကျေးရွာအုပ်စု၊ကာန၊ နားမွန်ကျေးရွာ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၉ရက်
(ခ) **တင်ဒါရောင်းချမည့်နေရာ** - အမှတ်(၄)ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးရုံး၊ တောင်ကြီးမြို့
(ဂ) တင်ဒါပိတ်မည့်ရက် - ၁၅-၃-၂၀၁၉ရက်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၂-၃-၂၀၁၉ရက်
(င) **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမှတ်(၄)ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ တောင်ကြီးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ဖုန်း-၀၈၁-၄၅၄၄၂၊
၀၉-၅၂၁၄၃၆၀

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄) (မော်လမြိုင်)

Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄) (မော်လမြိုင်)မှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအပ်ငွေဖြင့်ဆောင်ရွက်မည့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ထုံးအိုင်-မိန်းမလှကျွန်း-ဖအွံ့-ဖဲကတာလမ်းပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Mini Bored Pile တူးစက်ငှားရမ်းတူးခြင်းလုပ်ငန်းများ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၄-၃-၂၀၁၉ ရက်မှ ၁၈-၃-၂၀၁၉ ရက်အထိ ရုံးချိန်အတွင်း တံတားအထူးအဖွဲ့(၁၄)ရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၅၁၅၆၄၄၉၊ ၀၉-၄၄၉၀၀၀၈၀၆တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၃-၂၀၁၉ ရက် ညနေ ၃း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၉-၃-၂၀၁၉ ရက် နံနက် ၁၀း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ကရင်ပြည်နယ်၊ ဘားအံမြို့

တင်ဒါကော်မတီ
တံတားအထူးအဖွဲ့(၁၄) (မော်လမြိုင်)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ဝင်ဝကျေးရွာ၊ အထက၊ ဒုတိယတန်းမှ မဖြူစင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ၅/မကန(နိုင်)၀၆၁၉၅၀ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်အောင်**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/နန္ဒသူ)၊ ဦးပိုင်အမှတ်(၁၁၃)၊ ဧရိယာ ၀ ဒသမ ၁၁၁ဧကအား ဒေါ်ဝင်းကြည် (ဘ) ဦးညီပု ၉/တကန(နိုင်)၀၃၄၂၅၈ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၈၅/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ဦးစံတင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ငယ်ငယ်စံ ၅/ကလထ(နိုင်)၁၄၇၁၃၆၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၅၀၇၃၃၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဓယ/၂၇၈၇၅ (Yamaha Ray) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ပေ ၅/ကလထ(နိုင်)၀၈၉၃၈၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေးမြို့)

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ကံကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၂)၊ ဦးပိုင်အမှတ်(၈/ခ-၂)၊ မြေဧရိယာ၀ဒသမ ၁၈ဧကရှိယာမြေအား ဦးအောင်အောင် ၉/ပဘန(နိုင်)၀၀၂၄၅၈ မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဓယ/၇၄၀၁၆ (Honbo -110) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုလင်း ၅/ကလဝ(နိုင်)၀၁၀၅၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေးမြို့)

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ကံကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်အမှတ် (၈/ခ-၁)၊မြေဧရိယာ ၀ ဒသမ ၂၁ဧကရှိယာမြေအား ဒေါ်မီမီငယ် ၉/ပဘန(နိုင်)၀၀၀၄၉၇ မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/7713 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K-2406 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

"အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ ၊ ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်အရှင်မြတ် ဦးဆောင်၍ "အရဟံ စေတီ"တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတော်တင်လှူပါမည်။တစ်ဦးလျှင် ကျပ်တစ်သိန်း မှုဖြင့်ကုသိုလ်ပါဝင်နိုင်ပါသည်။ [စေတနာ သဒ္ဓါထက်သန်ပါက ပိုမိုလှူဒါန်းနိုင်ပါသည်။]

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူး ဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်။ ဖုန်း ၀၉ ၇၈ ၇၈ ၇၇ ၉၆၉ [ဘဏ်မှ လွှဲပို့လိုပါက မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ်အကောင့်အမည် အရှင်အာစာရာလင်္ကာရ ၀ ၇၀ ၃၀ ၁၀ ၁၆၀၀ ၅၁ ၄၀၀ ၁]

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၄ရက်မှ တပေါင်းလဆန်း ၆ရက်အထိ) ၅-၃-၂၀၁၉ မှ ၁၁-၃-၂၀၁၉ ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများစာရင်းပေးသွင်းနိုင်ကြပါသည်။

နေ့ယောဂီများ လက်ခံပါသည်။

အရုဏ်ဆွမ်း-၄၀၀၀ဝိ/-၊ နေ့ဆွမ်း-၆၀၀၀ဝိ/-၊ အချိုပွဲ၊ အချိုရည်များ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၄၄၃၁၄၇၁၄၃

ဒေါ်ဝင်းဝင်း ဦးစီးသော
ဂယာရွှေပြည်
ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့
သီရိလင်္ကာ $1350 ဂယာ
(၇) ရက် ခရီးစဉ် (၁၅) ရက် ခရီးစဉ်
ဧပြီ ၁၁ (သင်္ကြန်) မတ် ၂၁ (သုံးဦးလို)
မေ ၁၈ (ကဆုန်လပြည့်) ဧပြီ ၁၁ (သင်္ကြန်)
အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။
ဖုန်း: ၀၁-၂၂၁၅၈၆၊၀၉-၉၅၃၈၃၉၀၇၀၊ ၀၉-၄၂၃၉၄၃၉၅၄

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ရန်ကုန်မြို့နေ စစ်တွေမြို့နယ်သူ/သားများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန်-(၁၇-၃-၂၀၁၉)တနင်္ဂနွေနေ့၊ နေ့လည်(၁)နာရီ၊

ကျင်းပမည့်နေရာ-ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားအလယ်ပစ္စယံ၊ ဗဟန်းမြို့နယ်။

(၂၀၁၇-၁၈)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် (၄)ဘာသာ နှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး (၂၈-၂-၂၀၁၉)နေ့တွင် အသင်းဝင်(၁)နှစ်ပြည့်ပြီးသည့် အသင်းဝင်များ၏ သား/သမီးများအမည်၊ မြန်မာနိုင်ငံစာစစ်ရုံမှ အမှတ်စာရင်းမိတ္တူ၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးနာယက၊ အမှုဆောင်များ၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ကို (၈-၃-၂၀၁၉)နေ့နောက်ဆုံးထား၍ အောက်ပါ ပုဂ္ဂိုလ်များထံသို့ စာရင်းပေးသွင်းကြပါရန်။ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များနှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်(၂၀၀၃၀၂၀၀၄၀၁၂၃၇၅၀၁)သို့ ပေးပို့လှူဒါန်းနိုင်ကြပါသည်။

၁။ ဦးရွှေသိန်းကျော်	၀၉-၅၀၀၂၇၉၅	၄။ ဒေါ်ဦးသိန်းညွန့်	၀၉-၃၆၀၅၆၃၈၈
၂။ ဦးစောမောင်သိန်း	၀၉-၂၅၀၀၃၂၆၈၄	၅။ ဒေါ်သန်းအေး	၀၉-၄၃၀၆၄၃၉၇
၃။ ဦးကျော်သန်းဦး	၀၉-၄၂၅၂၇၅၃၁၆		

အလုပ်အမှုဆောင်အဖွဲ့
စစ်တွေမြို့နယ်အသင်း(ရန်ကုန်)

နိဗ္ဗာန်အကျိုးမျှော်၍ နှီးဆော်အပ်ပါသည်

၁။ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး၏ မကိုဋ်မှုတော်၊ ဥဏှာလုံမွေရှင်တော်၊ မှီအုန်းတော်၊ ခြေတော်ရာ၊ နှစ်ဆူအပါအဝင်၊ သင်္ကန်းတော်လုံးတော်ပြည့် ရွှေစင်ရွှေချ်ကပ်ပါး (၄၇၉၉ ဆိုင်း)၊ ကပ်လှူခြင်းကို စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၁-၁-၂၀၁၉ ရက်တွင် ပြီးစီးခြင်းသို့ ရောက်ရှိပြီးဖြစ်ပါ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချမင်္ဂလာ အခမ်းအနားအား ၃-၃-၂၀၁၉ ရက် နံနက် ၈း၀၀ နာရီတွင် ဘုရားကြီးရင်ပြင်တော်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်အပေါင်းအား တက်ရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ အခမ်းအနားပြီးစီးပါက ၀၉း၃၀ နာရီတွင် ပင့်ဖိတ်ထားသည့် ဆရာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူရန်ရှိပါ၍ လောင်းလှူလိုသည့် အလှူရှင်များအားလည်း အသိပေး ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၅၅၄၆၈၄

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို...
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး..
ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဥဘိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။

"တတ်တိုင်၊ သင်၍ သင်တိုင်၊ တတ်စေအံ့"
ဂုဏ်ထူးဦးသိန်းနိုင်
[ဝိဇ္ဇာ။ တန်းစဉ်မြန်မာစာဂုဏ်ထူး]
အစဉ်အလာကြီးမားလှစွာသော... မေ
သဒ္ဒါနှင့် စာစီစာကုံး တန်းခွဲများစွာ
(စတုတ္ထတန်း၊ အလယ်တန်း၊ အထက်တန်းများ)
● ဆရာကြီးကိုယ်တိုင်သင်သည်။
● ဤနွေ၃ လနှင့်ပင်မြန်မာစာကို အခြေခံကျကျတတ်မြောက်စေသည်။
● အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း သင်ရိုးပြတ်တန်းခွဲများ
မှတ်ချက်။ ယခင်နှစ်တွင် နေရာမရလိုက်သူများကို အထူးဦးစားပေးပါမည်။
မတ် ၉ ဖွင့်မည် ကျောင်းအပ်လက်ခံပြီ
ဂုဏ်ထူးမြန်မာစာ အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်။
ဖုန်း ၀၉၅၀၁ ၂၆၁၁၊ ၀၁ ၃၇၅၅၀၉၊

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၃၅၉၄ Honda Wave 100ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၁၀/မလမ (နိုင်)၀၇၃၂၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၆၆၄၅ Honda Wave NF 125 MS ယာဉ်လက်ဝယ်ရှိသူ ဦးညိမ်း ၁၀/သဖရ (နိုင်)၀၆၆၀၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

မြေငှားရန်ရှိသည် (ပဲခူးဘုရားကြီး)

ရွှေပြည်အေးရပ်ကွက်၊ ဇောင်းတူ-ဘုရားကြီးကားလမ်းမဘေး (အမြန်လမ်းမလမ်းခွဲ)၊ မြေ (၅)ကေခန့်၊ နှစ်ရှည်ငှားမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၃၁၃၇၊ ၀၉-၇၃၂၅၀၁၄၀၊ ၀၁-၉၀၁၀၇၃၈ (ရုံးချိန်အတွင်းသာ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (FMI-၈)၊ မြေကွက်အမှတ် (၈၂၀)၊ ဧရိယာ ၀ဒသမ၃၄၄ဧက၊ မြေကွက်တည်နေရာအမှတ် ၈၂၀ (L.၆၅)၊ ခရေပင်လမ်း၊ FMIအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ဦးစိုင်းစိုးတင်ဝင်း ၁၃/လရန(နိုင်)၀၀၃၃၆၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုင်းစိုးတင်ဝင်း(မောင်)လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် အစ်မများဖြစ်ကြသော ၁။ ဒေါ်နန်းလွန်းစိန် ၁၃/လရန(နိုင်)၀၂၈၀၅၀၊ ၂။ဒေါ်နန်းတင်တင်ယဉ် ၁၃/လရန(နိုင်)၀၂၈၀၅၃၊ ၃။ ဒေါ်နန်းထွေးထွေးယဉ် ၁၃/လရန(နိုင်)၀၀၃၃၆၆ တို့၏ အစ်မအရင်းများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နှစ် ၆၀ ဂရန်မူရင်း၊ အမည်ပေါက်သေဆုံးကြောင်း ဖော်ပြထားသည့်စာရွက်မှာ မှန်ကန်ကြောင်း ထိုင်ဝမ်သံရုံး၏ထောက်ခံစာ၊ ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ၁။ ဒေါ်နန်းလွန်းစိန်၊ ၂။ ဒေါ်နန်းတင်တင်ယဉ်တို့ထံမှ GP လွှဲစာအမှတ် ၁၇၃၇/ ၂၀၁၇ (၁၆-၂-၁၇) ဖြင့် ပါဝါရရှိထားသူ ဒေါ်နန်းထွေးထွေးယဉ် ၁၃/လရန(နိုင်)၀၀၃၃၆၆မှ ၄င်းကိုယ်တိုင်နှင့် ကျန်(၂)ဦးတို့ကိုယ်စား အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၉၅၃၈၇ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်နွယ်ဦး ၁၀/မလမ(နိုင်)၀၈၃၂၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်လတ် ၁၂/ရကန(နိုင်)၀၆၁၈၃၂၏ သင်္ဘောသား (C.D.C) No. 76290 ၏ C.D.C, All in one, PSCRV, Medical Book များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၅၃၄၆၂၆

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၇)၊ ဦးပိုင်အမှတ် (၃)၊ ၆၇×၆၈လမ်းကြား၊ ပျူစောထီး×ကျန်စစ်သားလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးရွှေထွန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၂၀/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ခင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၄၁/၂၀၁၈)ဖြင့် ဝယ်ယူခဲ့သူ ဦးခွန်အောင်ဇော်နေမျိုး ၁၃/တကန(နိုင်)၀၀၀၂၀၅က တောဂရန်အမှုတွဲအမှတ် ၁၂၈၀/၉၀-၉၁ကိုတင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားမှုအား ဌာနမှစိစစ်ခဲ့ရာ ပယ်ဖျက်ရန်လိုအပ်သည့် ဦးရွှေထွန်းအမည်ပေါက် တောဂရန်အမှုတွဲအမှတ် (၆၅၆၆/၉၀-၉၁)အား ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၉၂၃၆ China Super cup ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအေးကိုကို ၁၀/မဒန(နိုင်)၁၆၁၅၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8156 Toyota Ipsum ACM 21 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယောက်မကြောင်း ၁၃/လရန(နိုင်)၂၃၁၈၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၁)၊ ဦးပိုင်အမှတ်(၉၆)၊ ၆၀A×၆၁ လမ်းကြား၊ ယောမင်းကြီးလမ်း×သခင်ဖိုးလှကြီးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၄၁၇၅/၂၀၀၅)ဖြင့် ပေးအပ်ခြင်းကို လက်ခံသူ ဦးဝင်းမြင့်၊ ဦးဝင်းချစ်၊ ဒေါ်ခင်အုန်းဝင်း၊ ဦးဝင်းတင့်၊ ဒေါ်ခင်ပြုံးဝင်းတို့ (၅)ဦးအနက် ဦးဝင်းချစ် ပါ(၄)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၁၆၃၈/၂၀၁၈)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးဝင်းမြင့် ၉/မနတ(နိုင်)၀၂၁၄၃၅က ငွေသွင်းပြေစာပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးမြင့်ဇော်၏သား မောင်ဉာဏ်မျိုးလင်းနှင့် မောင်အောင်ကောင်းမြတ်တို့၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၀၀၅၀၂

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ အကွက်အမှတ် (၆/၂၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၃၁)၊ မြေယာအမှတ် (31)၊မြေဧရိယာ ၀ ဒသမ ၀၂၉ဧကရှိ မြေကွက်အား ဒေါ်ယဉ်ယဉ်မြ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အိမ်ဟောင်းဖျက်၍ လူနေအိမ်ဆောက်လုပ်ရန်အတွက် ဒေါ်ယဉ်ယဉ်မြ ၉/မမန(နိုင်)၀၇၄၃၆၉မှ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်မြ
အကွက်အမှတ် (၆/၂၊ နန္ဒဝန်)၊ ရပ်ကွက်ကြီး (၉)၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၁၀၃၉ Honda Wave 125ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသောင်း ၁၀/သဖရ(နိုင်)၀၃၄၇၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9704 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အကွက်အမှတ် (၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ် (၁၉၂-က/၂)၊ မြေယာအမှတ် (49/331-E)၊ မြေဧရိယာ ၀ ဒသမ ၀၄၉ဧကရှိမြေကွက်အား ဒေါ်ခင်ဌေးဝင်းအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် လူနေအိမ်ဆောက်လုပ်ရန်အတွက် ဒေါ်ခင်ဌေးဝင်း ၉/မမန(နိုင်)၀၂၀၄၇၁မှ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေးဝင်း
အကွက်အမှတ် (၁၆/မီးကြာရိုးတောင်)၊ ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့၊ ဆင်မ်ဆာ့ရပ်ကွက်၊ အကွက်အမှတ် (၂)၊ ဦးပိုင်အမှတ် (၁၅၂)၊ မြေဧရိယာ ၀ ဒသမ ၂၃၇ဧကရှိမြေကွက်အား ဦးကိုင်ဂျီးဂမ်ဖန် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်လျက်ရှိပြီး မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၃-၉-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၆/၂၀၁၇ အဖြစ်ပြုဆိုတင်ပြလျက်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တနိုင်းမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/9069 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

မျက်နှာစာအကျယ်ပေ(၅၀၀)ခန့်၊ နေရာကောင်း၊ နေပြည်တော်မြို့မဈေးသွား လမ်းမကြီးဘေး ပိုင်ဆိုင်မှု ခိုင်မာသည့် ဂရန်မြေ ကိုးကေခန့်မြေကွက်ကြီးအားရောင်းမည်။ 09-2039566, 448548778, 8300442

Certificate TH18/11153 LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည် အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 005394(0519)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH18/11152
ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၆ တဆထလ(တိုး)၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
တကက - ၁၃/၂၂/၂၇၅
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4 - skills၊ ဝန်းချီ၊ တွန်ဖျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်၊
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်၊ (ကျောင်းကားရှိသည်၊)
■ (၄)ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်၊
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725, 09 7938 93726 , 09 5157988
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဦးမောင်ညို နှင့် ဒေါ်စိုးစိုး ပါ(၈၂)ဦး
တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၅၀)၊ ၃၃×၃၄ လမ်းကြား၊ ၇၀×၇၁ လမ်းကြားနေ တရားပြိုင်အမှတ် (၆၄) ဒေါ်တုတ် နှင့် တရားပြိုင်အမှတ်(၆၅) ဒေါ်သင်းခိုင် (ဘ)ဦးစိုးမြင့်(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုကအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် မတ် ၁၁ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်လွင်)
ဒုတိယခရိုင်တရားသူကြီး(၈)
မန္တလေးခရိုင်တရားရုံး

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လက်ချ်မီး ၁/ဝမန(နိုင်)၀၄၈၆၁၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၅၁၀၀၈**

အမည်မှန်နှင့်မိဘအမည်မှန်

တနိုင်းမြို့၊ အထက (၁)၊ နဝမတန်း (B) မှ မလီလီဝင်း၏ အမည်မှန်မှာ မလီမာဝင်းဖြစ်ပြီး၊ ၎င်း၏မိဘအမည်မှန်မှာ ဦးခွန်းအောင်နှင့် ဒေါ်ထိုင်သော ဖြစ်ပါသည်။

မှတ်ပုံတင်အမှန်

တမူးမြို့၊ စော်ဘွား (၉)ရပ်ကွက်နေ မောင်မင်းသုဝေ၏ဖခင် ဦးစိုးမင်း၏ မှတ်ပုံတင်အမှန်မှာ ၅/မရန(နိုင်)၀၅၁၁၇၈ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ မြို့မရပ်ကွက်နေ အမက(၅)မှ အထွေထွေလုပ်သား ဦးအောင်ကြည် (ခ) ဦးသန်းငွေ ၅/ခဥတ(နိုင်)၀၀၃၄၀၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၅-၁၉၅၈ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/3995 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/5973 Nissan Diesel, Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်သန်း ၅/မရန(နိုင်)၂၂၁၃၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (မုံရွာ)

ကိုချစ်ကို
အိမ်ခြံမြေအကျိုးဆောင်မှ
အုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ဈေးကောင်းပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-423224544
09-5094084
အချိန်မရွေးဆက်သွယ်ပါ။

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စိစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

ဖုန်းလိမ်လည်ထုတ်ယူသူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် Excel Tower ၊ (၂)လွှာ၊ အခန်းနံပါတ် (0227) ရှိ ကျွန်ုပ်၏မိတ်ဆွေ Rain Princess Co.,Ltd. ၏ (M.D) ဒေါ်ဥမ္မာကျော် ၁၂/ဥကမ(နိုင်)၁၆၄၆၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာကျော်သည် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုမ္ပဏီနှင့်ပတ်သက်သော လုပ်ငန်းများတွင်အသုံးပြုရန်အတွက် ဒေါ်ဥမ္မာကျော်၏အမည်ဖြင့် မှတ်ပုံတင်ထားသော MPT Sim Card No.09250768016 အား ကိုင်ဆောင်သုံးစွဲနေစဉ်(၁၀-၂-၂၀၁၉)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၆၆)၊ Power Mobile ဖုန်းဆိုင်တွင်အခြားသူတစ်ဦးမှ မိမိသည် ကိုအာကာ ၁၂/ရကန(နိုင်)၀၈၅၈၆၈ ဖြစ်ပြီး ဒေါ်ဥမ္မာကျော် မောင်၏သူငယ်ချင်းဖြစ်ကြောင်း၊ အချင်းဖြစ်ဖုန်းမှာ ပျောက်သွား၍ ဆက်သွယ်ခေါ်ဆိုခဲ့သော ဖုန်းနံပါတ်အမှန်များနှင့် စာချုပ်အမည်ပေါက် အမည်အမှန်အားပြောကာ ပြန်လည်ထုတ်ယူမည့်အကြောင်း၊ လိမ်လည်ပြောဆို၍ ယင်းအချင်းဖြစ်ဖုန်းအား ထုတ်ယူသွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ လက်တွင်းရှိ အချင်းဖြစ်ဖုန်းမှာ ယင်း ၁၀-၂-၂၀၁၉ ရက်တွင်ပင် ပြတ်တောက်သွားခဲ့ပါသည်။

လွန်ခဲ့သော သုံးလခန့်မှစ၍ Lock ကျသွားပါသဖြင့် ကျွန်ုပ်မိတ်ဆွေအသုံးမပြုတော့သည့် Facebook, Account Apple Apple ကိုလည်း ဖုန်းလိမ်လည်ထုတ်ယူသူမှပင် ယင်း account အား အသုံးပြုနေပါသည်။ ဖုန်းလိမ်လည်ထုတ်ယူသူသည် ယင်း Account အားအသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ မိတ်ဆွေများထံမှ ငွေများလိုက်လံချေးယူနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ အချင်းဖြစ်ဖုန်းအား ဖုန်းလိမ်လည်ထုတ်ယူသူ အသုံးပြုခဲ့သော ၁၀-၂-၂၀၁၉ ရက်မှ ၁၃-၂-၂၀၁၉ရက်အထိ အချင်းဖြစ်ဖုန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးနှင့် အခြားကိစ္စအဝဝတို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဥမ္မာကျော်နှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်းနှင့် ဒေါ်ဥမ္မာကျော်မှလည်း လက်ခံဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

၎င်းအပြင် ကျွန်ုပ်မိတ်ဆွေ အသုံးပြုခြင်းမရှိတော့သည့် Facebook Account Apple Apple ကိုလည်း ဖုန်းလိမ်လည်ထုတ်ယူသူမှပင် အသုံးပြုနေသောကြောင့် နောက်နောင်တွင် ယင်း Account နှင့်ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ယင်း Account အားအသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားပျက်စီးအောင် ဆောင်ရွက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ပါက ဥပဒေအကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖုန်းလိမ်လည်ထုတ်ယူသူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နွဲ့ရီ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၅)
တိုက် (၉)၊ အခန်း (၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၉၃၅၆၆၃၇၀

ဖုန်းလိမ်လည်ထုတ်ယူသူနှင့်အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၆၆)ရှိ Power Mobile Centre မှ ပိုင်ရှင် ဒေါ်စောမြနှင်း ၉/မနမ(နိုင်)၀၀၀၄၁၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်စောမြနှင်း ပိုင်ဆိုင်ဖွင့်လှစ်ထားသော အထက်လိပ်စာပါ Power Mobile Centre တွင် ၁၀-၂-၂၀၁၉ရက်၌ ဒေါ်ဥမ္မာကျော် ၁၂/ဥကမ(နိုင်)၁၆၄၆၄၉ အမည်ဖြင့် မှတ်ပုံတင်ထားသော MPT Sim Card No. 09250768016 အား ကိုအာကာဆိုသူမှ မိမိသည် ကိုအာကာ ၁၂/ရကန(နိုင်)၀၈၅၈၆၈ ဖြစ်ပြီး ဒေါ်ဥမ္မာကျော်မောင်၏ သူငယ်ချင်းဖြစ်ကြောင်း အချင်းဖြစ်ဖုန်းမှာပျောက်သွား၍ ဆက်သွယ်ခေါ်ဆိုခဲ့သော ဖုန်းနံပါတ်အမှန်များနှင့် စာချုပ်အမည်ပေါက် အမည်အမှန်အားပြောကာ ပြန်လည်ထုတ်ယူမည့်အကြောင်း လိမ်လည်ပြောဆို၍ ယင်းအချင်းဖြစ်ဖုန်းအား ထုတ်ယူသွားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်စောမြနှင်းမှစုံစမ်းရာတွင် ဒေါ်ဥမ္မာကျော်မှသိရှိစေခိုင်းခြင်းမရှိကြောင်း သိရှိရပါသည်။

လိမ်လည်ထုတ်ယူသူ ထုတ်သွားသော အချင်းဖြစ်ဖုန်းအား ယခုအခါ ဒေါ်ဥမ္မာကျော်မှပိတ်ပြီး ကတ်သစ်အားပြန်လည်ထုတ်ယူသွားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းဖုန်းနံပါတ်နှင့်ပတ်သက်သည့် Account နှင့်ကိစ္စအဝဝအား ဖုန်းလိမ်လည်ထုတ်ယူသွားသူမှ ဆက်လက်အသုံးပြုနေပါက ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖုန်းလိမ်လည်ထုတ်ယူသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နွဲ့ရီ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၅)
တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၉၃၅၆၆၃၇၀

ဝန်ထမ်း အမြန်အလိုရှိသည်

တောင်ဒဂုံ စက်မှုဇုန်(၂)ရှိ ရှမ်းနောင်ရိုးအထည်ချုပ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နိုင်ရန် စက်ချုပ်ကျွမ်းကျင် Supervisior မ(၁)ဦး အလိုရှိသည်။ အလုပ်ချိန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ၊ တစ်ပတ် တစ်ရက်ပိတ်၊ နေထိုင်/စားစရိတ်စီစဉ်ပေးမည်။ လစာညှိနှိုင်း၊ စိတ်ဝင်စားပါက ဖုန်းဆက်၍ ဆက်သွယ် မေးမြန်းနိုင်ပါသည်။ ၀၉-၅၂၄၁၃၉၅

GWH M&E Engineering Co,Ltd တွင်တာဝန်ထမ်းဆောင်ရန် ရေ/မီးကျွမ်းကျင် လုပ်သားများအလိုရှိပါသည်။

အမှတ်၅/(က)၊ မြဝတ်ရည်လမ်း၊ ၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ်တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း မနက် ၉ နာရီမှ ညနေ ၅း၃၀နာရီအတွင်း ကိုယ်ရေးအချက်အလက် အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၉-၇၉၇၃၈၉၁၉၁

ဦးစောညီညီသောင်း ၃/ကဆက(နိုင်)၀၂၂၉၆၆ သိစေရန် ကြေညာခြင်း

မြန်မာ့အလင်းသတင်းစာ ၁၅-၁၀-၂၀၁၈ရက်စွဲ၊ စာမျက်နှာ ၂၆ပါ သင်၏လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဌေးလွင်မှတစ်ဆင့် ကန့်ကွက်ကြောင်းကြေညာချက်အပေါ် ဦးစောညီညီသောင်း သိစေရန် ကြေညာလိုက်သည်။

ထားဝယ်မြို့၊ အနောက်/မြို့တွင်းရပ်ကွက်အုပ်စု၊ အနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ အနောက်အကွက်၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၁၈ဧက၊ ဦးအပ္ပန် အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (စည်ပင်အခွန်ထမ်း ဒေါ်ငို+ဒေါ်ဟိန်) အိမ်မှာ ဒေါ်ငို၊ ဒေါ်ဟိန်တို့၏ စီမံခွဲဝေမှုအတိုင်း သားသမီး၊ တူ/တူမ အရင်းများဖြစ်သည့် ကျွန်ုပ်၏အမှုသည်တို့ လက်ဝယ်စဉ်ဆက်မပြတ်တည်ရှိလာပြီး အိမ်မြေနှင့် အိမ်သော့မှာလည်း ကျွန်ုပ်၏အမှုသည်တို့ လက်ဝယ်ရှိနေပါလျက် သင်ကအိမ်မြေအတွင်း ဝင်ခွင့်ပင်မရှိဘဲ အိမ်ကိုပြုပြင်လာကြောင်း၊ အိမ်သော့လက်ဝယ်မရှိဘဲ အိမ်သော့လက်ဝယ်ရှိကြောင်း သင်၏လွှဲအပ်ချက်အရ ကြေညာချက်တို့မှာ မှန်ကန်မှုလုံးဝမရှိဘဲ ကျွန်ုပ်၏အမှုသည်တို့အား အနှောင့်အယှက်ပြုခြင်းသာဖြစ်ပါသည်။ သင်၏ဖနီး ဒေါ်စန်းစန်းအေး(ကွယ်လွန်)သည် မိခင်ဒေါ်ပိငိုထက်စော၍ ကွယ်လွန်ခဲ့ကြောင်း သင်သိရှိပါသည်။ ထားဝယ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄/၂၀၁၁တွင် သင်သည်သေဆုံးသူ ယောက္ခမ၏ ကျန်ရစ်သောအမွေကို ဆက်ခံရပိုင်ခွင့်မရှိဟု ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း သင်သိရှိပါသည်။ ကျွန်ုပ်၏အမှုသည်တို့နှင့်သင်သည် အမွေဆိုင်တစ်ဦးမဟုတ်သဖြင့် သင်အား ညှိနှိုင်းစရာအကြောင်း မရှိပါကြောင်းနှင့် ကျွန်ုပ်၏အမှုသည်တို့ လက်ဝယ်ရှိသော ထားဝယ်မြို့၊ အနောက်/မြို့တွင်းရပ်ကွက်အုပ်စု၊ အနောက်အကွက်၊ မြေကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၁၈ဧက၊ ဦးအပ္ပန်အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (စည်ပင်အခွန်ထမ်း ဒေါ်ငို+ဒေါ်ဟိန်)အိမ်မြေအတွင်းသို့ သင့်အနေဖြင့်သော်လည်းကောင်း၊ စီမံမှုအရသော်လည်းကောင်း၊ ကျော်နင်းနှောင့်ယှက်မှု တစ်စုံတစ်ရာ ပြုလုပ်လာပါက သင့်အားဥပဒေနှင့်အညီ တရားစွဲဆိုသွားရန် လွှဲအပ်ပြီးဖြစ်ကြောင်း သိစေလိုက်သည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
၁။ ဒေါ်နွဲ့နွဲ့အေး(ခ)ဒေါ်ဝါနူး	**ဦးရဲနိုင် (LL.B)**
၆/ထဝန(နိုင်)၀၅၁၀၃၈	**အထက်တန်းရှေ့နေ**
၂။ ဒေါ်ရီရီအေး(ခ)အရှန်နူး	**စဉ်-၄၈၅၅၈/၁၇**
၆/ထဝန(နိုင်)၀၆၅၄၀၃	**ဖုန်း-၄၅၄၃၈၉၀၂၈**
	အမှတ်(ည/၆၄) ကျွန်းမွေး(၁)လမ်း၊
	ထိန်သစ်ရပ်၊ ထားဝယ်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၂၀၄)နေ U Ragamdarum ၊ ဒေါ်အီယူလာရီတို့၏ သား မောင်ထွန်းအေး (ခ) ထွန်းဝင်းသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘညီအစ်ကိုမောင်နှမများအား ရိုင်းစိုင်းစွာပြုမူဆက်ဆံခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည့်အလုပ်များပြုလုပ်ခြင်း၊ မိဘများ လက်မခံနိုင်သော လုပ်ရပ်များအား ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး နောက်နောင်တွင် မောင်ထွန်းအေး (ခ) ထွန်းဝင်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်အား မိဘများမှတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘိုဘိုအောင် (စဉ်-၃၃၀၄၂)
အထက်တန်းရှေ့နေ
ကျိုက္ကနာကျေးရွာ၊ ထန်းထပင်မြို့

ရတနာစံအိမ်
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09443888081
09428773388

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၈၉၅၄၄ Honda Dream ND 125 m ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ရဲထွဋ် ၁၀/ခဆန(နိုင်)၁၁၃၂၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၆၃၈၇ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောပြည့်မာလာဝေ ၉/ခမစ(နိုင်)၀၅၉၄၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/8240 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော

Jewellery & Luxury Mall

ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းတိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော *Times Mall* လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

Level-1	*တစ်စတုရန်းပေ*	*5 $*
Level-2	*တစ်စတုရန်းပေ*	*3.5 $*
Level-3	*တစ်စတုရန်းပေ*	*3 $*
Level-4	*တစ်စတုရန်းပေ*	*2.5 $*
Level-5	*တစ်စတုရန်းပေ*	*2.5 $*

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ	- Times City ၊ ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ	- 09-765800800 , 09-764800800 , 09-5045777
Website	- http://www.timescity.com.mm
Facebook	- Times City Yangon - Myanmar
Email	- timescityproject@gmail.com

နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်မှီ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ်
ကက-၁၃/၀၉/၀၂၈

မိဘများ၏တောင်းဆိုချက်အရ ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ **မူလတန်း** တန်းခွဲသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံနေပါပြီ။

ဝိုင်ဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) မောင်မင်းခန့်မွန် (၂၀၁၆-၁၇)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း ▪ ဘော်ဒါ ▪ နေ့ကျောင်း + Guide တန်း(တဝက်ဘော်ဒါ)
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့်လက်ခံ ပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းအပ်နှံမှု စိတ်ချရပါမည်။

၁၀-တန်း တန်းခွဲများ မတ်လ (၂၃)ရက်နေ့ စမည်။

သင်ကြားမှုထိရောက်စေရန် ရည်ရွယ်၍ စာသင်ချိန် + Guide ချိန်များ အပါအဝင် ကျောင်းချိန် 8:30 AM မှ 3:00 PM အထိ သတ်မှတ်ထားပါသည်။

လုံခြုံစိတ်ချရသော ဖယ်ရီကားများဖြင့် ကြို/ပို့ လုပ်ပေးပါမည်။

မူလတန်းသင်ကြားရေး

- သင်ကြားရေးပိုင်းတွင်လည်း စနစ်သစ်မူလတန်းသင်တန်းများတွင် ပြည့်စုံအောင် သင်တန်းတက်ရောက်ခဲ့ပြီးသော ဝါရင့်ဆရာ/မများမှ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးပြည့်စုံအောင် သင်ကြားပေးခြင်း။
- အစိုးရသင်ရိုးနှင့်တွဲဘက်၍ နိုင်ငံတကာသင်ရိုး (Cambridge Primary) တွဲဖက်သင်ကြားပေးခြင်း။
- KG မှ စတုတ္ထတန်းအထိသင်ကြားမှုတွင် အစိုးရသင်ရိုးပြဋ္ဌာန်းချက်များအပြင် ထပ်မံသင်ကြားပေးမည့် ဘာသာရပ်များ
  4 skill (English) အခြေခံကွန်ပျူတာ
  အခြေခံပန်းချီနှင့်အနုပညာ စာရိတ္တနှင့်ပြည်သူ့နီတိ
- ကလေးဗဟိုပြုသင်ကြားရေးနည်းစနစ် (သင်ရိုးသစ်) ကို အသုံးပြု၍ ကလေးတစ်ဦးချင်းစီကို သင်ကြားပေးခြင်း။ သင်ရိုးသစ်တွင် စာရိတ္တနှင့် စည်းကမ်းရှိမှု၊ သချာင်္စွမ်းရည်၊ သင်ယူမှုဆိုင်ရာစွမ်းရည်များ၊ အပြန်အလှန် ဆွေးနွေးမှုစွမ်းရည်များ၊ စဉ်းစားတွေးခေါ်ကြံဆမှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာသင်ယူမှုများပါဝင်ပါသည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၈၉၉၉၉၄၀၈၀၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၇၇၈၉၁၂၆၉၇

အမှာသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် ၈၉၇၊ မြေကွက်တည်နေရာအမှတ်၈၉၇၊ ပင်လုံလမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးဘိုးလှ၊ AH-၀၇၅၉၇၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးဘိုးလှကိုယ်တိုင်မှ ၎င်း၏နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ကန်ထရိုက်တာလက်ဝယ်တွင် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ မြို့နယ်ရဲစခန်းထောက်ခံချက်၊ ဂရန်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ၂၃-၃-၁၈ရက်တွင် ဂရန်မိတ္တူလျှောက်ထားခဲ့ပြီး သီးခြားသတင်းစာကြော်ငြာ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် အမှုတွဲအမှတ်-ဒဂမ/ဂရန်မိတ္တူ ၂၀၁၈၀၀၅၇၈၃/၁၈(၂၃-၃-၁၈)ဖြင့် ဦးဘိုးလှ (AH-၀၇၅၉၇၃)မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်မိတ္တူ) လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ်၉၁၇အရ ၁၁-၁၀-၉၄ရက်တွင် ထုတ်ပေးထားသည့် မူရင်းဂရန်စာအုပ်ကို ပျယ်ဖျက်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၆)၊ ဦးပိုင်အမှတ်၄၈၊ မြေဧရိယာ ၀ဒသမ၉၀ဧကရှိ ယာမြေအား ဒေါ်သိန်းသိန်းနိုင် ၉/မရမ(နိုင်)၀၂၃၃၉၀မှ လူနေထိုင်ရန် အဆောက်အအုံဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၂၁၀)၊ မြေဧရိယာ (၅)ဧကရှိ ယာမြေအား ဦးရဲမင်း ၁၂/ရကန(နိုင်)၀၆၇၇၅၆မှ အပန်းဖြေအိမ်ရာပြုလုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့**

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည်(၅၂/မရမ်းကုန်း)၊ ဦးပိုင်အမှတ် (၁၉၈က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၂ဧကရှိမြေသည် မြေခွန်တော်အမှုတွဲအမှတ် (V) ၁၂၀/၂၀၀၃-၂၀၀၄အရ ဒေါ်ညွန့်အမည်ဖြင့် နှစ်(၃၀)အငှားဂရန်အမည်ပြောင်းလဲခွင့်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၈-၅-၂၀၁၆ရက်တွင် ကုန်ဆုံးနေပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ညွန့်သည် ၁၇-၆-၂၀၀၂ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးဘိုးဆင်သည် ၅-၁-၁၉၉၉ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ၎င်းတို့တွင် တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန်းစန်းယုမှ မွန်ပြည်နယ်တရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်လွှာအမှတ် (၂၀၂၃/၂၀၁၆) ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၅၇၄/၂၀၁၆) ဖြင့် မှတ်ပုံတင်၍ စာချုပ်အမှတ် (၅၇၅/၂၀၁၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုခဲ့ပြီး ဒေါ်စန်းစန်းယုအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်းချထားပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရွှေဘိုခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ နဘက်ငယ်ကျေးရွာနေ မသူ(ဘ)ဦးကျော်သန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ကိုကျော်ဇင်ထွန်း(ဘ)ဦးတင်ဆွေ၊ တောင်သူ၊ နဘက်ငယ်ကျေးရွာ၊ တန့်ဆည်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လျှောက်သူ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ နဘက်ငယ်ကျေးရွာနေ ကိုကျော်ဇင်ထွန်း(ဘ)ဦးတင်ဆွေက ကွယ်လွန်သူ မသူ(ဘ)ဦးကျော်သန်း၏ တစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်သည်ဟူ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ နဘက်ငယ်ကျေးရွာနေ ၎င်းကွယ်လွန်သူ မသူ(ဘ)ဦးကျော်သန်းမှ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ မသူ(ဘ)ဦးကျော်သန်းမှ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၉ ခုနှစ် မတ် ၇ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလဆန်း ၂ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ကိုကျော်ဇင်ထွန်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိမော်)
ခရိုင်တရားသူကြီး
ရွှေဘိုခရိုင်တရားရုံး

ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ကျပ်ပြင်၊ အောင်သုခရပ်ကွက်၊ အမှတ်(၉၈)နေ ဦးလှသိန်းနှင့် ဒေါ်မြင့်မြင့်တို့၏သားကျွန်တော် ဦးပြေငြိမ်း၉/မကန(နိုင်)၀၉၂၄၉၉နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၅)လမ်း၊ အမှတ် (၃၇)နေ ဦးလေးမြင့်နှင့် ဒေါ်တင်မာရီတို့၏သမီး ဒေါ်သက်ထားဆွေ ၁၂/မဂတ(နိုင်)၀၉၅၇၆၉တို့သည် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ၁၈-၈-၂၀၁၄ရက်တွင် ရန်ကုန်မြို့ တိုင်းတရားရုံးချုပ်ကြီးတွင် စာရင်းသွင်းကွာရှင်းထားခဲ့ပြီးကြောင်း ကြော်ငြာအပ်ပါသည်။ သို့ပါ၍ နောက်နောက်တွင် သူမနှင့်ပတ်သက်သည့်ကိစ္စများ လုံးဝတာဝန်ယူမည်မဟုတ်ပါ။

ဦးပြေငြိမ်း ၉/မကန(နိုင်)၀၉၂၄၉၉

ဝယ်ယူရရှိနိုင်သောနေရာများ- ၉ မိုင် ဂေါက်ကွင်း၊ ဒညင်းကုန်းဂေါက်ကွင်း၊
Standard Golf Store ၊ Han Golf ၊ အင်းဝစာအုပ်ဆိုင် (ပန်းဆိုးတန်း)၊
စာပေဗိမာန်၊ စာပေလောက-၆၊ YCDC လေ့ကျင့်ရေးကွင်း၊ အင်ဂျင်နီယာအသင်း၊
တောင်ဥက္ကလာဂေါက်ကွင်းနှင့်လေ့ကျင့်ရေးကွင်း၊
မေမြို့ဂေါက်ကွင်း၊ တောင်ကြီးဂေါက်ကွင်း၊ ညီစာပေ (မန္တလေး)
ဖြန့်ချိရေး - ၂၂/၂၄ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်
ဖုန်း-09793949130၊ 09253325665
အောက်ပါစာအုပ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။

အရာတော်မြို့ (အထက)မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

